# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၁၀)ရက် ၊ သောကြာနေ့ ၊ (24-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၅)



ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ — စာမျက်နှာ - ၁၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပ — စာမျက်နှာ - ၁၆

၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ — စာမျက်နှာ - ၂၁


## အာဆီယံတူညီဆန္ဒ ငါးရပ်ဟုဆိုသော အာဆီယံထုတ်ပြန်ချက် ငါးရပ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်တွင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက မြန်မာ့အရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံက (၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကြံပြုချက်အချို့သည် အပြုသဘောဆောင်သည်ကို မှတ်သားထားပါကြောင်း၊ နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေပေါ်မူတည်၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ (၂) မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်နေသည့်အတွက် နိုင်ငံ့အကျိုးစီးပွားကို အခြေခံပြီး အကြံပြုချက်များကို အလေးထားစဉ်းစားပေးမည်ဖြစ်ကြောင်း၊ (၃) အကြံပြုချက်များသည် နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုပြီး အာဆီယံပဋိညာဉ်စာတမ်း၊ အာဆီယံနည်းလမ်း၊ အာဆီယံစိတ်ဓာတ်တို့ကို အခြေခံမည်ဆိုပါက အပြုသဘောစဉ်းစားသွားမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးအပြီးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်နောက်ဆက်တွဲအနေဖြင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံလုပ်ထုံးလုပ်နည်းများနှင့်သွေဖည်၍ အဖွဲ့ဝင်နိုင်ငံများ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ⚐

## Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၃

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်း ပါဝင်သည့်အုပ်စု(B)ပွဲစဉ်များအနက် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့် မလေးရှားအမျိုးသားဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ်ကို ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)


## အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံဧရိယာအတွင်း ပျက်စီးဆုံးရှုံးမှုများပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကြောင့် အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံဧရိယာအတွင်းရှိ ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးသဖြင့် ဓာတ်အားပေးစက်ရုံမှ စက်စွမ်းအားပြည့်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မောင်းနှင်လျက်ရှိပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည်

စာမျက်နှာ ၂၃ ကော်လံ ၁ ❍




အထက်ပေါင်းလောင်း ရေအားလျှပ်စစ်တမံနှင့် ဆက်စပ်အဆောက်အအုံပြပုံ။

## ဒက္ခိဏသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စေတီပုထိုးများပြိုကျပျက်စီးပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွာသစ် ကျောင်းရေဝင်ရောက်သဖြင့် ခေတ္တပိတ်ထား



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ) ရွာသစ်ကျောင်း ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၃

ဇူလိုင် ၂၂ ရက်နှင့် ယနေ့တို့တွင် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ်အတွင်း အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့သည်။ အဆိုပါမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကူနှစ်လုံးဆည်စုကျေးရွာအုပ်စု ဆည်စုကျေးရွာ ဂူနှစ်လုံးကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ဉာဏ်တော်အမြင့်ပေ ၃၀ရှိ


စာမျက်နှာ ၁၉ ကော်လံ ၁ ■

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊

စာမျက်နှာ ၁၉ ကော်လံ ၃ ●



## ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

မန္တလေး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသက်စိုးက အမှာစကားပြောကြားပြီး မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင် ဦးဆောင်ကာ အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းရှိ Grade-10 မှ ကျောင်းသား မောင်အောင်မင်းခန့်က "သင်ယူမှု၊ သင်ယူခွင့် ဖန်တီးပေးရေး"၊ Grade-9 မှ ကျောင်းသူ မရွှေစင်ခက "လူငယ်နှင့်နည်းပညာ"၊ Grade-9 မှ ကျောင်းသား မောင်ဝေယံပိုင်က "လူငယ်နှင့် စာဖတ်ခြင်း"၊ Grade-10 မှ ကျောင်းသူ မကြယ်စင်လှဲ့ဝေက "လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး"နှင့် Grade-10 မှ ကျောင်းသူ မပိုးဇာနည်ကျော်က "အမျိုးသမီးများ၏ အခန်းကဏ္ဍ" စသည့် ခေါင်းစဉ်ငါးရပ်ဖြင့် အသီးသီး ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းသို့ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ ချမ်းအေးသာစံမြို့နယ် ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် ဝန်ထမ်းများ၊ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသက်စိုးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

## စဉ့်ကိုင်မြို့နယ်၌ ဆိတ်ပလိပ်ရောဂါရှာဖွေနိုင်ရေး သွေးရည်ကြည်နမူနာကောက်ယူခြင်း ဆောင်ရွက်

စဉ့်ကိုင် ဇူလိုင် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက စဉ့်ကိုင်မြို့နယ်အတွင်း ဆိတ်ပလိပ်ရောဂါကင်းရှင်းကြောင်း ဖော်ထုတ်နိုင်ရေးအတွက် သွေးရည်ကြည် နမူနာကောက်ယူခြင်းကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက တပ်ကြီးကျေးရွာအုပ်စု တပ်ကြီးကျေးရွာ၊ မုန့်ပင်ကျေးရွာအုပ်စု ကန်ကြီးကျေးရွာ၊ ရွာသစ်ကျေးရွာတို့၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ကျော်ချမ်းညိမ်းက ဆိတ်ပလိပ်ရောဂါ လက္ခဏာများအကြောင်း၊ ကူးစက်ပြန့်ပွားပုံနှင့် ကာကွယ်ကုသနိုင်မည့် နည်းလမ်းများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ ကျော်ချမ်းညိမ်းနှင့် ဝန်ထမ်းများက တပ်ကြီးကျေးရွာအုပ်စု တပ်ကြီးကျေးရွာ၊ မုန့်ပင်ကျေးရွာအုပ်စု ကန်ကြီးကျေးရွာနှင့် ရွာသစ်ကျေးရွာတို့ရှိ ဆိတ်အကောင်ရေ ၄၅ ကောင်ကို Clinical Survey ကောက်ယူခြင်းနှင့် သွေးရည်ကြည်နမူနာရယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၀၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဝက်လက် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၀၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၄၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၀၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်း ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## သာစည်မြို့နယ် ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

သာစည် ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးကန်ကျေးရွာအုပ်စု ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ယင်းမာရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၃ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများ တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇွန်လအတွင်း ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်က ထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော်မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်တာတွေ ရှိနေပါတယ်။ လတ်တလောအနေနဲ့ ညှော်မထဆန်က အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ညှော်မထဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ(ဓမ္မစကြာအခါတော်နေ့)

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

ဝါဆိုလသည် မြန်မာ့ဆယ့်နှစ်လတွင် စတုတ္ထမြောက်လဖြစ်ပြီး ဒုတိယမိုးလဖြစ်သည်။ လယ်ယာမြေတစ်ခွင်တွင် စိမ်းမြမြစပါးပင်များက မြကမ္ဗလာကြီး ခင်းထားသည့်အလား နှလုံးသားကို အေးမြခံစားကြရသည်။ ဝါဆိုဝါခေါင်ရေဖောင်ဖောင်ဟုဆိုကြသည့်နှယ် လယ်ကွင်းများ၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများတွင်လည်း ရေဖွေးဖွေးနှင့် ဆေးရေးပန်းချီခြယ်သထားသည့်အလား ကြည်နူးခံစားကြရသည်။

မိုးရာသီ၏သဘာဝအရ ထက်အာကာတစ်ခွင်မိုးသားပြင်တွင် မည်း၊ နက်၊ ဖြူ၊ ပြာ၊ စိမ်း၊ ဝါ၊ နီ တို့က အလီလီရွေ့လျားနေကြသလို မိုးနတ်မင်း အလိုကျ၊ လျှပ်ရောင်ပြိုးပြက် တလက်လက်နှင့် မိုးစက်ပုလဲပန်းများကလည်း သဲသဲမဲမဲ ကြဲဖျန်း ရွာသွန်းကြလေ့ရှိသည်။ ထို့ကြောင့် မြစ်ချောင်းကမ်းနား သဲသောင်ပြင်များတွင် ရေများက ပြည့်လျှံဖွေးလက်နေကြသည်။

ဤသဘာဝအလှကို ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက် ကောဇာနှစ် ၁၁၄၀ ခန့်၌ စာဆိုတော်ကြီး ဦးယာက "ဝါဆိုလဟု၊ မှိုင်ပျရီမှောင်၊ လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ ခိုမိလ္လာနှင့်၊ စိမ်းဝါနီပြောင်၊ ရွာသွန်းဆောင်၍၊ သဲသောင်ရေသွယ်၊ ရှယ်၍မြစ်ကမ်း၊ ပြည့်တင်းကျမ်းနှင့် လွှမ်းရှမြအီ သည်ရာသီ"ဟု စာပန်းချီ လူးတားကို ခံစားဖွဲ့ဆိုခဲ့သည်။

**ကောင်းမှုထိုထို လဝါဆို**

နွေတာ၊ နွယ်တာ၊ နတ်လျှောင်းဖြာ၊ ဝါဆို
တွင်သကား၊
ရာသီကရကင်၊ ခေါ်ပြည်တ်၊ ပွဲမြတ်ပဍ္ဍင်းထား၊
ဥတ္တရာသဠ် (ကြယ်ပြုဗ္ဗာသဠ်)၊ စန်းယှဉ်ပြန်၊
ပန်းမာလ် ပုန်းညက်ကား။ ။

**(အမည်မသိ ရှေးစာဆိုတစ်ဦးဖွဲ့-သံပေါက်)**

ဝါဆိုလဟူသော ဝေါဟာရတွင် ပါဠိစကားလုံး "ဝါသ"မှ ဝါ ဖြစ်လာပြီး နေခြင်းအနက်ရသည်။ "ဆို" မှာ ရွတ်ဆိုခြင်းဖြစ်သည်။ ဝါဆို၏အနက်အဓိပ္ပာယ်မှာ နေထိုင်ခြင်း၊ ရွတ်ဆိုခြင်းဖြစ်သည်။ ဗုဒ္ဓသာသနာတော်မှ ရဟန်းသံဃာတော်များသည် ဝိနည်းတော်နှင့်အညီ ဝါဆိုလပြည့်နေ့မှ (ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ)သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလပတ်လုံး၊ တစ်ရပ်တစ်ပါးသို့မကြွကြဘဲ တစ်ကျောင်းတစ်နေရာတည်းမှာသာ သီတင်းသုံးပါမည်ဟု မြတ်စွာဘုရားရှင်ရှေ့တွင် ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ ဝါကပ်ကြသည်ကို ရည်ရွယ်ပြီး ဝါဆိုလဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ဝါဆိုလ၊ ဝါတွင်းကာလတွင် ဝါဝင်၊ ဝါကပ်၊ ဝါပြတ်၊ ဝါကျိုး၊ ဝါပန်၊ ဝါကျွတ်ဟူသော ဝေါဟာရများလည်း ပေါ်ထွက်လာခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာများ၌ ဝါဆိုလကို "မလွယ်တာ၊ မြွယ်တာ၊ နွယ်တာ၊ နွေတာ"ဟူ၍ အမျိုးမျိုး ခေါ်ဝေါ်ကမွည်းရေးထိုးခဲ့ကြသည်။ "မြွယ်တာ၊ နွယ်တာ၊ နွေတာနှင့် မလွယ်တာ"တို့မှ ရွေ့လျားလာခြင်းဖြစ်ကြောင်း၊ မြွယ်=လယ်မြေ၊ တာ=တိုင်းတာခြင်း၊ အပိုင်းအခြား၊ ကူးပြောင်းခြင်း၊ လယ်မြေများကို တိုင်းတာသော အခါသမယဟု အနက်ရသည်။ ထို့ပြင် နွေ = နွေရာသီ။ တာ(အတီတ)=လွန်လေပြီးသောလ။ နွေတာလ (နွယ်တာလ)မှာ နွေရာသီမှ လွန်ခဲ့ပြီးသော မိုးအခါကာလ၊နွေမှမိုးသို့ကူးပြောင်းသောလဟုလည်း ဆိုကြသည်။

**ဝါဆိုလပန်းမြတ်မာလာ**

"ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက၊ သင်းလှတယ်လေး"ဟု မဟာအတုလမင်းကြီးက လွမ်းချင်းဖွဲ့ခဲ့သလို စာဆိုဦးပုညကလည်း "ရဝေကြော့ ဘုံလယ်မှာ၊ ယဉ်စံပယ်ပင်ကို ထွားငယ်တို့၊ မြိတ်ဖားလျားဆံကေသာ၊ ရှုံးတင်တင်လို့သာ၊ ပုန်းညက်ပွင့် မာလာငယ်၊ ဆင်တော်ရာပန်းပေရှင့်လေး"ဟု တေးထပ်စပ်ဆိုခဲ့ကြသည်။ ထို့ပြင် စာဆိုအသီးသီးကလည်း "တောတောင်မှောင်နက်၊ နတ်လျှောင်းရက်မှာ၊ ပုန်းညက်မာလာ၊ ငုံဝိုင်းကာနှင့်" ဟုတစ်မျိုး၊ "ပုန်းညက်ညွှန့် ငွေခိုင်ငယ်လေယိုင်ရာ တိမ်းတဲ့ရတု"ဟု တစ်သွယ် စာပန်းချီခြယ်သခဲ့ကြသည်။ ထို့ကြောင့် ပုန်းညက်ပန်းသည် ဝါဆိုလ၏ ပန်းမြတ်မာလာ ဖြစ်သည်။ ဝါဆိုလပြည့်ဝန်းကျင်တွင် ကုသိုလ်ထူး ရည်စူးလှူဒါန်းကြသော အခြားပန်းမျိုးစုံကိုကား ဝါဆိုပန်းဟု ခေါ်ဆိုခဲ့ကြသည်။ ဝါဆိုလပြည့်နေ့နှင့် အထူးသဖြင့် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တိုင်းတွင် တောတောင်များ၊ မြိုင်တန်းများနှင့် နီးကပ်ထိစပ်နေကြသော မြို့ရွာများရှိ ပျိုရွယ်ကြီးငယ်များသည် စုစည်းပျော်ရွှင်စွာ ဝါဆိုပန်းခူးထွက်လေ့ရှိကြသည်။ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့ဖြစ်သည်။

**ဝါဆိုလမြတ်မင်္ဂလာ**

"ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေးကြော်လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည်ရွှမ်းတယ်ကို"

**(လယ်တီဆရာတော်ဘုရားကြီး)**

ဝါဆိုလကို မင်္ဂလာရှိမြင့်မြတ်သောလဟု မှတ်ယူခဲ့ကြခြင်းမှာ ဝါဆိုလပြည့်နေ့တွင်-

၁။ မြတ်စွာဘုရား ဂေါတမအလောင်းတော်သည် မယ်တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်၌ သန္ဓေယူတော်မူသည်၊ **(သန္ဓေ)**

၂။ သိဒ္ဓတ္ထမင်းသားဘဝတွင် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး သံဝေဂရသွားကာ ရွှေနန်းစည်းစိမ်ကိုစွန့်ခွာ၍ တောထွက်တော်မူသည်၊ **(တောထွက်)**

၃။ ဘုရားအဖြစ်သို့ရောက်တော်မူပြီး တရားဦးဒေသနာမြတ်ဖြစ်သော ဓမ္မစက္ကပ္ပဝတ္တနသုတ် (ဓမ္မစကြာ) တရားတော်ကိုဟောကြားတော်မူသည်၊ **(ဓမ္မစက္က)**

၄။ တုဖက်၍ယှဉ်ပြိုင်လာကြသော တိတ္ထိတက္ကတွန်းများကို နှိမ်နင်းရန်အတွက် ရေမီးအစုံတန်ခိုးပြာဋိဟာလို့ ပြတော်မူသည်၊ (ပြာဋိဟာ) စသည့် ထူးခြားချက်များဖြစ်ပေါ်ခဲ့သောကြောင့် ဖြစ်သည်။

**သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ** ဟူသော ဂုဏ်ထူးဂုဏ်မြတ်ကိုလည်း သတ်မှတ်ခဲ့ကြသည်။

**ဓမ္မစကြာအခါတော်နေ့**

**"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟောမြွက်သံချို၊ လဝါဆို"**

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓဟူး) နေ့တွင် ဂေါတမဘုရားရှင်အဖြစ် ရောက်တော်မူခဲ့သဖြင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟု သတ်မှတ်ပူဇော်ခဲ့ကြသည်။

**❖ ဂေါတမမြတ်စွာဘုရားအဖြစ်နှင့် ပထမဦးစွာ ဟောကြားတော်မူခဲ့သော ဓမ္မစကြာတရားတော်ကို နာကြားခဲ့သူတို့မှာ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း တစ်ရာ့ရှစ်ကုဋေနှင့် ပဉ္စဝဂ္ဂီငါးပါး စုစုပေါင်း တစ်ရာ့ရှစ်ကုဋေနှင့် ငါးပါးရှိသည်။ ဓမ္မစကြာတရားတော်ကို နာယူပြီးနောက် ပဉ္စဝဂ္ဂီငါးပါး အနက် ဝါဆိုလပြည့်နေ့တွင် အရှင်ကောဏ္ဍည၊ ဝါဆိုလပြည့် ကျော် ၁ ရက်တွင် အရှင်ဝပ္ပ၊ ဝါဆိုလပြည့်ကျော် ၂ ရက်တွင် အရှင်ဘဒ္ဒိယ၊ ဝါဆို လပြည့်ကျော် ၃ ရက်တွင် အရှင်မဟာနာမ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်တွင် အရှင်အဿဇိတို့သည် သောတာပန်တည်တော်မူကြသည်။ ❖**

ထိုသို့ ဘုရားရှင်ဖြစ်တော်မူလာပြီး ဗောဓိမဏ္ဍိုင်အနီးတွင် ပလင်္ကသတ္တာဟ အစရှိသောအရပ်တို့၌ ခုနစ်ရက် ခုနစ်ဌာန သီတင်းသုံးတော်မူပြီးနောက် နောက်ဆုံးသတ္တာဟ (လင်းလွန်းပင်)မှ အထွက် ၄၉ ရက်မြောက်သောနေ့တွင် အလွန်နက်နဲလှသော တရားတော်၏သဘောကို သိမြင်တော်မူလာခဲ့သည်။ သို့သော် ထိုတရားတော်သည် ရာဂ၊ မောဟထူပြောလှသော ပုထုဇဉ် သတ္တဝါများအတွက် နားလည်သဘောပေါက်ရန် ခက်ခဲလွန်းသည်ကို မြတ်ဗုဒ္ဓကသိမြင်နေခဲ့သည်။ ထို့ကြောင့် "သဟမ္ပတိဗြဟ္မာ"က တရားဦးဟောကြားပေးပါရန် မြတ်ဗုဒ္ဓအား ပန်ကြားလျှောက်ထားခဲ့လေသည်။

မြတ်စွာဘုရားသည် အဘယ်သူအားဟောကြားအံ့နည်းဟု ဆင်ခြင်တော်မူရာ အာဠာရ ရသေ့နှင့် ဥဒကရသေ့တို့ကို မြင်တော်မူခဲ့သည်။ သို့သော် ထိုပုဂ္ဂိုလ်များကား စုတေ၍ အရူပဘုံသို့ ရောက်သွားကြောင်း သိတော်မူသောကြောင့် ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ခဲ့စဉ်က လုပ်ကျွေးခဲ့ဖူးကြသည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနမ်၊ အဿဇိ ဟူသည့် ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားတော်မူရန် ဆင်ခြင်တော်မူခဲ့သည်။

မြတ်ဗုဒ္ဓသည် ကာသိတိုင်း ဗာရာဏသီမြို့၏ မြောက်ဘက် ၁၈ ယူဇနာကွာဝေးရာ ရသေ့သူမြတ်အပေါင်း သက်ဆင်းရာနှင့် သမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တောကြီးတွင် သုံးဆယ့်ငါးနှစ်တိုင်တိုင် ဒုက္ခအမျိုးမျိုးနှင့်ရင်ဆိုင်ရကာ ဘုရားအဖြစ်နှင့် တရားအစစ်ကိုနာကြားရန် စောင့်ကြိုနေကြသော ပဉ္စဝဂ္ဂီငါးပါးထံသို့ ကြွချီတော်မူပြီးနောက် ပါဠိကဗျာ၊ ဂါထာမဖက်ဘဲ၊ ပါဠိစကားပြေ-စုဏ္ဏိယသက်သက်သော ဗျာကရိုဏ်းအပိုဒ်ပေါင်း ၃၀ ပါရှိသည့် ဓမ္မစကြာဒေသနာတော်ကြီးကို ဟောကြားတော်မူခဲ့သည်။

ဂေါတမမြတ်စွာဘုရားအဖြစ်နှင့် ပထမဦးစွာ ဟောကြားတော်မူခဲ့သော ဓမ္မစကြာတရားတော်ကို နာကြားခဲ့သူတို့မှာ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း တစ်ရာ့ရှစ်ကုဋေနှင့် ပဉ္စဝဂ္ဂီငါးပါး စုစုပေါင်း တစ်ရာ့ရှစ်ကုဋေနှင့် ငါးပါးရှိသည်။ ဓမ္မစကြာတရားတော်ကို နာယူပြီးနောက် ပဉ္စဝဂ္ဂီငါးပါး အနက် ဝါဆိုလပြည့်နေ့တွင် **အရှင်ကောဏ္ဍည၊** ဝါဆိုလပြည့်ကျော် ၁ ရက်တွင် **အရှင်ဝပ္ပ၊** ဝါဆိုလပြည့်ကျော် ၂ ရက်တွင် **အရှင်ဘဒ္ဒိယ၊** ဝါဆိုလပြည့်ကျော် ၃ ရက်တွင် **အရှင်မဟာနာမ်၊** ဝါဆိုလပြည့်ကျော် ၄ ရက်တွင် **အရှင်အဿဇိ** တို့သည် **သောတာပန်** တည်တော်မူကြသည်။

မြတ်ဗုဒ္ဓသည် ဝါဆိုလပြည့်ကျော် ၅ ရက်တွင် သောတာပန်တည်သွားကြသော ပဉ္စဝဂ္ဂီငါးပါးအား **အနတ္တလက္ခဏာသုတ်** ဒေသနာတော်ကို ဆက်လက်ဟောကြားတော်မူခဲ့ရာ ပဉ္စဝဂ္ဂီငါးပါးတို့သည် အာသဝေါကုန်ခန်း၍ ရဟန္တာကြီးများ ဖြစ်ကုန်ကြလေသည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓက တရားဦးဓမ္မစကြာ တရားတော်ကို စတင်ဟောကြားတော်မူခဲ့သောနေ့ဖြစ်သဖြင့် ဓမ္မနေ့ ဟုလည်းကောင်း၊ ထိုနေ့မှာပင် အရှင်ကောဏ္ဍညက အစပြု၍ ပဉ္စဝဂ္ဂီငါးပါးစလုံး ဧဟိဘိက္ခုရဟန်းများဖြစ်လာကြသဖြင့် **သံဃာတော်နေ့** ဟုလည်းကောင်း ဂုဏ်ပြုပူဇော်သတ်မှတ်ခဲ့ကြသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သော ကဆုန်လပြည့်နေ့ကို **ဗုဒ္ဓနေ့**ဟု သတ်မှတ်ထားရာ **ဗုဒ္ဓနေ့၊ ဓမ္မနေ့၊ သံဃာတော်နေ့**ဟူ၍ ရတနာသုံးပါးနေ့ ဖြစ်ပေါ်ခဲ့သည်။

**ဝါဆိုလပြည့်နေ့၏ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်**

ဝါဆိုလပြည့်နေ့၏ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်ရှိရာ-

၁။ ဂေါတမဘုရားလောင်း သန္ဓေယူတော်မူသောနေ့ဖြစ်ခြင်း၊

၂။ ဂေါတမဘုရားလောင်း တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊

၃။ ဂေါတမမြတ်စွာဘုရား ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူသောနေ့ဖြစ်ခြင်း၊

၄။ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့ဖြစ်ခြင်း၊

၅။ ဘုရားအဖြစ်ကို ဝန်ခံသောနေ့ဖြစ်ခြင်း၊

၆။ တရားရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊

၇။ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊

၈။ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊

၉။ မြတ်ဗုဒ္ဓ၏ "ဧဟိဘိက္ခု"ဟူသောစကားကို စတင်ကြားရသောနေ့ ဖြစ်ခြင်းဟူ၍ သတ်မှတ်ဂုဏ်ပြု ပူဇော်ထားကြသည်။

ထိုသို့သော ဂုဏ်ထူးဝိသေသများကြောင့် ဝါဆိုလပြည်နေ့တိုင်းတွင် ဗုဒ္ဓဘာသာဝင်တိုင်းသည် ကျောင်းကန်ဘုရားများသို့ သွားရောက်ကြကာ ဝါဆိုပန်းများ၊ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ၊ ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ် နာယူကြလေ့ရှိသည်။ ဤသည်မှာ ဝါဆိုလပြည့်နေ့

စာမျက်နှာ ၅ သို့

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင်အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့ တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၄၇၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ စုစုပေါင်း ၄၇၀၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၀၅ ဧက၊ ဖူးစားပြောင်း ၅၆၄၃ ဧက စုစုပေါင်း ၆၆၄၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၈၅ ဧကနှင့်ဖူးစားပြောင်း ၄၅၂၄ ဧက စုစုပေါင်း ၄၇၀၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ စုစုပေါင်းဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၄၇၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပြောင်းသီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိကာ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

**(ဓမ္မစကြာအခါတော်နေ့)** ဆင်ယင်ကျင်းပခြင်းပင်ဖြစ်သည်။ မြို့ရွာရပ်ကွက်များတွင်လည်း **ဓမ္မစကြာအသင်းများ** ဖွဲ့စည်းကြကာ ဝါဆိုလပြည့်နေ့အပါအဝင် ဘာသာရေးအထိမ်းအမှတ်ပွဲများတွင် ဓမ္မစကြာဒေသနာတော်ကို ရွတ်ဆိုပူဇော်ကြလေ့ရှိသည်။

ထူးခြားမွန်မြတ်လှသည့်ဂုဏ်ထူးဝိသေသများနှင့် ပြည့်ဝနေသည့် လမြတ်ဝါဆို၏ရာသီအမည်က **ကရကဋ်**၊ စန်းပြည့်နက္ခတ်က **ပြုဗ္ဗာသဠ်** ယှဉ်တာရာက **ဗျိုင်းတာရာ**၊ ရာသီရုပ်က **ပုစွန်လုံး**၊ ရာသီပန်းက **ပုန်းညက်ပန်း**၊ ရာသီပွဲက **ပဉ္စင်းခံပွဲ**၊ **ဝါဆိုသင်္ကန်းကပ်လှူပွဲ**၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က **ကနခိုပင်**၊ **ကဝေရုက္ခပင်**၊ ရက်ရာဇာက **တနင်္ဂနွေ**၊ **ဗုဒ္ဓဟူး**၊ ပြဿဒါးက **အင်္ဂါ**၊ **ရာဟု** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

အချုပ်ဆိုရလျှင် ဝါဆိုလမြတ်တွင် အားရအားကျကြည်ညိုဖွယ်ရာ၊ မြတ်နိုးပူဇော်ထိုက်ရာ၊ လှူဒါန်းမှုအစုစု ကုသိုလ်ထူးများပွားများရာ၊ ဓမ္မနေ့နှင့် သံဃာတော်နေ့ဖြစ်ပေါ်လာပုံနှင့် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ကို ဖော်ညွှန်းရာ ဓမ္မစကြာဒေသနာတော် ဟောကြားခဲ့ပုံ၊ဓမ္မစကြာအသင်းများ ရွတ်ဆိုပူဇော်ကြပုံများ၊ စုစည်းပျော်ရွှင်စွာ ဝါဆိုပန်းခူးကြပုံများ စသည်ဖြင့် ဗုဒ္ဓသာသနာတော်အတွက် ဂုဏ်တက်၊ ဂုဏ်တင့်၊ ဂုဏ်မြင့်သည့် ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံနေလေရာ မြန်မာ့ဆယ့်နှစ်လရာသီ၏ ထူးမြတ်လှသော ဗုဒ္ဓဂုဏ်ရည်ပင်ဖြစ်ပါတော့သည်။

**ကိုးကား**

- **ဦးဩဘာသ၏ ဗုဒ္ဓယဉ်ကျေးမှုလာ ထုံးတမ်းစဉ်ဓလေ့အခါတော်နေ့များ**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**
- **ဝိသဇ္ဇက (ပဲခူး)၏ မြန်မာ့ဆယ့်နှစ်လရာသီဖွဲ့**

## ထူးတဲ့ဝါဆို

- လဝါဆို ကရကဋ်
ထူးမြတ်တဲ့ ချိန်ရာသီ၊
တိမ်ပန်းချီ မှိုင်းရိပ်သန်း
လွမ်းဖွယ်စုံညီ၊
မြတ်လေးနဲ့ပုန်းညက်ရည်
ပွင့်ရာသီ မွှေးပျံ့လောင်း၊
လဝါဆို ဂုဏ်ရည်ထပ်တယ်
မြင့်မြတ်လှကြောင်း။

- သန္ဓေတောထွက် ဓမ္မစက်နဲ့
ဟောမြွက်ခဲ့ သည်ဝါဆို၊
ဗုဒ္ဓဝင် ဖြစ်စဉ်များနဲ့
မှတ်သား ကြိုဆို၊
ရဟန်းခံ ရှင်ပြုလို့
တောရိပ်ခို ဝါဆိုထား၊
သံသရာ ဝဋ်ဆင်းရဲကြောက်လို့
လွတ်မြောက်စေသား။

- ဒီအချိန် တောဓလေ့
ပျော်မွေ့တဲ့ မြင်ကွင်းစုံ၊
ဝတ်စားဆင် လုံမေများ
သွားကြ မြိုင်ရုံ၊
ပေါက်ရောက်ကြ ပန်းအစုံစုံ
ခူးကြကုန် ဝါဆိုပန်း၊
စိန္တေ့ထံ ပန်းကပ်ဦးဖို့
ဖူးမြတ်ဖို့လှမ်း။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

# သာပေါင်းမြို့နယ် ကွမ်းခြံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းခြံစုကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က မြစိမ်းရောင် ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကွမ်းခြံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ်သိန်း ၂၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅၈ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၄၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် သိန်း ၄၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို ရန်ပုံငွေကျပ် ၄၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **နွဲ့ယဉ်**

# နိုင်ငံတကာ သတင်းများ

## ထိုင်ဝမ်ရေလက်ကြား၌ နှစ်ရက်ကြာ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှု တရုတ်စတင်

**ပေကျင်း ဇူလိုင် ၂၃**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်းပြည်နယ် ကမ်းရိုးတန်းအနီး ထိုင်ဝမ်ရေလက်ကြားရေပြင်အတွင်း တရုတ်နိုင်ငံက ယနေ့မှစ၍ နှစ်ရက်ကြာ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများ စတင်နေပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့ ဖိလစ်ပိုင်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး တစ်ရက်အကြာတွင် တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)က ထိုင်ဝမ်ရေလက်ကြား၌ ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများ စတင်နေခြင်းဖြစ်သည်။

ပီအယ်လ်အေ၏ ထိုင်ဝမ်ရေလက်ကြား ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများကို တောင်ရှန်းကျွန်းဝန်းကျင်၌ နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ နှစ်ရက်ဆက်တိုက် ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများ၏ ပင်လယ်ရေကြောင်း သတိပေးချက်၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၎င်း၏ အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုကို တရုတ်(တိုင်ပေ) ကျွန်းပတ်လည်၌ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ပြုလုပ်ခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ လက်နက်ခဲယမ်းများ တရုတ်(တိုင်ပေ)သို့ ရောင်းချမည့်အစီအစဉ်ကို အမေရိကန်အစိုးရက ကြေညာခဲ့ပြီးနောက် အဆိုပါစစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာ

**စင်ကာပူ ဇူလိုင် ၂၃**

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများကြောင့်လည်းကောင်း၊ ပင်လယ်နီရေပြင်အတွင်း သွားလာနေသော ရေနံတင်သင်္ဘောများကို ဟူသီသူပုန်အုပ်စုက တိုက်ခိုက်နေမှုကြောင့်လည်းကောင်း ဇူလိုင် ၂၄ ရက်တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ ၁ ဒသမ ၅ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ စံမှတ်ရေနံဈေးနှုန်းမှာ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၆ ဒေါ်လာထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ယနေ့ ကမ္ဘာ့ရေနံဈေးကွက် ရေနံဈေးနှုန်းသည် ရက်သတ္တခြောက်ပတ်ကျော် ကာလအတွင်း အမြင့်ဆုံး ကမ္ဘာ့ရေနံဈေးနှုန်းဖြစ်သည်။

အမေရိကန် တပ်မတော်က ဇူလိုင် ၂၂ ရက်တွင် အီရန်စစ်ရေးပစ်မှတ်များကို ၁၂ ရက်မြောက်နေ့အဖြစ် ဆက်လက်တိုက်ခိုက်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်။

ဟော်မုဇ်ရေလက်ကြားအတွင်း သွားလာနေသည့် သင်္ဘောတစ်စီးကို အီရန်ကတိုက်ခိုက်တိုင်း အီရန်၏ တံတားတစ်စင်း သို့မဟုတ် လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံကို ဖုံးကြဲတိုက်ခိုက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားကြောင်း သိရသည်။ **Ref : Xinhua**
**Trs : KKO**

## ရုရှားနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ ဖိလစ်ပိုင်နိုင်ငံ၌ တွေ့ဆုံဆွေးနွေး



**မနီလာ ဇူလိုင် ၂၃**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် ယနေ့တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတို့သည် ယူကရိန်း စစ်ရေးပဋိပက္ခပြီးဆုံးရေးအတွက် အမေရိကန်နိုင်ငံကြားဝင်ကြိုးပမ်းနိုင်ရေး အလားအလာများကို ဆွေးနွေးခဲ့ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့၏ ဆွေးနွေးပွဲအကြောင်းအရာများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲတွင် မာကိုရူဘီယိုနှင့် ဆာဂေးလက်ဗရော့ဗ်တို့အနေဖြင့် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံဆက်ဆံရေး အခြေအနေများနှင့် ယူကရိန်းစစ်ရေးပဋိပက္ခအဆုံးသတ်ရန် လိုအပ်မှုတို့ကို ဆွေးနွေးခဲ့ကြကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါဆွေးနွေးပွဲတွင် ယူကရိန်းနိုင်ငံကို လက်နက်ခဲယမ်းများ တပ်ဆင်ပေးနေခြင်းနှင့် ဥရောပနိုင်ငံများ၏ ရုရှားအပေါ် မဟာဗျူဟာမြောက် အနိုင်ယူရေးမူဝါဒများကို ရုရှားနိုင်ငံအနေဖြင့် လက်ခံမည်မဟုတ်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကို အသိပေးပြောကြားခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ယူကရိန်းစစ်ရေးပဋိပက္ခပြီးဆုံးရေးနှင့်ပတ်သက်၍ နိုင်ငံရေးအရ၊ သံတမန်ရေးအရ အဖြေရှာရန် ရုရှားနိုင်ငံအနေဖြင့် အသင့်ရှိသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အရှေ့အလယ်ပိုင်းစစ်ဆင်ရေးများအတွက် အမေရိကန်တပ်မတော်ကို လေတပ်စခန်းအသုံးပြုခွင့်ပေးရန် ဘူလ်ဂေးရီးယားလွှတ်တော် သဘောတူ

**ဆိုဖီယာ ဇူလိုင် ၂၃**

အရှေ့အလယ်ပိုင်း စစ်ဆင်ရေးများအတွက် ဘူလ်ဂေးရီးယား လေတပ်စခန်းတစ်ခု အမေရိကန်တပ်မတော်ကို အသုံးပြုခွင့်ပေးရန် ဘူလ်ဂေးရီးယား လွှတ်တော်က ဇူလိုင် ၂၂ ရက်တွင် ထောက်ခံအတည်ပြုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်နှင့် ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခအတွက် ၎င်းတို့၏ လေတပ်စခန်းများကို အသုံးပြုခွင့်ပေးရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများအပြားက ငြင်းပယ်ထားသော်လည်း ဘူလ်ဂေးရီးယားနိုင်ငံကမူ အမေရိကန်တပ်မတော်အတွက်လေတပ်စခန်းအသုံးပြုခွင့်ပေးရန် သဘောတူခဲ့ခြင်းဖြစ်သည်။

ဘက်ဇမာ လေတပ်စခန်းကို အမေရိကန်တပ်မတော် အသုံးပြုခွင့်ပေးရန် ဘူလ်ဂေးရီးယားလွှတ်တော်က ထောက်ခံမဲ ၁၃၆ မဲ၊ ကန့်ကွက်မဲ ၁၃ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဘူလ်ဂေးရီးယားလွှတ်တော်၏ သဘောတူညီချက်အရ အမေရိကန်လေတပ်၏ ကေစီ- ၁၃၅ ဝေဟင်လောင်စာဆီဖြည့် လေယာဉ်ရှစ်စင်းနှင့် တပ်ဖွဲ့ဝင်ဦးရေ ၂၅၀ တို့သည် ဘက်ဇမာလေတပ်စခန်းကို အသုံးပြုခွင့်ရမည်ဖြစ်သည်။

အဆိုပါအမေရိကန်စစ်လေယာဉ်များနှင့် တပ်ဖွဲ့ဝင်များအနေဖြင့် ဘက်ဇမာ လေတပ်စခန်းကို ဇူလိုင် ၂၄ ရက်မှ အောက်တိုဘာ ၁ ရက်ထိ အသုံးပြုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ဘက်ဇမာ လေတပ်စခန်းသည် ဆိုဖီယာမြို့၏ အရှေ့တောင်ပိုင်း ကီလိုမီတာ ၂၆၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောနှစ်စီးကို ဟူသီသူပုန်အုပ်စု တိုက်ခိုက်

**ရီယာ့ဒ် ဇူလိုင် ၂၃**

ပင်လယ်နီဒေသ၌ သွားလာနေသော ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောနှစ်စီးကို ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုက ယနေ့တွင် တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဆော်ဒီအာရေဗျ နိုင်ငံကို ရေကြောင်း ပိတ်ဆို့မှုပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ဟူသီသူပုန်အုပ်စုက ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘော နှစ်စီးကို ပင်လယ်နီဒေသ၌ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ အပေါ် ချမှတ်ထားသည့် ရေကြောင်းပိတ်ဆို့မှုကိုဖောက်ထွက်ရန် ကြိုးပမ်းခဲ့သော အင်စီလီယာနှင့် လေလာ ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောများကို ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီသူပုန်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရမှုကို ဆော်ဒီအာရေဗျအစိုးရ မီဒီယာ အက်စ်ပီအေက အတည်ပြုသတင်းထုတ်ပြန်ထားသည်။

ဟူသီသူပုန်အုပ်စု၏ တိုက်ခိုက်မှုကြောင့် အင်စီလီယာ ရေနံတင်သင်္ဘောဦးပိုင်း၌ မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း ရေယာဉ်ဝန်ထမ်းအားလုံး ဘေးကင်းလုံခြုံမှုရှိကြောင်း အက်စ်ပီအေ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်အုပ်စုသည် အီရန်နိုင်ငံ၏ ဒေသတွင်း အဓိကမဟာမိတ်လက်နက်ကိုင်အုပ်စု ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# SCIENCE AND TECHNOLOGY

## ဂြိုဟ်သိမ်တစ်စင်းကို အာကာသယာဉ်တစ်စင်းဖြင့်ဝင်တိုက်၍ ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းလဲရေးစနစ်ကို ၂၀၃၀ ပြည့်နှစ်မတိုင်မီ စမ်းသပ်ရန် တရုတ် စီစဉ်ထား



**ပေကျင်း ဇူလိုင် ၂၃**

ဂြိုဟ်သိမ်တစ်စင်းကို အာကာသယာဉ် တစ်စင်းဖြင့် ဝင်တိုက်၍ ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းလဲရေးစနစ်ကို ၂၀၃၀ ပြည့်နှစ်မတိုင်မီ စမ်းသပ်ရန် တရုတ်အမျိုးသား အာကာသအေဂျင်စီက စီစဉ်ထားကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ၏ အထက်ပါ ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းလဲရေးစနစ် စမ်းသပ်မှုအစီအစဉ်သည် အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ၂၀၂၂ ခုနှစ်အတွင်း စမ်းသပ်ခဲ့သော DART မစ်ရှင်ထက်ပို၍ လက်တွေ့ကျနိုင်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ အစီအစဉ်အရ အထက်ပါစမ်းသပ်မှုတွင် ဂြိုဟ်သိမ်တစ်စင်း၏ ပတ်လမ်းကို တိုက်ရိုက် ပြောင်းလဲရေးအတွက် အာကာသယာဉ်တစ်စင်းကိုသုံး၍ တစ်စက္ကန့်လျှင် ကိုးကီလိုမီတာ (၅ ဒသမ ၆ မိုင်)နှုန်းဖြင့် ဝင်တိုက်မည်ဖြစ်ကြောင်း သိရသည်။

အထက်ပါ အမြန်နှုန်းသည် နာဆာ၏ DART အာကာသယာဉ်က ဒီမောဖော့စ်အမည်ရှိ ဂြိုဟ်သိမ်ကို ဝင်တိုက်ခဲ့သော အမြန်နှုန်းထက် ၅၀ ရာခိုင်နှုန်း ပိုမြင့်မားမည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ အမြန်နှုန်းဖြင့် ဝင်တိုက်ခဲ့ပါက ဂြိုဟ်သိမ်၏လမ်းကြောင်းကို တိုက်ရိုက်ပြောင်းပေးနိုင်ဖွယ်ရှိသကဲ့သို့ ဂြိုဟ်သိမ်၏ ဖွဲ့စည်းတည်ဆောက်ပုံပင် ပြိုကွဲသွားနိုင်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အထက်ပါ ဂြိုဟ်သိမ် လမ်းကြောင်းပြောင်းလဲရေးစနစ်ကို ၂၀၂၉ ခုနှစ် သို့မဟုတ် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာဂြိုဟ်နှင့် ကီလိုမီတာ ခုနစ်သန်းခန့်အကွာသို့ ရောက်ရှိလာမည့် ဂြိုဟ်သိမ်တစ်စင်းကို ပစ်မှတ်အဖြစ် ရွေးချယ်စမ်းသပ်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua News


Trs : KKO

## စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်ပွားနေသော နှစ်စင်းတွဲကြယ်စနစ်ကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၂၃**

စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်ပွားနေသော နှစ်စင်းတွဲကြယ်စနစ်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

အထက်ပါ နှစ်စင်းတွဲကြယ်စနစ်ကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် စတန်းဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။



အမေရိကန် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားသည့် အထက်ပါ နှစ်စင်းတွဲကြယ်စနစ်တွင် IC 443 အမည်ရှိ ကြယ်တစ်စင်းနှင့် G 189.6+3.3 အမည်ရှိ ကြယ်တစ်စင်းတို့ ပါဝင်ကြောင်း သိရသည်။

အထက်ပါ နှစ်စင်းတွဲကြယ်စနစ်တွင်ပါဝင်သည့် အဆိုပါကြယ်နှစ်စင်းစလုံးမှာ စူပါနိုဗာကြယ် ပေါက်ကွဲမှုများ ဖြစ်ပွားနေသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

IC 443 ကြယ်နှင့် G 189.6+3.3 ကြယ်တို့၏ ကြယ်ပေါက်ကွဲမှုဗဟိုချက်များမှာ တစ်ခုနှင့်တစ်ခု အလင်းနှစ် ၃၀ နှင့် ၄၀ ကြားကွာဝေးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၆၀၀၀ အကွာတွင် ရှိနေသော အထက်ပါနှစ်စင်းတွဲကြယ်စနစ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဖာမီဂမ်မာရေး အာကာသရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂြိုဟ်တုပြင်ဆင်ရေးဝန်ဆောင်မှု အာကာသယာဉ်တစ်စင်းကို စပေ့အိတ်ကုမ္ပဏီက ဖယ်လ်ကွန်- ၉ ဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် ဇူလိုင် ၂၃**

ဂြိုဟ်တုပြင်ဆင်ရေး ဝန်ဆောင်မှု အာကာသယာဉ်တစ်စင်းကို စပေ့အိတ်ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဇူလိုင် ၂၂ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

MRV-MEV အမည်ရှိ အဆိုပါ အာကာသယာဉ်ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

MRV-MEV အာကာသယာဉ်ကို ဗာဂျီးနီးယားပြည်နယ်အခြေစိုက် နော့သ်ရော့ဂရူးမင်းကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

MRV-MEV အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်အထက်အမြင့်မိုင် ၂၂၀၀၀ အကွာတွင်နေရာယူ၍ ဂြိုဟ်တုပြင်ဆင်ရေးဝန်ဆောင်မှု လုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

MRV-MEV အာကာသယာဉ်သည် အထက်ပါပတ်လမ်းပေါ်တွင် နေရာယူ၍ ဂြိုဟ်တုများကို ပြန်လည်နေရာချခြင်း၊ စစ်ဆေးခြင်း၊ ပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

MRV-MEV မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၈၆ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## သည်းခြေအိတ်အက်စစ်စုစည်းမှု လျှော့ချရေးဆေးများက ရင်သားကင်ဆာဆဲလ်များ ပျံ့နှံ့မှုကို တားဆီးရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် ဇူလိုင် ၂၃**

သည်းခြေအိတ်အက်စစ်စုစည်းမှုလျှော့ချရေး ဆေးများသည် ရင်သားကင်ဆာဆဲလ်များ ပျံ့နှံ့မှုကို တားဆီးရာတွင် အထောက်အကူ ပြုနိုင်ကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှုပုံစံမညီမျှမှုသည် ရင်သားကင်ဆာရောဂါ အခြေအနေ ဆိုးရွားလာမှုနှင့် ဆက်စပ်နေနိုင်သည်ဟု နိုင်ငံတကာသုတေသနပညာရှင်များက တင်ပြထားခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှုပုံစံ မညီမျှမှုကြောင့် သည်းခြေအိတ်အက်စစ်စုစည်းမှုအဆင့် မြင့်တက်လာတတ်ကြောင်း သိရသည်။

သည်းခြေအိတ်အက်စစ်စုစည်းမှုအဆင့် မြင့်တက်လာချိန်တွင် ရင်သားရောင်ရမ်းမှုပြဿနာပေါ်ထွက်လာတတ်ပြီး ကင်ဆာဆဲလ်များ ပျံ့နှံ့မှုကို အားပေးလှုံ့ဆော်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ဖြစ်ရာ သည်းခြေအိတ်အက်စစ်စုစည်းမှု လျှော့ချရေးဆေးများသည် ရင်သားကင်ဆာဆဲလ်များ ပျံ့နှံ့မှုကိုတားဆီးရာတွင် အထောက်အကူ ပြုနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဓာတုသကြားဓာတ်များက အစာခြေလမ်းကြောင်း ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်

**နယူးယောက် ဇူလိုင် ၂၃**

ကယ်လိုရီလျှော့ချထားသော အချိုရည်များ၌ ပါဝင်သည့်ဓာတုသကြားဓာတ်များသည် အစာခြေလမ်းကြောင်း ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကယ်လိုရီလျှော့ချထားသည့် အချိုရည်များတွင်ပါဝင်သော ဓာတုသကြားဓာတ်များကြောင့် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ အကျိုးပြု ဘက်တီးရီးယားများ၏ ဖွံ့ဖြိုးကြီးထွားမှုနှုန်း နှေးကွေးလာတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အကျိုးပြုဘက်တီးရီးယားများ၊ မည်သည့်အကျိုးသက်ရောက်မှုမျှမရှိသည့် ဘက်တီးရီးယားများနှင့် ဆိုးကျိုးပြုဘက်တီးရီးယားစုစုပေါင်း ဘက်တီးရီးယားအမျိုးအစား ၂၅ မျိုးတို့ကို ဓာတ်ခွဲခန်းအတွင်း မွေးမြူ၍ အဆိုပါ ဘက်တီးရီးယားများအပေါ် ဓာတုသကြားဓာတ်များ၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါ ဓာတု သကြားဓာတ်များသည် အချို့သော ဆေးဝါးများနှင့် ပေါင်းစပ်မိချိန်တွင် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ အကျိုးပြု ဘက်တီးရီးယားများဖွံ့ဖြိုးမှုအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO






# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၃**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အားကစားကွင်းရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အားကစားသမားများ ကွင်းအတွင်းနေရာယူကြကာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်ကို ညီညာစွာ ရွတ်ဆိုကြပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဝန်ကြီးများသည် ကွင်းအတွင်း နေရာယူထားကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အားကစားသမားများကို လိုက်လံ နှုတ်ဆက်၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အပြီး ISPE အသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) အပြီးတွင် ISPE အသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ISPE အသင်းသည် ရတနာပုံအက်ဖ်စီအသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း ရမှတ် ၁၆ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက် ဦးဆောင်နေခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၆)အပြီးတွင် ရှေဝတီ အသင်းက ရမှတ် ၁၅ မှတ်ဖြင့် ဒုတိယနေရာမှ ISPE အသင်းကို ဆက်လက် ဖိအားပေးထားပြီး ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၃ မှတ်၊ ရန်ကုန်ယူနိုက်တက် အသင်းက ရမှတ် ၁၂ မှတ်၊ ရတနာပုံအက်ဖ်စီ အသင်းက ရမှတ် ၁၀ မှတ်၊ သစ္စာအားမာန် အသင်းက ရမှတ် ခုနစ်မှတ်၊ မြဝတီ အသင်းနှင့် Young Lionesses အသင်းတို့က ရမှတ် ခြောက်မှတ်၊ ဖွဲကပင်ယူနိုက်တက် အသင်းက ရမှတ် သုံးမှတ် အသီးသီးရရှိထားသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

STA

# အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုမဲခွဲမှုအပြီး မြန်မာအမျိုးသား လေးယောက်တွဲအသင်း အိန္ဒိယ၊ ဗီယက်နမ်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်

**ရန်ကုန် ဇူလိုင် ၂၃**

ဂျပန်နိုင်ငံ အိုင်ချီ- နာဂိုယာ မြို့တွင် ကျင်းပမည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာအမျိုးသားလေး ယောက်တွဲအသင်းသည် အိန္ဒိယ အသင်း၊ ဗီယက်နမ်အသင်း၊ လာအို အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်ထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံ ၁၁ နိုင်ငံ ပါဝင်မည်ဖြစ်သည်။

အမျိုးသား ပိုက်ကျော်ခြင်း လေးယောက်တွဲ ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြန်မာအမျိုးသား အသင်းသည် အုပ်စု(A)တွင် အိန္ဒိယ အသင်း၊ ဗီယက်နမ်အသင်း၊ လာအိုအသင်းတို့နှင့် ကျရောက်နေပြီး သုံးယောက်တွဲပြိုင်ပွဲ အုပ်စု(B) တွင် မလေးရှားအသင်း၊ ဗီယက်နမ်အသင်းတို့နှင့် ကျရောက်နေသည်။

အလားတူ အမျိုးသမီးအသင်းသည်လည်း နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စု(A)တွင် ဗီယက်နမ်အသင်း၊ မလေးရှားအသင်း၊ လာအိုအသင်းတို့နှင့် ကျရောက်နေသည်။

အကြိမ် ၂၀ မြောက် အာရှ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲဝင် မြန်မာအမျိုးသား အသင်းတွင် ဇင်မင်းဦး၊ သန့်ဇင်ထွန်း၊ ထူးအောင်ကျော်၊ ဟန်ဝင်းထွဋ်၊ ရဲထက်၊ ချစ်လွန်းပို၊ ရှိန်းဝဏ္ဏဇော်၊ အောင်အောင်၊ ဇော်မင်းခန့်၊ ရန်ပိုင်ဦး၊ သက်ပိုင်စိုး၊ အောင်မျိုးကျော်တို့ ပါဝင်ကြမည်ဖြစ်ပြီး မြန်မာ အမျိုးသမီးအသင်းတွင် ယမုံဇင်၊ ချယ်ရီလင်းသစ်၊ ဖူးဖူးနေခြည်နွေး၊ နှင်းနှင်းဝေ၊ စန်းသီတာမိုး၊ ဆုမွန်ကျော်၊ ယဉ်ယဉ်ဌေး၊ ရွှန်းလဲ့ဇင်တို့ ပါဝင်မည် ဖြစ်သည်။

အကြိမ် ၂၀ မြောက် အာရှ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲမှာ ထိုင်း၊ မလေးရှား၊ လာအို၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ဂျပန်၊ မြန်မာ၊ ဗီယက်နမ်၊ စင်ကာပူနိုင်ငံတို့ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

STA

# အိုပီတိုင်ယာက ချန်ပီယံခါးပတ် ပြန်လည်ရုပ်သိမ်းခံရမှုနှင့်ပတ်သက်ပြီး IBF အဖွဲ့ချုပ်ကို တရားစွဲမည်

**ကင်ဘာရာ ဇူလိုင် ၂၃**

IBF ကမ္ဘာ့ခရူဆာဝိတ်တန်း ချန်ပီယံ ဩစတြေးလျ လက်ဝှေ့သမား အိုပီတိုင်ယာကို IBF အဖွဲ့ချုပ်က စည်းမျဉ်းစည်းကမ်းချိုးဖောက်မှုဖြင့် လက်ရှိချန်ပီယံ အဖြစ်မှပယ်ဖျက်ကာ ချန်ပီယံ ခါးပတ်ကို ပြန်လည်ရုပ်သိမ်းခဲ့သည့်အတွက် အိုပီတိုင်ယာက တရားမျှတမှု မရှိကြောင်း ပြောကြားခဲ့ပြီး တရားဥပဒေလမ်းကြောင်းမှရင်ဆိုင်ရန် ဆုံးဖြတ်ထားကြောင်း ထုတ်ပြန်ခဲ့သည်ဟု Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် IBF အဖွဲ့ချုပ်က အိုပီတိုင်ယာသည် အသစ်ဖွဲ့စည်းတည်ထောင်ထားသည့် Zuffa Boxing အဖွဲ့ချုပ်နှင့် ပူးပေါင်းခဲ့ရာတွင် IBF အဖွဲ့ချုပ်၏ ခွင့်ပြုချက် မယူခဲ့သည့်အတွက် စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်ရာရောက်ကြောင်း ရှင်းလင်းချက်ထုတ်ပြန်ခဲ့သည်။

ထို့နောက် အိုပီတိုင်ယာသည် ချန်ပီယံခါးပတ် ပြန်လည်ရရှိရန် နီဗားဒါးပြည်နယ် တရားရုံးတွင် IBF အဖွဲ့ချုပ်ကို တရားစွဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိုပီတိုင်ယာက "ကျွန်တော့်ရဲ့ ချန်ပီယံခါးပတ် ရုပ်သိမ်းခံခဲ့ရခြင်းနဲ့ပတ်သက်ပြီး တရားမျှတမှု မရှိဘူးလို့ ခံစားမိပါတယ်။ တရားမျှတမှု မရှိခဲ့လို့လဲ တရားမျှတမှုရရှိအောင် တရားဥပဒေလမ်းကြောင်းကနေ ရင်ဆိုင်သွားပါမယ်။ IBF အဖွဲ့ချုပ်ကို တရားစွဲဆိုသွားပါမယ်။ အဲ့ဒီအတွက်လဲ ရှေ့နေတွေနဲ့ တိုင်ပင်ပြီးပါပြီ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fight Mag**

**Trs : AZL**



# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ နေရာအလိုက် အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် စပိန်အသင်းမှ ကစားသမားသုံးဦးထိ ပါဝင်

**မက်ဒရစ် ဇူလိုင် ၂၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ နေရာအလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းကို ထုတ်ပြန်ခဲ့ရာ ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည့် စပိန်အသင်းမှ ကစားသမား သုံးဦးထိ ပါဝင်လာခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ နေရာအလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းမှ ဂိုးသမားနေရာတွင် ပြိုင်ပွဲ၌ တစ်ဂိုးတည်းသာ ပေးခဲ့ရသည့် စပိန်အသင်းဂိုးသမား ဆိုင်မွန်၊ အာဂျင်တီးနား အသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြသခဲ့သည့် အီမီလီယာနိုမာတီနက်ဇ်တို့ကိုကျော်ဖြတ်ပြီး ကိတ်ဗာဒီ အသင်းနှင့်အတူ လက်စွမ်းကောင်းများပြသခဲ့သည့် ဗိုဇင်ဟာ ပါဝင်လာခဲ့သည်။

အလားတူ ခံစစ်ကစားသမား လေးဦးနေရာတွင် စပိန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး လူငယ်အကောင်းဆုံးကစားသမားဆုဆွတ်ခူးခဲ့သည့် ကူဘာစီ ပါဝင်လာခဲ့ခြင်းမရှိခဲ့ဘဲ စပိန်အသင်းမှ ကူကူရယ်လာနှင့် ပက်ဒရိုပေါ်ရို၊ ပြင်သစ်အသင်းမှ အူပါမီကာနို၊ အာဂျင်တီးနား အသင်းမှ မာတီနက်ဇ်တို့ ပါဝင်လာခဲ့သည်။

ဆက်လက်ပြီး ကွင်းလယ် ကစားသမား သုံးဦးနေရာတွင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆု ဆွတ်ခူးခဲ့သည့် စပိန်အသင်းမှ ရိုဒရီ၊ အင်္ဂလန် အသင်းမှ ဘယ်လင်ဟမ်၊ ပြင်သစ် အသင်းမှ အိုလီဆီ၊ တိုက်စစ်ကစားသမား သုံးဦးနေရာတွင် သွင်းဂိုးအများဆုံး ကစားသမားဆု ဆွတ်ခူးခဲ့သည့် ပြင်သစ်အသင်းမှ အမ်ဘာတ်ပီ၊ နော်ဝေအသင်းမှ ဟာလန်း၊ အာဂျင်တီးနားအသင်းမှ မက်ဆီတို့ ပါဝင်လာခဲ့ကြကြောင်း သိရသည်။

**Ref : 365 Scores**

**Trs : STA**

# ၂၀၂၅-၂၀၂၆ ခုနှစ် ဘောလုံးရာသီမှာ အောင်မြင်မှုရရှိခဲ့သည့် အီတလီစီးရီးအေကလပ်အသင်းများအကြောင်း

ML




ပြီးခဲ့တဲ့ ၂၀၂၅-၂၀၂၆ ခုနှစ် ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲကိုတော့ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၃ ရက်မှာ စတင်ခဲ့ပြီး ယခုနှစ် မေလ ၂၄ ရက်မှာ အဆုံးသတ်ခဲ့တာဖြစ်ပါတယ်။ စီးရီးအေပြိုင်ပွဲဝင်အသင်း ၂၀ မှာ ပြိုင်ပွဲပေါင်း ၃၈၀ ကစားခဲ့ရပြီးချိန်မှာတော့ အင်တာမီလန်အသင်းက ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ရာသီမှာ ချန်ပီယံဆုအတွက် အင်တာမီလန်အသင်းနဲ့ နာပိုလီအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပေမဲ့ ပြိုင်ပွဲပြီးဆုံးခါနီးချိန်မှာ နာပိုလီအသင်း ရလဒ်ပိုင်းကျဆင်းသွားတာကြောင့် ပွဲစဉ်(၃၅)မှာ အင်တာမီလန်အသင်းက ပါးမားအသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရပြီးကတည်းက ပြိုင်ပွဲမပြီးဆုံးမီမှာ ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အီတလီစီးရီးအေ ပြိုင်ပွဲကလဲ ဥရောပထိပ်သီးလိဂ်ငါးခုဖြစ်တဲ့ ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ လာလီဂါပြိုင်ပွဲတို့ပြီးရင် တတိယမြောက် ပရိသတ်စိတ်ဝင်စားမှုရှိတဲ့ လိဂ်ပြိုင်ပွဲတစ်ခုဖြစ်တာကြောင့် ဒီတစ်ပတ်မှာတော့ စီးရီးအေကလပ်အသင်းတွေရဲ့ အောင်မြင်မှုတွေကို ရေးသားဖော်ပြသွားမှာဖြစ်ပါတယ်။

### အောင်မြင်မှုရရှိခဲ့သည့် အသင်းများ

အီတလီစီးရီးအေပြိုင်ပွဲမှာ အင်တာမီလန်အသင်းဟာ အမှတ်ပေးချန်ပီယံဆုဖလားနဲ့ ကိုပါအီတာလီယာဖလား ရရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ နည်းပြအင်ဇာဂီကိုထုတ်ပယ်ပြီး အသင်းကစားသမားဟောင်း နည်းပြချီဗူးကို ခန့်အပ်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ နည်းပြသစ်အနေနဲ့ ကစားသမားဖြည့်တင်းမှုပြုလုပ်ခဲ့ရာမှာ အန်ဂီယိုအန်၊ လူးဝစ်ဟန်းရစ်၊ အန်ဒီဒီယေ့ာတို့လို စတဲ့ကစားသမားတွေအတွက် ပြောင်းရွှေ့ကြေး ယူရို ၈၂ ဒသမ ၉ သန်းသုံးစွဲခဲ့ပြီး အရန်ကစားသမားအင်အား တောင့်တင်းအောင် လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ နည်းပြ ချီဗူးကတော့ ၃-၅-၂ ကစားကွက်ကို အထိုင်ချပြီး ကစားခဲ့ပေမဲ့ အသင်းကြီးတွေနဲ့ တွေ့ချိန်မှာ ခံစစ်ပိုင်းက ဂိုးအမြဲပေးရတာကိုတော့ ပြင်ဆင်နိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ အသင်းငယ်တွေနဲ့ တွေ့ချိန်မှာတော့ ရလဒ်တွေကောင်းခဲ့တာကြောင့် ပြိုင်ပွဲမပြီးဆုံးခင်မှာ ချန်ပီယံဆုဖလား ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

သူတို့အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲကို ပါဝင်ကစားခွင့်ရခဲ့ပြီး အုပ်စုအဆင့်မှာ အဆင့် (၁၀) နဲ့ ပြီးဆုံးခဲ့တာကြောင့် play-off ကစားခဲ့ရတာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာတော့ ဘိုဒိုဂလင့်အသင်းကို နှစ်ကျော့ပေါင်း ရလဒ်ငါးဂိုးသုံးဂိုးနဲ့ရှုံးနိမ့်ပြီး ပြိုင်ပွဲက စောစီးစွာလှည့်ပြန်ခဲ့ရတာကို တွေ့ရမှာပါ။ အဲဒီနောက် ပြည်တွင်းပြိုင်ပွဲဖြစ်တဲ့ ကိုပါအီတာလီယာဖလားပြိုင်ပွဲကို အာရုံစိုက်ခဲ့ပြီး ၁၆ သင်းအဆင့်မှာ ဗီနီဇီယာကို ငါးဂိုးတစ်ဂိုး၊ ကွာတားဖိုင်နယ်မှာ တိုရီနိုကို နှစ်ဂိုးတစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့်မှာ ကိုမိုကို သုံးဂိုး နှစ်ဂိုး၊ ဗိုလ်လုပွဲစဉ်မှာ လာဇီယိုကို နှစ်ဂိုး ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့လို့ နောက်ထပ်ဆုဖလားတစ်လုံး ထပ်မံရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အင်တာမီလန်အသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အဓိက ဆုဖလားနှစ်လုံးရရှိခဲ့ပြီး အောင်မြင်မှုရရှိခဲ့တဲ့ အသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာကို တွေ့ရမှာပါ။

စီးရီးအေပြိုင်ပွဲမှာ ဒုတိယမြောက် အောင်မြင်မှုရရှိခဲ့တာကတော့ နာပိုလီအသင်းလို့ ဆိုရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီမှာ နည်းပြကွန်တီ တာဝန်ယူနေတဲ့ နာပိုလီအသင်းဟာ ရာသီအစပိုင်းမှာ ခြေစွမ်းပိုင်း တည်ငြိမ်ခဲ့ပေမဲ့ ရာသီဝက်နောက်ပိုင်းမှာတော့ အဓိက ကစားသမားတွေ ဒဏ်ရာရရှိလာသလို အဲဒီကစားသမားတွေ နေရာမှာပါဝင်ကစားနိုင်မဲ့ အရန်ကစားသမားအင်အား ဖြည့်တင်းမှုမလုပ်နိုင်ခဲ့တာကြောင့် အမှတ်ပေးချန်ပီယံဆုဖလားနဲ့ လွဲချော်ပြီး ဒုတိယနေရာနဲ့ ကျေနပ်လိုက်ရတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ အပြောင်းအရွှေ့ကာလမှာ နိုအာလန်း၊ ဘူကီမာ၊ လူကာတို့လို ကစားသမားတွေအတွက် ပြောင်းရွှေ့ကြေး ယူရို ၁၄၇ ဒသမ ၅ သန်းထိ သုံးစွဲခဲ့ပြီး သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲအဖွင့်ပွဲစဉ်မှာ ဗီရိုနာအသင်းကို မထင်မှတ်ဘဲ သုံးဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့ပြီး နောက်ပိုင်း ခံစစ်ပိုင်းကို အကောင်းဆုံး ပြင်ဆင်နိုင်ခဲ့တာကြောင့် နောက်ပိုင်းမှာ ရလဒ်ပိုင်း ကောင်းခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့သူတို့အသင်းဟာ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာတော့ လာဇီယိုအသင်းကို ၁၆ သင်း အဆင့်မှာ ရှုံးနိမ့်ခဲ့လို့ ပြိုင်ပွဲက စောစီးစွာထွက်ခဲ့ရပေမဲ့ စူပါဖလားပြိုင်ပွဲမှာတော့ ဆီမီးဖိုင်နယ်အဆင့်မှာ အေစီမီလန်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ဗိုလ်လုပွဲမှာ ဘိုလေ့ာနာအသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပြီး ဆုဖလား ရယူနိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ရာသီမှာ ဒုတိယမြောက် အောင်မြင်မှုရခဲ့တဲ့အသင်းလို့ ဆိုရမှာပါ။

နောက်ထပ်အောင်မြင်မှုရခဲ့တာကတော့ ထိပ်သီးပြိုင်ပွဲကို ၂၀၂၄-၂၀၂၅ ခုနှစ် ဘောလုံးရာသီမှာ ပထမဆုံးအကြိမ် တက်ရောက်ခဲ့ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီမှာတော့ ချန်ပီယံလိဂ်ကစားခွင့်ပါ ရယူနိုင်ခဲ့တဲ့ ကိုမိုအသင်းပဲဖြစ်ပါတယ်။ သူတို့အသင်းကိုတော့ နည်းပြဖာဘရီဂတ်စ်တာဝန်ယူကိုင်တွယ်နေပြီး သူ့လက်ထက်မှာ အသင်းဟာ ငွေကြေးသုံးစွဲမှု အများအပြားမလုပ်ဘဲ အသင်းလိုက်ကစားအားနဲ့ နည်းစနစ်ပိုင်း အကောင်းဆုံး တည်ဆောက်နိုင်ခဲ့လို့ အသင်းကြီးတွေကိုတောင် နိုင်ပွဲရယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ရာသီမှာတော့ သူတို့အသင်းဟာ ၄-၂-၃-၁ ကစားကွက်ကိုသာ အသုံးပြုခဲ့ပြီး ပြိုင်ဘက်တိုင်းကို အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့လို့ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်ထိ တက်ရောက်နိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒ့ါပြင် အမှတ်ပေးပြိုင်ပွဲမှာလဲ အသင်းကြီးတွေကိုသာ ရှုံးခဲ့ပြီး ခုနစ်ပွဲသာရှုံးပွဲရှိခဲ့တာကြောင့် ပြိုင်ပွဲပြီးဆုံးချိန်မှာ ရမှတ် ၇၁ မှတ်နဲ့အဆင့်(၄)နေရာနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အသင်းကြီးတွေဖြစ်တဲ့ အေစီမီလန်၊ ဂျူဗင်တပ်၊ အတ္တလန်တာအသင်းတို့ကို ကျော်ဖြတ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့သလို သူတို့အသင်းသမိုင်းမှာလဲ ပထမဆုံးအကြိမ် ဥရောပပြိုင်ပွဲကစားခွင့်ကို ရယူနိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့တာကို တွေ့ရမှာပါ။

### ဥရောပပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သည့် အသင်းများ

အီတလီစီးရီးအေပြိုင်ပွဲမှာတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် လေးနေရာ၊ ယူရိုပါလိဂ်ခွင့်အတွက် နှစ်နေရာနဲ့ ယူရိုပါကွန်ဖရင့်လိဂ်ဝင်ခွင့်အတွက် တစ်နေရာရရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီထဲက ချန်ပီယံဆုဖလားရရှိခဲ့တဲ့ အင်တာမီလန်အသင်း၊ ဒုတိယနေရာရရှိခဲ့တဲ့ နာပိုလီအသင်း၊ တတိယနေရာရရှိခဲ့တဲ့ ရိုးမားအသင်းနဲ့ စတုတ္ထနေရာရရှိခဲ့တဲ့ ကိုမိုအသင်းတို့ကတော့ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။ အစဉ်အလာကောင်းတဲ့ အေစီမီလန်အသင်းကတော့ ရာသီဝက်ကာလထိ အမှတ်ပေးချန်ပီယံဆုကို စိန်ခေါ်ခွင့်ရခဲ့ပေမဲ့ နောက်ပိုင်းမှာ ကစားပုံကျဆင်းသွာတာကြောင့် ချန်ပီယံမျှော်လင့်ခွင့်ဆုံးရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အီတလီစီးရီးအေ အတွေ့အကြုံရှိတဲ့ နည်းပြအယ်လီဂရီကို ခန့်အပ်ခဲ့တာကြောင့် ရာသီဝက်ကာလမှာ ခရီမိုနန်စီတစ်သင်းကိုသာ ရှုံးခဲ့ပေမဲ့ ဒုတိယရာသီဝက်ကာလတွေမှာတော့ နိုင်ပွဲကိုးပွဲသာ ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဘောလုံးရာသီပြီးဆုံးချိန်မှာ အဆင့် (၅) နေရာသာရရှိခဲ့လို့ ယူရိုပါလိဂ်ကစားခွင့်သာ ရရှိခဲ့တာကို တွေ့ရမှာပါ။

ဂျူဗင်တပ်အသင်းကလဲ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ပြည်တွင်းဖလားပြိုင်ပွဲကိုသာ အာရုံစိုက်ကစားခဲ့ရပေမဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိခဲ့တာကြောင့် ဘောလုံးရာသီပိတ်သိမ်းချိန်မှာ အဆင့် (၆) နေရာရောက်ခဲ့ပြီး ယူရိုပါလိဂ်ဝင်ခွင့်သာ ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ ရာသီအစမှာ နည်းပြတူဒေါ်နဲ့ လက်တွဲခဲ့ပေမဲ့ ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိလို့ အောက်တိုဘာလမှာ နည်းပြစပယ်လက်တီနဲ့ အစားထိုးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြသစ်လက်ထက်မှာလဲ နိုင်ပွဲတွေဆက်တိုက်ပျောက်ဆုံးခဲ့ပြီး ရာသီပိတ်သိမ်းချိန်မှာတော့ ယူရိုပါလိဂ်ဝင်ခွင့်နဲ့သာ ကျေနပ်လိုက်ရတာဖြစ်ပါတယ်။ အဆင့် (၇) နေရာရပ်တည်နိုင်ခဲ့တဲ့ အတ္တလန်တာအသင်းကလဲ ရာသီအစမှာ နည်းပြဂျူရစ်နဲ့ လက်တွဲခဲ့ပေမဲ့ နိုဝင်ဘာလကုန်ထိ အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲနှစ်ပွဲသာ ရခဲ့တာကြောင့် အသင်းတာဝန်ရှိသူတွေက နည်းပြပါလာဒီနိုနဲ့ အစားထိုးခန့်အပ်ခဲ့တဲ့နောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ကိုပါအီတာလီယာဖလားပြိုင်ပွဲဘက်ကို အာရုံစိုက်နေတာဖြစ်လို့ အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ကျဆင်းခဲ့ပြီး ရာသီပိတ်သိမ်းချိန်မှာ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲဝင်ခွင့်သာ ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။

### တန်းဆင်းနှင့် တန်းတက်အသင်းများ

၂၀၂၅-၂၀၂၆ ခုနှစ် အီတလီစီးရီးအေ ဘောလုံးရာသီပြီးဆုံးချိန်မှာတော့ အဆင့် (၂၀) မှာရမှတ် ၁၈ မှတ်သာရရှိခဲ့တဲ့ ပီဆာအသင်း၊ အဆင့် (၁၉) မှာ ရမှတ် ၂၁ မှတ်သာရရှိခဲ့တဲ့ ဗီရိုနာအသင်းနဲ့ အဆင့် (၁၈)မှာ ရမှတ် ၂၄ မှတ်သာရရှိခဲ့တဲ့ ခရီမိုနန်စီအသင်းတို့ဟာ စီးရီးဘီကိုတန်းဆင်းသွားခဲ့ရတာဖြစ်ပါတယ်။

စီးရီးဘီပြိုင်ပွဲကနေ တန်းတက်လာတဲ့အသင်းကတော့ ဗီနီဇီယာအသင်းဖြစ်ပြီး သူတို့အသင်းကတော့ ၃၈ ပွဲကစားခဲ့ရာမှာ၂၄ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၈၂ မှတ်ရခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးကနေ ဆုဖလားရယူနိုင်ခဲ့လို့ တိုက်ရိုက်တန်းတက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းကလဲ သူတို့အသင်း သမိုင်းတစ်လျှောက်မှာ အခုတစ်ကြိမ်အပါအဝင် သုံးကြိမ်သာ စီးရီးအေပြိုင်ပွဲကို တန်းတက်နိုင်ခဲ့တာဖြစ်ပါတယ်။ တန်းတက်ဒုတိယအသင်းကတော့ ဖရိုစီနိုနီ အသင်းဖြစ်ပြီး သူတို့အသင်းကတော့ ပြီးခဲ့တဲ့ ဘောလုံးရာသီ ၃၈ ပွဲမှာ နိုင်ပွဲ ၂၃ ပွဲ၊ ၁၂ ပွဲသရေ၊ သုံးပွဲရှုံးခဲ့တာကြောင့် ရာသီပိတ်သိမ်းချိန်မှာ ရမှတ် ၈၁ မှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့ပြီး တိုက်ရိုက်တန်းတက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ စီးရီးအေပြိုင်ပွဲကို ၂၀၁၅-၂၀၁၆ ခုနှစ် ဘောလုံးရာသီမှာတစ်ကြိမ်၊ ၂၀၁၈-၂၀၁၉ ခုနှစ် ဘောလုံးရာသီမှာ တစ်ကြိမ်၊ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ တစ်ကြိမ်တက်ရောက်နိုင်ခဲ့ပြီး အခုတစ်ကြိမ်နဲ့ဆို သူတို့အသင်း သမိုင်းတစ်လျှောက်မှာ လေးကြိမ်မြောက်တန်းတက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ နောက်တစ်သင်းကတော့ မွန်ဇာအသင်းဖြစ်ပြီး ဘောလုံးရာသီပြီးဆုံးချိန်မှာနိုင်ပွဲ ၂၂ ပွဲ၊ ၁၀ ပွဲသရေ၊ ခြောက်ပွဲရှုံးနဲ့ ရမှတ် ၇၆ မှတ်ရရှိခဲ့တာကြောင့် အဆင့် (၃) နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ တန်းတက်ခွင့်အတွက် play-off ကစားခဲ့ရတာဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်မှာ ဂျူဗီစတာဗီယာကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး သုံးဂိုးနဲ့ နိုင်ပွဲရခဲ့လို့ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်မှာ ကာတန်ဇာရိုအသင်းကို နိုင်ပွဲရခဲ့တာကြောင့် စီးရီးအေကို ပြန်လည်တန်းတက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ သမိုင်းတစ်လျှောက်မှာ အခုတစ်ကြိမ်အပါအဝင် စီးရီးအေပြိုင်ပွဲကို လေးကြိမ်ထိ တန်းတက်နိုင်ခဲ့တာဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါတယ်။

# စည်းလုံးညီညွတ်ခြင်းဖြင့် အရာရာကို တိုးတက်အောင်မြင်

မန္တလာကိုကိုဝင်း

မည်သည့်လုပ်ငန်းမဆို စည်းလုံးညီညွတ်စွာ အလုပ်လုပ်ဆောင်ကြမည်ဆိုလျှင် အောင်မြင်မည်ဖြစ်သည်။ အောင်မြင်မှုရှိသည့်လုပ်ငန်းတိုင်းကို လေ့လာကြည့်လျှင် ထိုလုပ်ငန်းကိုဦးဆောင်လုပ်ကိုင်သူ၏ကွပ်ကဲမှုအောက်၌ စည်းလုံးညီညွတ်စွာအလုပ်လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ အလုပ်လုပ်သူတိုင်း မိမိလုပ်ငန်းအပေါ် မခိုမကတ်စေတနာထားလုပ်ဆောင်ခြင်းသည် အောင်မြင်ခြင်း၏အခြေခံဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းတိုင်း၏ တိုးတက်အောင်မြင်မှုသော့ချက်သည် စည်းလုံးညီညွတ်ခြင်း၊ အလုပ်ကို မခိုမကတ်လုပ်ကိုင်ခြင်း၊ စည်းကမ်းလိုက်နာမှုကောင်းမွန်ခြင်းဟူသော အခြေခံအချက်များကြောင့်ဖြစ်သည်။ စည်းလုံးခြင်းသည်အင်အား၊ စည်းလုံးညီညာအောင်ကြောင်းဖြာဟူသော စကားရပ်များမှာ အောင်မြင်ခြင်းကို မီးမောင်းထိုးပြပေးနေခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားရာတွင် "လွတ်လပ်ရေးရပြီးတော့ စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးကညီညွတ်ဖို့လိုတာပေါ့။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လဲ လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာအမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှအလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက်စရာအကြောင်းမရှိပါဘူး။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံ မဖြစ်စရာအကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံသားအားလုံး ခွန်အားရှိကြတယ်။ ကိုယ့်ခွန်ကိုယ်အားကို အသုံးချနိုင်ဖို့ပဲလိုတယ်ဆိုတာပြောပါရစေ"ဟု ဖြေကြားခဲ့သည်။ အဆိုပါစကားများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်ဆောင်ရမည့်ကိစ္စရပ်များကို မီးမောင်းထိုးပြ၊ လမ်းညွှန်ပြခြင်းဖြစ်သည်။

မြန်မာ့သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် စည်းလုံးညီညွတ်ခြင်း၊ အလုပ်လုပ်ခြင်း၊ စည်းကမ်းရှိခြင်းများကြောင့် သူ့ခေတ်နှင့်သူ ခေတ်မီတိုးတက်သောနိုင်ငံတော်များတည်ထောင်နိုင်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့် မြန်မာနိုင်ငံတွင် စည်းလုံးညီညွတ်မှုသည် အဓိကအချက်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိအောင်၊ ပြည်ထောင်စုမပြိုကွဲအောင်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် ပထမမြန်မာနိုင်ငံတော်ကို အနော်ရထာမင်းမြတ်ကလည်းကောင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကို ဘုရင့်နောင်မင်းတရားကြီးကလည်းကောင်း၊ တတိယမြန်မာနိုင်ငံတော်ကို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကလည်းကောင်း တည်ထောင်နိုင်ခဲ့ကြသည်။

ထိုအင်ပါယာနိုင်ငံကို တည်ထောင်နိုင်ခဲ့သူများကြောင့် မြန်မာတို့ ဂုဏ်သိက္ခာမြင့်မားခဲ့သည်။ "မောင်တို့-ကြားကြကုန်လော့၊ မယ်တို့-ကြားကြကုန်လော့၊ ရွှေဖျားပုဂံပြေမှာဖြင့်၊ မြန်မာတတွေမှာ ရတနာရွှေအပေါင်းငွေပြင်၊ မင်းကောင်းနော်ရထာတဲ့ မော်စရာဟိုတခေတ်ကိုဖြင့်၊ ဥဩဏ်သစ်ကာ တရှင်ရှင်နှင့်၊ ဘဝင်မှာအမြင်မှန်းကာပ့ါ၊ တမ်းတ၍ ကြည်ညိုပါ"ဟူ၍ ဆရာဇော်ဂျီက 'ရှေးခေတ်ပုဂံပြည်' ကဗျာတွင် ဖွဲ့ဆိုထားသည်။ မြန်မာတို့၏စည်းလုံးညီညွတ်မှုအင်အားသည် အာရှတစ်လွှားတွင် အလွှန်ပင်ကျော်ကြားခဲ့သည်။ စည်းလုံးညီညွတ်မှုလျော့နည်းခြင်း၊ စွမ်းအားရှိသမျှအလုပ်မလုပ်ခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်းများရှိလာ၊ ကြုံလာသောအခါ ရွှေမှန်ကင်းအစစ်မှထင်းဖြစ်ခဲ့ရသည်မှာလည်း ယနေ့တိုင်မမေ့နိုင်စရာသင်ခန်းစာဖြစ်သည်။

**❖ အောင်မြင်မှုရှိသည့်လုပ်ငန်းတိုင်းကို လေ့လာကြည့်လျှင် ထိုလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်သူ၏ ကွပ်ကဲမှုအောက်၌ စည်းလုံးညီညွတ်စွာအလုပ်လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ အလုပ်လုပ်သူတိုင်း မိမိလုပ်ငန်းအပေါ် မခိုမကတ်စေတနာထားလုပ်ဆောင်ခြင်းသည်အောင်မြင်ခြင်း၏အခြေခံဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းတိုင်း၏ တိုးတက်အောင်မြင်မှုသော့ချက်သည် စည်းလုံးညီညွတ်ခြင်း၊ အလုပ်ကို မခိုမကတ်လုပ်ကိုင်ခြင်း၊ စည်းကမ်းလိုက်နာမှုကောင်းမွန်ခြင်းဟူသော အခြေခံအချက်များကြောင့်ဖြစ်သည်။ စည်းလုံးခြင်းသည်အင်အား၊ စည်းလုံးညီညာအောင်ကြောင်းဖြာဟူသော စကားရပ်များမှာ အောင်မြင်ခြင်းကို မီးမောင်းထိုးပြပေးနေခြင်းဖြစ်သည်။ ❖**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးမဆုံးရှုံးမီက တစ်စည်းတစ်လုံးတည်းရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပဒေသရာဇ်စနစ်ကျင့်သုံးသော်လည်း အားလုံးသည် စည်းလုံးညီညွတ်မှုအပြည့်အဝရှိသည်။ နယ်ချဲ့ကို ပြန်လည်တိုက်ထုတ်ခဲ့ရာတွင် ဗမာလူမျိုးတစ်မျိုးတည်းမဟုတ်ဘဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားလူမျိုးအားလုံးပါဝင်ခဲ့သည်။ ဆိုရလျှင်တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာခဲ့သည်။

ထို့ကြောင့် နယ်ချဲ့တို့သည် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးသောအခါ စတင်လုပ်ဆောင်သည်မှာ သွေးခွဲအုပ်ချုပ်ခြင်းဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း သွားလာမှုနယ်မြေကန့်သတ်ချုပ်ချယ်ပိတ်ပင်ခြင်း၊ တိုင်းရင်းသားအချင်းချင်းရန်ငြိုးပွားစေခြင်း၊ မြန်မာ့သမိုင်းအမှန်များကို ဖျောက်ဖျက်ကာ သမိုင်းအတုအယောင်များဖန်တီးသွေးခွဲခြင်းစသည်ဖြင့် လုပ်ရပ်မျိုးစုံလုပ်ဆောင်ခဲ့သည်။ လွတ်လပ်ရေးမဆုံးရှုံးမီက တိုင်းရင်းသားအားလုံး စုစုစည်းစည်းနေခဲ့ကြသော်လည်း လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက် စည်းလုံးညီညွတ်မှုပျက်ပြားခဲ့သည်။

ယနေ့ လွတ်လပ်ရေးရရှိပြီးကာလနောက်ပိုင်းတွင် အဆိုပါသွေးခွဲအုပ်ချုပ်ခြင်းစနစ်ဆိုးကြောင့် မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းမှုနည်းပါးခဲ့ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်းများရှိခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်း၏ဒဏ်ကို တိုင်းရင်းသားအားလုံးခံစားကြရသည်။ အထူးသဖြင့်လက်နက်ကိုင်ဆောင်ကာ မိမိဒေသဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးအောင်လုပ်ဆောင်နေသူများကြောင့်လည်း ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ နိမ့်ကျလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးများ ကျောင်းမနေနိုင်ခြင်းမှာလည်း ကလေးငယ်များအတွက် လူ့အခွင့်အရေးဆုံးရှုံးခြင်းဖြစ်သည်။ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ခြင်းဖြင့် ကျောင်းနေအရွယ်ကလေးများကို လမ်းမှားရောက်အောင်ပို့ဆောင်နေသည်မှာလည်း လူငယ်တို့၏အနာဂတ်ကို ဖျက်ဆီးနေခြင်းဖြစ်သည်။ ဤလုပ်ရပ်ဆိုး၊ အဖြစ်ဆိုးများကို ဒေသခံပြည်သူတို့က လက်မခံတော့ပေ။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်သာယာရေး၊ ပြည်သူတို့လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံအတွင်းရှိအကြောင်းအမျိုးမျိုးပြ လက်နက်ကိုင်ဆောင်နေသည့် အဖွဲ့အစည်းများကို နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်နိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရန်ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ဒီမိုကရေစီစနစ်သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားအောင်ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုအခါ မိမိတို့၏လိုအင်ဆန္ဒများကို လွှတ်တော်တွင် တင်ပြတောင်းဆိုနိုင်ပြီဖြစ်ပေရာ ငြိမ်းချမ်းရေးကို အလေးထားခြင်း၊ တရားဥပဒေဘောင်အတွင်း နေထိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် စုစည်းညီညွတ်စွာအလုပ်လုပ်ကြလျှင် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မည့်အနေအထားဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းကြောင့် ပြည်ပရင်းနှီးမှုများလည်း ပိုမိုဝင်ရောက်လာတော့မည်ဖြစ်သည်။ နိုင်ငံအတွင်းဆောင်ရွက်နေသည့် စီးပွားရေးဇုန်များ၊ လမ်းကြောင်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာပေါ်ပေါက်လာတော့မည်ဖြစ်သည်။

လူငယ်များအနေဖြင့် မိမိတို့တတ်ကျွမ်းရာပညာရပ်များကို ပြည်ပနိုင်ငံများသို့ သွားရောက်အသုံးချရန်မလိုတော့ဘဲ မိမိနိုင်ငံတိုးတက်ရေးအတွက်၊ မိမိလူမှုစီးပွားဘဝမြင့်မားရေးအတွက် အိုးမကွာ၊ အိမ်မကွာလုပ်ဆောင်နိုင်ကြတော့မည်ဖြစ်သည်။ ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့နိုင်ပြီး ပြည်ပမှတင်သွင်းရမည့်ကုန်ပစ္စည်းနည်းပါးလာကာ နိုင်ငံ၏ GDPမြင့်မားလာမည်ဖြစ်သည်။ တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုသည့်အတိုင်း မိမိဘဝ၊ မိမိနိုင်ငံတိုးတက်လိုလျှင် ပြည်သူအားလုံးက စည်းလုံးညီညွတ်စွာအလုပ်လုပ်ကြရန်သာဖြစ်သည်။

ယနေ့တိုးတက်သောနိုင်ငံများကို လေ့လာကြည့်ပါက ၎င်းနိုင်ငံအတွင်း နေထိုင်မည်ဆိုလျှင် စည်းကမ်းရှိရှိနေထိုင်သွားလာကြရသည်။ ၎င်းနိုင်ငံက ထုတ်ပြန်ထားသောဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးကြရသည်။ ဖောက်ဖျက်ခဲ့လျှင်လည်း ထိရောက်စွာ အပြစ်ပေးအရေးယူခံကြရသည်။ ထိုက်တန်သောလစာနှင့်အတူ အလုပ်လုပ်ကြရသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍစုံတွင် စနစ်တကျသတ်မှတ်ထားသည့်အတိုင်း လုပ်ဆောင်ကြရသည့်အတွက် အဆိုပါနိုင်ငံများ တိုးတက်နေခြင်းဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် ပြည်သူများရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များရှိနေပြီဖြစ်၍ မိမိတို့ဒေသအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြနိုင်ကြပြီဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသကောင်းကျိုးအတွက် လိုအပ်သည်များလမ်းညွှန်ခြင်း၊ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတစ်ရပ်လုံးစိတ်ချမ်းမြေ့စေရေးအတွက် နိုင်ငံတော်၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ကုန်ထုတ်လုပ်မှုအားပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပညာရေးကို အားပေးခြင်း၊ နိုင်ငံတော်သာယာရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်အစိုးရဦးဆောင်မှုနှင့်အတူ ညီညွတ်စွာပူးပေါင်းဆောင်ရွက်ခြင်း၊ ညီညွတ်ရေးအတွက် ဥပဒေကိုလိုက်နာခြင်း၊ အသိပညာ၊ အတတ်ပညာများတိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်ခြင်း၊ မိမိတို့အလုပ်တာဝန်များကိုမလစ်ဟင်းဘဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ တိုင်းရင်းသားအားလုံးနေထိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မကြာမီအချိန်မှာပင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မောင်ကကျွန်မကို ချစ်သတဲ့လား ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲပြုလုပ်



ရန်ကုန် ဇူလိုင် ၂၃

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မောင်ကကျွန်မကို ချစ်သတဲ့လား ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဇူလိုင် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော် အောင်မြေ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် မိုးယုစံက ပြောပြ၍ သိရသည်။

မောင်ကကျွန်မကို ချစ်သတဲ့လား ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမ နီနီနိုင်(သထုံ)၏ အောင်မြင်မှုရရှိထားသည့် ဝတ္ထုဇာတ်လမ်းကို ဟေမာန်ဟိဏ်းနှင့် အေးမြတ်ချိုတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ သားညီက ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"မောင်ကကျွန်မကို ချစ်သတဲ့လားဆိုတဲ့ဇာတ်ကားမှာ မောင်လေး ချာလီနဲ့တွဲရမှာပါ။ မိုးယုက ဒီဇာတ်ကားမှာ အဖွမ်းဆိုတဲ့ ကာရိုက်တာနဲ့ပါဝင်ထားပါတယ်။ စာရေးဆရာမကြီးနီနီနိုင်ရဲ့ဝတ္ထုလဲဖြစ်တယ်။ ဆရာမကြီးရဲ့ဝတ္ထုက စာဖတ်ပရိသတ်တွေကြား ရေပန်းစားတဲ့အချစ်ဇာတ်လမ်းမို့ သဘောကျလို့လက်ခံဖြစ်တာပါ"ဟု သရုပ်ဆောင် မိုးယုစံက ပြောပြသည်။

မောင်ကကျွန်မကို ချစ်သတဲ့လား ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ချာလီငြိမ်း၊ ဇီတာမင်၊ မြင့်မြတ်မိုး၊ နေရှိုင်း၊ ရဲရင့်ဘုဏ်း၊ ဉာဏ်မင်းဆက်၊ အောင်ခိုင်၊ ဝင်းမြင့်၊ ဇော်ဝင်းမောင်၊ မိုးယုစံ၊ မှူးထိပ်ထား၊ ဆုလဘ်ရတနာ၊ ဂျူးဂျူး၊ ခင်ခင်ကြီး၊ ဝင်မင်းသန်း၊ သိင်္ဂီမြင့်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

## တေးသံရှင် မေဓလာနှင့် ဖြိုးပြည့်စုံတို့၏ ခေတ်နှစ်ခေတ်ရဲ့ရင်ခုန်သံစဉ်များဆုံစည်းရာ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၂၃

တေးသံရှင် မေဓလာနှင့် ဖြိုးပြည့်စုံတို့၏ ခေတ်နှစ်ခေတ်ရဲ့ရင်ခုန်သံစဉ်များဆုံစည်းရာ တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon-THOR Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင်မေဓလာက ပြောပြ၍ သိရသည်။

တေးသံရှင် မေဓလာနှင့် ဖြိုးပြည့်စုံတို့၏ ခေတ်နှစ်ခေတ်ရဲ့ရင်ခုန်သံစဉ်များဆုံစည်းရာ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ ဖျော်ဖြေမှုများကို Daily Gita Music Band က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမည်ကြောင်း သိရသည်။

"The Heart of Rangoon-THOR Bar မှာ ဇူလိုင် ၂၈ ရက်မှာ ချစ်ငယ်နဲ့




မောင်လေး ဖြိုးပြည့်စုံတို့ရဲ့ ခေတ်နှစ်ခေတ်ရဲ့ရင်ခုန်သံစဉ်များ ဆုံစည်းရာဆိုတဲ့ ဂီတဖျော်ဖြေပွဲလေးရှိပါတယ်။ Daily Gita Music Band ကလဲ ချစ်ငယ်တို့သီချင်းတွေကို အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမှာမို့ တစ်နေရာတည်းမှာ တစ်ပြိုင်နက်တည်း ခံစားရမဲ့အမှတ်တရ ဂီတညလေးကို လှမ်းလာခဲ့ပါအုံး" ဟု တေးသံရှင် မေဓလာက ပြောပြသည်။

The Heart of Rangoon-THOR Bar တွင်ပြုလုပ်မည့် ခေတ်နှစ်ခေတ်ရဲ့ရင်ခုန်သံစဉ်များ ဆုံစည်းရာ တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၈ ရက် ညနေ ၆ နာရီ မိနစ် ၃၀ တွင် စတင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ ASH

## မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၈ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်




ရန်ကုန် ဇူလိုင် ၂၃

Love +2 ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၈ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ မင်းဆက်သစ်က ပြောပြ၍ သိရသည်။

မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မင်းဆက်သစ်က ရေးသားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မင်းဆက်သစ်က Love +2 ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"အများကြီး ရင်ခုန်ရင်တုန်နေခဲ့ရပေမဲ့ အားလုံးရဲ့ချစ်ခြင်းမေတ္တာတွေကြောင့်ပဲ ကျွန်တော်ရိုက်ကူးပြီးသား ဇာတ်ကားသုံးကားစလုံး ရုံတင်ပြသခွင့်ရပါပြီ။ မက်မက်မောမောမုန်းကတော့ ဩဂုတ် ၂၈ ရက်မှာရုံတင်မှာပါ။ ဒီဇာတ်ကားက ပရိသတ်အကြိုက်တွေ့စေမဲ့ ရိုမန့်ဒရာမာ ဇာတ်လမ်းပုံစံမျိုးပါ။ ကိုနေဝင်းနဲ့ မေမီတို့က တွဲဖက်ရိုက်ကူးနေကြမဟုတ်ပေမဲ့ ပရိသတ်တွေ သဘောကျဖို့ဖန်တီးရိုက်ကူးဖြစ်တာပါ။ မင်္ဂလာပွဲဆိုတာ မိန်းကလေးတိုင်းရဲ့ အခမ်းနားဆုံး၊ အလှပဆုံး စိတ်ကူးယဉ်အိပ်မက်တစ်ခုဆိုပေမဲ့ မင်္ဂလာပွဲနေ့မှာတင် သတ်ပွဲဖြစ်ခဲ့ရတဲ့ သတို့သမီးတစ်ယောက် အိမ်ထောင်ရေးဆိုတာ တိုက်ပွဲတစ်ခုလိုဖြစ်ခဲ့ရတဲ့ မုန်းဒါလီနဲ့ ဘုန်းထည်ဝါတို့ရဲ့ ကြေကွဲရင်နင့်စရာအိမ်ထောင်ရေးဇာတ်ကြောင်းလေးပါ"ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ ဖြိုးရာဇာနိုင်၊ ဇော်ဝင်းနိုင်၊ ဒေါင်းဝေ၊ မေမီကိုကို၊ မယ်လိုဒီ၊ သင်းသဲဗို၊ ဂွမ်းပုံကြီးနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

## The Conjuring: First Communion ၌ မင်းသား မက်သီးယပ်ရှရိုက်ဟိုဖာ ပါဝင်မည်ဖြစ်

နယူးယောက် ဇူလိုင် ၂၃

New Line ရုပ်ရှင်ကုမ္ပဏီ၏ The Conjuring: First Communion ဇာတ်ကားသစ်၌ ဂျာမနီ မင်းသား မက်သီးယပ်ရှရိုက်ဟိုဖာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

မင်းသား မက်သီးယပ်ရှရိုက်ဟိုဖာသည် Oppenheimer နှင့် Army of Thieves ကဲ့သို့ ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။

The Conjuring: First Communion ဇာတ်ကားတွင် မက်သီးယပ်ရှရိုက်ဟိုဖာသည် မင်းသား ဂျာရက်တ်ဝါးအင်း၊ မင်းသမီး အာဖန်ဒါဖစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ရိုဒရီဂူးဟော့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

The Conjuring: First Communion ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရစ်ချက်နိုင်းနှင့် အိုင်ယန်ဂိုးဘ်တို့က ရေးသားပေးထားကြောင်း သိရသည်။

The Conjuring: First Communion ဇာတ်ကားကို ၂၀၂၇ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ရုံတင်ပြသရန် New Line ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## Skeletons ထိတ်လန့်သည်းဖိုဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇွန် ၄ ရက်တွင် ရုံတင်မည်

နယူးယောက် ဇူလိုင် ၂၃

Skeletons အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇွန် ၄ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၂၂ ရက် သတင်းများအရ သိရသည်။

Skeletons ဇာတ်ကားတွင် မင်းသား ကီလီဂဲနာ၊ မင်းသမီး ဘရီးလာဆင်၊ ဝီလာဖစ်ဂျရယ်၊ အိုင်အိုနီစကိုင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Skeletons ဇာတ်ကားသည် မိခင်၏ လျှို့ဝှက်ထားသော သဘာဝအမှန်ကို သိမြင်လာသည့် ကလေးတစ်ဦး၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Skeletons ဇာတ်ကားကို ဒါရိုက်တာ ဂျေဘီဗိုလ်လာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘရိုင်ယန်ဒပ်ဖီးက ရေးသားပေးထားသည်။

Skeletons ဇာတ်ကားထုတ်လုပ်မှုလုပ်ငန်းကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ပြီးခဲ့သည့်နှစ်လကပင် စတင်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Press Statement on the ASEAN Five-Point Statement, known as the ASEAN Five-Point Consensus

During the ASEAN Leaders' Meeting held at the ASEAN Secretariat in Jakarta, Indonesia on 24 April 2021, the ASEAN Leaders deliberated and provided recommendations on the developments in Myanmar. At the Meeting, Myanmar responded that (1) it noted that some suggestions by the ASEAN Member States were constructive and would be taken into consideration based on the internal situation of the state; (2) it would give careful consideration to those suggestions since priorities at the moment were given to maintain law and order and to restore community stability; and (3) the suggestions would be positively considered if it would facilitate the implementation of the Five-Point Roadmap laid down by the Government, in line with the purposes and principles enshrined in the ASEAN Charter, ASEAN Way and ASEAN Spirit.

Following the ASEAN Leaders' Meeting, the Five-Point Statement was released as an annex to the Chairman's Statement. It was attached as an annex to the Chairman's Statement without prior notification and circulation of a draft to the Member States, particularly to the country concerned, Myanmar, which was inconsistent with the ASEAN practice. Therefore, it was released without reaching a consensus among all Member States. Myanmar's position on the said Statement had already been conveyed through the state-owned newspapers on 27 April 2021.

Myanmar has also endeavoured to cooperate to the fullest extent possible guided by the spirit of the ASEAN family and based on its national interests with regard to the recommendations and suggestions made by the ASEAN Member States, as well as the aforementioned Five-Point Statement. As the Five-Point Roadmap laid down during the tenure of the State Administration Council is complementary to the ASEAN Five-Point Statement, the Government has implemented its Five-Point Roadmap, while making every possible effort to cooperate on matters relating to it without compromising its national interests and sovereignty.

Following the successful holding of elections in Myanmar in December 2025 and January 2026, the Hluttaw (Parliament) has been duly constituted. On 9 July 2026, the Pyidaungsu Hluttaw (Union Parliament) adopted an urgent motion "urging the Union Government to review and take necessary action regarding the Five-Point Statement, as it diverges from fundamental principles of ASEAN, and does not align with the current political developments in Myanmar."

Myanmar delegation led by the Union Minister for Foreign Affairs attended the Informal Meeting of the ASEAN Foreign Ministers which was held in Bangkok, Thailand, on 12 July 2026.

At the said Informal Meeting, the Union Minister briefed that Myanmar will continue its efforts to normalize its relations with ASEAN through a Myanmar-owned and Myanmar-led process, based on the reality on the ground while safeguarding its national interests and sovereignty. Regarding the ASEAN Five-Point Statement, the Union Minister also briefed that as the Pyidaungsu Hluttaw has adopted an urgent motion, the Government, being bound to respect the decision of the Hluttaw, consisting of the Representatives elected by the will of the people, is obliged to respect and to take appropriate measures accordingly while Myanmar will cooperate with the Association to the fullest extent possible to restore normalization of its relations with ASEAN.

Myanmar will enhance its cooperation with international communities including neighbouring countries, friendly countries and ASEAN Member States, in line with its foreign policy stipulated in the 2008 Constitution and the Five Principles of Peaceful Coexistence, and continue to maintain constructive and mutually beneficial cooperation with ASEAN while upholding its national interests and sovereignty.

In the discussion and implementation of the ASEAN Five-Point Statement, ASEAN Member States should respect and uphold ASEAN's fundamental principles enshrined in the ASEAN Charter such as respect for the sovereignty of Member States and non-interference in internal affairs. Myanmar, on its part, will continue to cooperate with ASEAN to the fullest extent possible based on the real situations on the ground.

**Ministry of Foreign Affairs**
**23 July 2026**

# KhinU Township completes cultivation of more than 8,000 acres of vegetables

**KhinU July 23**

Agricultural data compiled by KhinU Township Agriculture Department stated that local farmers planted 8,240 acres of vegetables as monsoon crops in KhinU Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, KhinU Township set a target of cultivating 10,479 acres of vegetable crops. The cultivation of these vegetable crops began in May this year, and as of today, 8,240 acres have already been planted, according to reports.

"This year's monsoon cropping season, KhinU Township has targeted the cultivation of more than 10,000 acres of vegetables. As of today, more than 8,000 acres have already been planted. We are working to ensure that the targeted acreage is fully achieved. The crops include mustard greens, chilli, herbs and spices, potatoes, cabbage, eggplant, and cauliflower. We are providing farmers with technical assistance to enable them to cultivate all vegetables in accordance with Good Agricultural Practices (GAP). We are also providing farmers with technical guidance to ensure that the vegetables they grow have minimal chemical residues and are safe and suitable for consumption," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

This year, the KhinU Township Department of Agriculture has been providing vegetable growers with technical training on GAP cultivation methods, technical assistance to ensure that vegetables produced from farms meet health and safety standards, and support to encourage farmers to expand vegetable cultivation.

A variety of seasonal vegetables are cultivated annually in KhinU Township, and these vegetable crops have been successfully produced, generating income for farming households. The Township Department of Agriculture is also raising awareness among vegetable growers on proper cultivation methods, prevention of pest infestations, and the preparation and use of natural fertilizers, natural pesticides, and insect repellents. 206

# Iran says U.S. bases in Kuwait, Jordan hit in new retaliatory raids

**Tehran July 23**

Iran said Thursday that U.S. bases and assets in Kuwait and Jordan were hit in a new round of its retaliation strikes, which inflicted personnel casualties and heavy military losses there.

Iranian forces hit and destroyed in a drone attack a large military equipment warehouse, a Patriot air defense system and a hangar of MQ-9 Reaper drones, all belonging to the United States, at the Ali Al Salem Air Base in Kuwait "to punish the U.S. Army for its interventions in the Strait of Hormuz," Iran's Islamic Revolution Guard Corps (IRGC) said in statements published on its official Sepah News.

The Iranian army also said it hit a Terminal High Altitude Area Defense (THAAD) anti-missile system, a Patriot air defense system, a C-RAM radar system and fuel storage facilities at U.S. bases in Jordan, and destroyed a large warehouse of U.S. helicopter parts and a silo for the maintenance and repair of American helicopters.

Earlier on Thursday, the U.S. Central Command said on X that its forces had "completed another round of strikes against Iran for the 12th consecutive night."

Iran's semi-official Mehr news agency reported multiple explosions across several provinces, including Kermanshah, Khuzestan and Bushehr, following early Thursday's U.S. strikes. In the southwestern province of Khuzestan, a missile attack near a passenger terminal on the Iran-Iraq border left at least two people dead and 11 others wounded.

Xinhua

# World Insights: Fastest-ever Ebola outbreak tests global health response

**Nairobi July 23**

Over two months, the fastest-in-the-world Ebola outbreak in the Democratic Republic of the Congo (DRC) has left more than 1,000 dead.

The epidemic has become the third-largest ever documented globally -- a marker that understates the danger. The two larger outbreaks, in West Africa in 2014-2016 and in eastern DRC in 2018-2020, each unfolded over roughly two years. This time it has scaled up rapidly in weeks.

The tempo of spread is never faced. The 2018-2020 outbreak in eastern DRC took more than 10 months to reach 2,000 confirmed cases, but this time it took only two months. In recent days, the country has recorded almost 80 confirmed cases in a single day, and at one point 37 deaths in 24 hours.

"We've seen the fastest growth in a single month since the outbreak started, and of all the Ebola outbreaks that we have managed," said Chikwe Ihekweazu, executive director of the World Health Organization (WHO) Health Emergencies Programme. The Africa Centers for Disease Control and Prevention (Africa CDC) called it the fastest-growing the continent has seen.

Xinhua

## Please read the following supplementary information

The full name of the Ambassador of the Socialist Republic of Vietnam to the Republic of the Union of Myanmar is Mr Nguyen Anh Duc instead of Mr Ngu Anh Duc described on Page 12 of the Yadanabon Daily issued on 23 July 2026.

MNA

# Pwintbyu Township sees completion of growing all crops on more than 50,000 acres of croplands



**A pigeon pea plantation.**

**Pwintbyu July 23**

Local farmers have planted all crops on 54,792 acres of croplands in Pwintbyu Township in Magway Region, according to the township Agriculture Department.

Local authorities earmarked cultivation of 140,345 acres of various crops as monsoon crops in Pwintbyu Township but local farmers planted 54,792 acres of crops.

"This year's monsoon cropping season, we have targeted the cultivation of 140,345 acres of various crops in Pwintbyu Township. As of today, 54,792 acres have already been planted. Local farmers are working together to ensure that the target acreage for each crop is achieved. For some crops, the planted area has already exceeded the original targets. Planting of the remaining crops is continuing to ensure that all target acreages are fulfilled. For the crops already planted, we are also supervising measures to increase yields and produce high-quality crops by ensuring effective pest and disease control, as well as the proper use of fertilizers and other agricultural inputs," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

To ensure the successful cultivation of monsoon crops, including paddy, in Pwintbyu Township without difficulties, the Township Department of Agriculture has been working closely with farmers by providing technical assistance on improving soil fertility, selecting suitable seed varieties, adopting Good Agricultural Practices (GAP), using irrigation water systematically, and implementing pest and disease control measures.

Daw Moe Moe Wai further explained that if farmers can increase crop yields through seasonal cultivation, it will not only help ensure local food security but also enable them to sell surplus produce, thereby generating higher incomes and improving their socioeconomic livelihoods. She added that efforts should therefore be made throughout the region to expand agricultural production.

Ye Win Naing (NyaungU)

# More than 40,000 acres of groundnut planted in Kanbalu Township

**Kanbalu July 23**

Statistics of Kanbalu Township Agriculture Department in Sagaing Region stated that local farmers have planted 47,413 acres of groundnut as monsoon crops in Kanbalu Township this year.

During the 2026-2027 monsoon cropping season, Kanbalu Township set a target of cultivating 51,901 acres of groundnuts. Planting began in May this year, and as of today, 47,413 acres have been planted, according to reports.

"This year's monsoon cropping season, Kanbalu Township has targeted the cultivation of more than 51,000 acres of groundnuts. As of today, more than 47,000 acres have already been planted. Efforts are continuing to ensure that the target acreage is fully achieved. As an oilseed crop, groundnut cultivation is progressing successfully, and the area under cultivation has been increasing year by year," said U Myo Myint, Head of the Kanbalu Township Department of Agriculture.

In Kanbalu Township, about one and a half baskets of seed are required to plant one acre of groundnuts. The total cultivation cost exceeds K200,000 per acre, including the cost of seed, labour, fertilizers, and pesticides. An average yield of more than 50 baskets per acre can be obtained.

This year, to ensure the successful growth of groundnut crops in Kanbalu Township, staff from the Township Department of Agriculture have been conducting field inspections, carrying out pest and disease surveillance, monitoring weed control, and maintaining field scouting records to help farmers manage their crops effectively. 206

# More than 1,000 acres of soya bean planted in Naga Self-Administered Zone

**Naga July 23**

Statistics of Sagaing Region Agriculture Department stated that local farmers have grown more than 1,000 acres of soya bean in Naga Self-Administered Zone this year.

During the 2026–2027 monsoon cropping season, the Naga Self-Administered Zone has targeted the cultivation of 1,258 acres of soybeans. Planting began in June this year, and as of today, cultivation has been completed on 121 acres in Leshi Township, 16 acres in Summara, 488 acres in Lahe Township, 115 acres in Thangpakhwe, 172 acres in Nanyun Township, 221 acres in Donhee, and 68 acres in Pansawng, bringing the total planted area to 1,201 acres.

"This year's monsoon cropping season in the Naga Self-Administered Zone has a target of cultivating 1,258 acres of soybeans. As of today, 1,201 acres have already been planted. We are continuing our efforts to ensure that the planned cultivation target is fully achieved. We will also carry out awareness-raising activities to help prevent pest infestations. In addition, we have made arrangements to ensure the availability of the required seed and have been encouraging farmers to participate," said Daw San San Myint, Deputy Director of the Sagaing Region Department of Agriculture.

For the 2026–2027 monsoon cropping season, the soybean cultivation targets by township in the Naga Self-Administered Zone are 311 acres in Leshi Township, 11 acres in Summara, 349 acres in Lahe Township, 122 acres in Thangpakhwe, 142 acres in Nanyun Township, 252 acres in Donhee, and 71 acres in Pansawng, for a total of 1,258 acres.

The respective Township Departments of Agriculture in the Naga Self-Administered Zone are providing extension services to pulse growers, including the supply of improved and certified seed varieties suited to local conditions, guidance on proper cultivation techniques, pest prevention and control, the systematic use of chemical fertilizers, and measures to improve crop yields.

During this year's monsoon cropping season, the departments are also working closely with farmers to improve the yield and quality of pulse crops by providing improved and certified seed, agricultural inputs, and post-harvest technical assistance. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Katha District completes cultivation of maize on more than 1,000 acres of croplands

**Katha July 23**

According to the district Agriculture Department, local farmers planted more than 1,000 acres of maize and sweet corns in Katha District of Sagaing Region this year.

During the 2026-2027 monsoon cropping season, Katha District has targeted the cultivation of 5,691 acres of maize and sweet corn across its townships. Planting began in May this year, and as of today, cultivation has been completed on a total of 1,902 acres, comprising 498 acres of maize and 299 acres of sweet corn in Katha Township, 820 acres of sweet corn in Indaw Township, 35 acres of sweet corn in Htigyaing Township, and 250 acres of sweet corn in Bamauk Township.

"This year's monsoon cropping season in Katha District has a target of cultivating more than 5,000 acres of maize and sweet corn. As of today, more than 1,000 acres have already been planted. We are continuing our efforts to ensure that the planned cultivation target is fully achieved. We are also providing farmers with technical guidance to ensure successful crop production and raising awareness on the prevention of pests and crop diseases," said Daw Khin Myat Myat Oo, District Director of the Katha District Department of Agriculture.

For the 2026-2027 monsoon cropping season, the district's cultivation targets by township are 2,947 acres of maize and 1,725 acres of sweet corn in Katha Township; 65 acres of maize and 500 acres of sweet corn in Indaw Township; 129 acres of maize and 125 acres of sweet corn in Htigyaing Township; and 200 acres of sweet corn in Bamauk Township, for a total of 5,691 acres.

This year, the Township Departments of Agriculture in Katha District have been providing maize and sweet corn growers with training courses, field demonstrations, guidance on the early prevention of fall armyworm infestations, and education on integrated crop management, including the use of neem-based pesticides and natural pest control solutions made from ginger and chilli.

In Katha District, maize yields exceed 50 baskets per acre, with a cultivation cost of about K500,000 per acre. Sweet corn produces around 15,000 ears per acre, while the cultivation cost exceeds K500,000 per acre. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## MQ-9B ဒရုန်းတွင် JSM တာဝေးပစ် ဒုံးကျည်များတပ်ဆင်ရန် အမေရိကန်နှင့်နော်ဝေနိုင်ငံတို့ စစ်ဆေးမှုများလုပ်ဆောင်ခဲ့



အမေရိကန်ထုတ် MQ-9B ဒရုန်းတွင် Joint Strike Missile(JSM) တာဝေးပစ် ဒုံးကျည်များတပ်ဆင်ရန် အမေရိကန် General Atomics Aeronautical Systems (GA -ASI)နှင့် နော်ဝေနိုင်ငံကာကွယ်ရေးကုမ္ပဏီ Kongsberg Gruppen တို့သည် အရေးပါသည့် စစ်ဆေးမှုများကို လုပ်ဆောင်ခဲ့ကြောင်း The Defence Post သတင်းဌာနက ဇူလိုင် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စနစ်လိုအပ်ချက်များ စစ်ဆေးခြင်းနှင့် ကနဦးဒီဇိုင်းစစ်ဆေးခြင်းတို့ကို နော်ဝေနိုင်ငံ၌ ဇွန်လနှောင်းပိုင်းက အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ခြင်းဖြင့် အဆိုပါပရောဂျက်သည် လိုအပ်ချက်များ သတ်မှတ်သည့် အဆင့်မှသည် ပိုမို အသားကျဖြစ်စေသော တရားဝင်ဒီဇိုင်း အဆင့်သို့ ပြောင်းလဲခဲ့ပြီဖြစ်သည်။

ယခုကဲ့သို့ မှတ်တိုင်စိုက်ထူနိုင်ခြင်းသည် ဝေဟင်နှင့် ရေပြင်စောင့်ကြည့်ရေးဗားရှင်းများအပါအဝင် MQ-9B ဒရုန်း အုပ်စုဝင် မောင်းသူမဲ့စနစ်များတွင် Kongsberg Gruppen ကုမ္ပဏီထုတ် ပဉ္စမမြောက်မျိုးဆက် JSM ဒုံးကျည်ကို တပ်ဆင်နိုင်ရေးအတွက် ပူးတွဲရန်ပုံငွေထောက်ပံ့လုပ်ဆောင်နေသည့် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ၎င်းလုပ်ဆောင်ချက်က ဒရုန်းများ၏ တာဝေးပစ်တိုက်ခိုက်ရေးစွမ်းရည်ကို ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်သည်။ လက်ရှိတွင် MQ-9B ဒရုန်းကို မြေပြင်နှင့် ရေကြောင်းတိုက်ခိုက်ရေးမစ်ရှင်များအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိပြီး JSM ဒုံးကျည်သည် အဝေးရှိ ရန်သူ့နယ်မြေမှနေ၍ ကုန်းမြေနှင့် ပင်လယ်ပြင်ပစ်မှတ်များကို အဓိကထားတိုက်ခိုက်နိုင်ရန် ဒီဇိုင်းဆွဲထားခြင်းဖြစ်သည်။

Kongsberg Gruppen ကုမ္ပဏီ၏ ဒုံးကျည်နှင့် လေယာဉ်ကိုယ်ထည်ပိုင်းဆိုင်ရာ အကြီးတန်းဒုတိယဥက္ကဋ္ဌက "MQ-9B ဒရုန်းမှာ JSM ဒုံးကျည်ကို ပေါင်းစပ်တပ်ဆင်နိုင်ခြင်းဟာ မောင်းသူပါလေယာဉ်တွေနဲ့ တွဲဖက်ပြီးဖြစ်စေ၊ သီးခြားဖြစ်စေအသုံးပြုနိုင်မဲ့ စွမ်းဆောင်ရည်အလွန်မြင့်မားတဲ့ တိုက်ခိုက်ရေးမစ်ရှင်အစုံကို ဖန်တီးပေးနိုင်ပါတယ်။ ဒါဟာ ကာကွယ်ရေးကဏ္ဍမှာ ပိုမိုစိတ်ဝင်စားလာကြတာကို ကျွန်တော်တို့မြင်တွေ့နေရတဲ့ စစ်ဆင်ရေးဆိုင်ရာ စွမ်းဆောင်ရည်တစ်ရပ် ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

MQ-9B ဒရုန်းသည် မစ်ရှင်အမျိုးမျိုးကို ပံ့ပိုးပေးနိုင်ပြီး ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် သတင်းအချက်အလက်စုဆောင်းခြင်း၊ နယ်စပ်ကင်းလှည့်ခြင်း၊ ဝေဟင်မှ တိုက်ခိုက်ခြင်းနှင့် ရေငုပ်သင်္ဘော တိုက်ဖျက်ရေးစစ်ပွဲများကို ကြမ်းတမ်းသောလုပ်ငန်း လည်ပတ်မှုပတ်ဝန်းကျင်များတွင် လုပ်ဆောင်ပေးနိုင်စွမ်းရှိသည်။ အလျား ၃၈ ပေနှင့် အတောင်ပံ ၇၉ ပေ ရှိပြီး အလေးချိန် ပေါင် ၄၇၅၀ ထိ တင်ဆောင်နိုင်ကာ မြင်းကောင်ရေ ၉၀၀ အားရှိသော Honeywell TPE331-10 တာဘိုပရော့အင်ဂျင်ဖြင့် မောင်းနှင်ထားသည်။ တစ်နာရီလျှင် မိုင် ၃၀၀ နှုန်းဖြင့် ပျံသန်းနိုင်ပြီး ရေကြောင်းမိုင် ၆၀၀၀ အကွာအဝေးထိ ပျံသန်းနိုင်ကာ အမြင့်ပေ ၄၃၀၀၀ ထိ စစ်ဆင်ရေးများ ဆောင်ရွက်နိုင်စွမ်းရှိသည်။

JSM ဒုံးကျည်သည် Williams International F-415 တာဘိုဖန်(Turbofan) အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး လမ်းကြောင်းပြသခြင်း၊ ဆက်သွယ်ရေး၊ ပစ်မှတ်ရှာဖွေခြင်းနှင့် ခြေရာခံခြင်းများအတွက် အာရုံခံကိရိယာအစုံအလင်ဖြင့် ထောက်ပံ့ပေးထားသည်။ ၎င်းဒုံးကျည်သည် တစ်နာရီလျှင် ၁၁၁၁ ကီလိုမီတာနှုန်းဖြင့် ပျံသန်းနိုင်ကာ အကွာအဝေး ၃၄၅ မိုင်ထိ ရောက်ရှိနိုင်ပြီး တိုက်လေယာဉ်များနှင့် ရေငုပ်သင်္ဘောများမှလည်း ပစ်လွှတ်နိုင်စွမ်းရှိကြောင်း သိရသည်။

**MQ-9B MOVES CLOSER TO CARRYING JOINT STRIKE MISSILE ကို ဘာသာပြန်ဆိုထားပါသည်။**

---

## အင်ဒိုနီးရှားနိုင်ငံက အီတလီနိုင်ငံ Leonardo ကုမ္ပဏီထံမှ M-346F 'Block 20' တိုက်လေယာဉ် ၁၂ စင်း မှာယူခဲ့

အင်ဒိုနီးရှားနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို မြှင့်တင်လျက်ရှိရာ အီတလီနိုင်ငံအခြေစိုက်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ Leonardo ထံမှ M-346 F 'Block 20' တိုက်လေယာဉ် ၁၂ စင်းကို မှာယူခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုကဲ့သို့ အရေအတွက် တစ်ဒါဇင်ရှိသော M-346 F 'Block 20' လေယာဉ်များ ဝယ်ယူမှုမှာ Leonardo ကုမ္ပဏီ၏ အရောင်းရဆုံး ပစ္စည်းတစ်ခုဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ပြင်သစ်ကုမ္ပဏီ Dassault တို့ကြား Rafale တိုက်လေယာဉ် ၄၂ စင်းအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိ စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ဆက်လက်ပေါ်ပေါက်လာခြင်းဖြစ်သည်။

M-346 F 'Block 20' လေယာဉ်သည် အင်ဒိုနီးရှား လေယာဉ်မှူးများအတွက် ဘက်စုံသုံး တိုက်ခိုက်ရေးစွမ်းရည်နှင့် အဆင့်မြင့်လေ့ကျင့်ရေး ပလက်ဖောင်း နှစ်ခုစလုံးကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း Leonardo ကုမ္ပဏီက ထုတ်ပြန်ခဲ့ပြီး ပထမအသုတ် လေယာဉ်များကို ၂၀၃၀ ပြည့်နှစ်မစတင်၍ ပို့ဆောင်ပေးမည်ဟု သိရသည်။

ယခုမှာယူမှုအတွက် တန်ဖိုးကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသော်လည်း ဩစတြီးယားနိုင်ငံက ၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် အလားတူ လေယာဉ် ၁၂ စင်း ဝယ်ယူခဲ့မှုမှာ ယူရို ၁ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ) တန်ဖိုးရှိကြောင်း မီဒီယာများက ဖော်ပြခဲ့ကြသည်။

Leonardo ကုမ္ပဏီထုတ် M-346 F 'Block 20' လေယာဉ်များကို မှာယူသည့် နိုင်ငံပေါင်း ၁၇၀ ကျော် ရှိသည့်အနက် အင်ဒိုနီးရှားနိုင်ငံသည် ၂၃ နိုင်ငံမြောက် ဖြစ်လာမည်ဖြစ်ကြောင်း Leonardo ကုမ္ပဏီက ကြေညာခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ရေတပ်အတွက် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများအပြင် အရပ်ဘက်ကာကွယ်ရေးတာဝန်များတွင် အသုံးပြုရန် AW149 ဘက်စုံသုံးရဟတ်ယာဉ်များကိုဝယ်ယူရန်အတွက် သဘောတူညီချက်စာချွန်လွှာကိုလည်း ထပ်မံလက်မှတ်ရေးထိုးခဲ့သည်။




အင်ဒိုနီးရှားနိုင်ငံ၏ ယခုကဲ့သို့ စစ်ဘက်ဆိုင်ရာလေယာဉ်များ ထပ်မံဝယ်ယူမှုနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်နေခြင်းသည် ဒေသတွင်းလေကြောင်းစိုးမိုးမှုနှင့် တပ်ဖွဲ့ဝင်များ၏ တိုက်စွမ်းရည်ကို သိသိသာသာ မြင့်တက်လာစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ ပြင်သစ်နိုင်ငံထုတ် Rafale တိုက်လေယာဉ်များအပြင် ယခုအီတလီနိုင်ငံထုတ် M-346 F 'Block 20' တိုက်လေယာဉ်များနှင့် AW149 ရဟတ်ယာဉ်များကိုပါ ပေါင်းစပ်ဖြည့်တင်းလာခြင်းက အင်ဒိုနီးရှားတပ်မတော်၏ ခေတ်မီတိုးတက်ရေးနှင့် မဟာဗျူဟာမြောက်ရွေ့လျားစစ်ဆင်ရေး အင်အားများကို ပိုမိုခိုင်မာအားကောင်းလာစေကြောင်း သုံးသပ်ရရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၎င်းကဲ့သို့ ကာကွယ်ရေးအသုံးစရိတ်များကို တိုးမြှင့်ကာ အနောက်နိုင်ငံထုတ် ခေတ်မီစစ်လက်နက်များကို မဟာဗျူဟာမြောက်ရယူနေခြင်းသည် အင်ဒို-ပစိဖိတ်ဒေသ၏ ပထဝီနိုင်ငံရေးတင်းမာမှုများကို တုံ့ပြန်သည့်အနေဖြင့် ၎င်းတို့၏ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို စစ်ရေးအရ လက်တွေ့အကောင်အထည်ဖော်နေခြင်းပင်ဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင် ရေကြောင်းလုံခြုံရေးနှင့် ဝေဟင်စိုးမိုးမှုသည် အဓိကစိန်ခေါ်မှုဖြစ်နေချိန်၌ အင်ဒိုနီးရှားအနေဖြင့် ပြင်သစ်နှင့် အီတလီကဲ့သို့သော ဥရောပကာကွယ်ရေးလုပ်ငန်းကြီးများနှင့် ရေရှည်မိတ်ဖက်ဆက်ဆံရေးများကို တည်ဆောက်ခြင်းဖြင့် နည်းပညာလွှဲပြောင်းရယူမှုနှင့် ကာကွယ်ရေးစက်မှုလုပ်ငန်း တိုးတက်မှုကိုပါ တစ်ဖက်တစ်လမ်းမှ ဦးတည်နေကြောင်း သိရသည်။

**Indonesia Orders 12 Combat Jets From Italy’s Leonardo ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၁၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင် ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၁၅၆ ဧကထိ စိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၀၀၀၀ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၅၆ ဧကထိ စိုက် ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲစင်းငုံ ၁၀၀၀၀ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၆၁၅၆ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါ တယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှား ရောဂါကင်းစင်ဖို့ ဆောင်ရွက်ပေး နေပါတယ်။ ပဲစင်းငုံကို သီးသန့် စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက် ပျိုးရေးဦးစီးဌာနက မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေ ဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုး တက်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံ စေမည့်အပြင် ပိုလျှံမှုကို ရောင်းချ နိုင်သဖြင့် ဝင်ငွေရရှိကာ လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း သင့်ကြောင်း မြောင်မြို့နယ်စိုက် ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုး ရေးကောက်ရိုးမှိုများ အရောင်း အဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်း မျိုးစုံ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်က စတင်ပြီး ယနေ့ထိ စိုက်ပျိုးရေးကောက်ရိုး မှိုများဝယ်လိုအား ကောင်းမွန်လာ ပြီးအရောင်း အဝယ်ကောင်းမွန်နေ ကြောင်း၊ အဆိုပါ စိုက်ပျိုးရေး ကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၂၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ် ကောင်းလျက် ရှိကြောင်း သိရသည်။

"လက်ရှိ စိုက်ပျိုးရေး ကောက် ရိုးမှိုတစ်ပိဿာကို ငွေကျပ် ၂၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသတွင်းဈေးကွက်မှာကို စိုက် ပျိုးရေးကောက်ရိုးမှိုတွေက အဝယ် လိုက်နေတာပါ။ အရောင်းအဝယ် ကောင်းနေပေမဲ့ စိုက်ပျိုးရေး ကောက်ရိုးမှို စိုက်သူနည်းတော့ အထွက်နည်းနေပါတယ်။ ထွက်ရှိ လာတဲ့ စိုက်ပျိုးရေးကောက်ရိုးမှို တွေက အရည်အသွေးလဲကောင်း ပါတယ်။ အဖူးတွေက ပိုပြီးရောင်းရ ပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိသည့် ကောက်ရိုး မှိုများသည် အရည်အသွေးကောင်း မွန်ကြောင်း၊ အဆိုပါ ကောက်ရိုး မှိုများသည် အပွင့်ထက် အဖူးများ ကိုလူများက ပိုမိုကြိုက်နှစ်သက်ပြီး ဒေသတွင်း ဈေးကွက်တွင် အဝယ် လိုက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ရွှေဥ ဒေါင်းကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင် ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ ကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ တွင် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက် နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်း များက RBF စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရွှေဥဒေါင်း ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်း များဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင် ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရွှေဥဒေါင်းကျေးရွာ၌ ကျေး လက် စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုအခါ ငရုတ်စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း ခရိုင် ဦးစီးမှူး ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

**သူသူ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ညောင်ရွှေမြို့ ရေမလည်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ



**ညောင်ရွှေ ဇူလိုင် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ဟဲယာရွာမ ကျေးရွာအုပ်စု ရေမလည်ကျေးရွာ ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက် ချုပ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်း ဖွင့်အမှာစကား ပြောကြားခဲ့ ကြောင်း သိရသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ညောင်ရွှေမြို့နယ် အတွင်းရှိ ကျေးရွာများတွင် ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းများရရှိစေရန်၊ မိသားစု ဝင်ငွေတိုးပွားလာစေရန်နှင့် လူမှု စီးပွားဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ် သင်တန်း ဖွင့်လှစ်သင်ကြားပေး ခြင်းဖြစ်ကြောင်း၊ သင်တန်းသူများ အနေဖြင့် သင်တန်းမှ သင်ကြား ပို့ချပေးသည့် သင်ခန်းစာများကို အကျိုးရှိစွာ အသုံးချပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင် သည်ထိ ကြိုးစားသွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် ညောင်ရွှေ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ယုယုတို့က သင်တန်း တက်ရောက်မည့် သင်တန်းသူများ ထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ ညောင် ရွှေမြို့နယ်အတွင်းရှိ ကျေးရွာများ မှ သင်တန်းသူဦးရေ ၂၀ တက် ရောက်ခဲ့ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ် ပညာရပ်များကို စာတွေ့လက်တွေ့ဖြင့် ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၂၂ ရက်ထိ သင်ကြားပို့ချပေးသွားမည် ဖြစ် ကြောင်း ကလောခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေ ရန် လေကောင်းလေသန့်နှင့် နေရောင် ခြည်အလင်းရောင် ရရှိစေရေးတို့ အတွက် အိမ်ရှိတံခါးများကိုဖွင့်ထား ပါ။



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တံတားအသစ်တည်ဆောက်ပေးနိုင်ရေး၊ ကန်တူးဖော်ရှင်းလင်းအဆင့်မြှင့်တင်ပေးရေးနှင့် ကုန်စည်ပို့ဆောင်ရာ လမ်းကြောင်းများတွင် အဆင်ပြေစွာပို့ဆောင်နိုင်ရန်ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ခုနစ်ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများအတွက် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကိုစကားရပ်များ အဆင့်ဆင့်အစားထိုးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများက ယနေ့အချိန်ထိ တာဝန်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ တွင် “ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်”ဟူ၍ ပြဋ္ဌာန်းထားရှိမှုနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၈/၂၀၁၁ ဖြင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ ထမ်းဆောင်ရန် တာဝန်ပေးအပ်ခဲ့ပြီး ခေတ်စနစ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၂/၂၀၂၆ ဖြင့် “မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်ကိုပြင်ဆင်သည့်ညွှန်ကြားချက်”ကို ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၁၃၆ ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထုတ်ပြန်ခဲ့ရာ ယင်းညွှန်ကြားချက်များအရ မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သည့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦးတို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာဆောင် ရွက်နိုင်ရေးအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပါပြဋ္ဌာန်းချက်များသည် ပြည့်စုံလုံလောက်ပြီးဖြစ်ခြင်း၊ ယင်းဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို စကားရပ်များအစားထိုးသည့် ဥပဒေများအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများကို လုပ်ပိုင်ခွင့်အပ်နှင်းထားပြီးဖြစ်ခြင်း၊ ခေတ်ကာလနှင့်လျော်ညီစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်များကို ဥပဒေကဲ့သို့ အာဏာတည်စေရန် ထုတ်ပြန်ထားပြီးဖြစ်ခြင်းတို့ကြောင့် လတ်တလောကာလတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေမူကြမ်းရေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နယ်ရှိ ညောင်စာရေး-တရုတ်မှော်-ကွေ့မထိ လမ်းအပိုင်းကို ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ရွှေတောင်မြို့နယ် ညောင်စာရေး-တရုတ်မှော်-ကွေ့မထိလမ်းသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးက စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၁၁ မိုင် ၂ ဖာလုံရှိပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍မြေသားလမ်း ၉ မိုင် ၃ ဖာလုံအနက် သုံးမိုင်မှာ အကျယ် ၁၆ ပေခန့်၊ ၆ မိုင် ၃ ဖာလုံတွင် အကျယ် ခုနစ်ပေခန့်၊ မြေနီလမ်း တစ်မိုင်တွင် အကျယ် ၁၂ ပေခန့်သာရှိပါသဖြင့် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သဖြင့် ကနဦးအနေဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့်အတွက် ပထမအဆင့်အနေဖြင့်(လှေကြီးစုကျေးရွာမှ သရက်တပင်ကျေးရွာ)ထိ ၂မိုင် ၁ဖာလုံလမ်းပိုင်းကို မြေသားတာပေါင်ချဲ့ခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ရာဂိမုန်တိုင်းကြောင့်ပျက်စီးခဲ့ရသော ကြံခင်းမြို့နယ်အတွင်းရှိ ငွေးချို တံတားကို အသစ်တည်ဆောက်ပေးနိုင်ပါရန်သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ကြံခင်းမြို့နယ် ငွေးချိုတံတားသည် ကျေးရွာမှကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသော အရှည် ၁၆၄ ပေရှိသည့်သစ်သားကြမ်းခင်းတံတားဖြစ်ပါကြောင်း၊ ၂၀၂၄ စက်တင်ဘာ ၁၂ ရက်တွင် ချောင်းရေများကျဆင်းလာခဲ့ပြီး ဒိုက်များပိတ်ဆို့လာကာ တံတားအလယ်ပိုင်းပြတ်ထွက်ပြီး ရေနောက်မျောပါသွားခဲ့ရာ လက်ရှိတွင် ကျေးရွာနှင့် ဌာနပူးပေါင်း၍ အကျယ် ရှစ်ပေ၊ အမြင့် ၁၈ ပေရှိသောယာယီဝါးတံတားဆောက်လုပ်ထားရှိပါကြောင်း။

အဆိုပါတံတားကို ဝန်ထောက်ကွင်း၊ ပင်ကတိုင်း၊ ငွေးချို၊ သာပေါင်း စုစုပေါင်းကျေးရွာ လေးရွာမှ အသုံးပြုသွားလာကြပါကြောင်း၊ တံတား၏မြောက်ဘက်ရှိကျေးရွာသုံးရွာတို့အနက်မှ အဝေးဆုံးဖြစ်သောငွေးချိုကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းသို့ ၂ မိုင် ၂ ဖာလုံသာ ကွာဝေးပြီး တံတား၏တောင်ဘက်ရှိ သာပေါင်းကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းသို့ လေးဖာလုံသာကွာဝေးသည့်အတွက် အဆိုပါတံတားကိုအသုံးမပြုဘဲ လမ်းမကြီးဆီသို့ အဆင်ပြေလွယ်ကူစွာ အချိန်တိုတွင်း သွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ တံတားအသစ်တည်ဆောက်ပေးရန် လတ်တလောဦးစားပေးအစီအစဉ်တွင် မပါရှိသေးပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လက်ရှိတံတားကို လူနှင့်ဆိုင်ကယ်များသွားလာ၍ရအောင် ပြုပြင်ခြင်းလုပ်ငန်းကိုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခေါ်) စိုင်းဆေဟန်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(အရှေ့ပိုင်း) ကုန်စည်ပို့ဆောင်ရာလမ်းကြောင်းပေါ်တွင်အဆင်ပြေစွာပို့ဆောင်နိုင်ရေးဆောင်ရွက်ပေးရန် သို့မဟုတ် ကုန်စည်သီးသန့် အမြန်လမ်းကြောင်းဖော်ဆောင်ပေးရန်၊ခရီးကုန်ကျစရိတ်ထိန်းချုပ်ရေးအတွက် သယ်ယူစရိတ်ကျဆင်းအောင်ဆောင်ရွက်ပေးရန်၊ နယ်စပ်ပေါက်ဈေးနှင့် ပြည်တွင်းဝယ်ဈေးကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် အနည်းဆုံးအာမခံဈေးနှုန်း သတ်မှတ်ပေးရန်နှင့် မျိုးစေ့နှင့် မြေဩဇာများကို အစိုးရအစီအစဉ်ဖြင့် တိုက်ရိုက်ရောင်းချပေးရန်အစီအစဉ် ရှိမရှိတို့ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ကုန်သွယ်မှုလမ်းကြောင်းများတွင် နယ်မြေအေးချမ်းတည်ငြိမ်သည်ဆိုသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေအပြည့်အဝစိုးမိုးမှုရရှိအောင် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားဝင်ကုန်စည်များတင်ပို့၊တင်သွင်းခြင်းကို စိစစ်ထိန်းကျောင်းခြင်းသည် နိုင်ငံအတွက် အခွန်ဘဏ္ဍာများရရှိရုံသာမက ပြည်တွင်းထုတ်လုပ်မှုရရှိသော ထုတ်ကုန်များအပေါ် မလိုလားအပ်သော ထိခိုက်နစ်နာမှုများကိုထိန်းချုပ်နိုင်ပြီး ပြည်တွင်းတောင်သူလယ်သမား၏ ထွက်ကုန်ဈေးကွက်များအပေါ် ရောင်းလိုအား၊ဝယ်လိုအားနှင့်အညီ ဈေးနှုန်းဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ လမ်းခရီးတစ်လျှောက် တရားမဝင်အခွန်ကောက်ခံနေမှုများကို အထောက်အထားများဖြင့် တရားဝင်တိုင်ကြားနိုင်ပြီး ပါဝင်ပတ်သက်သူများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သီးနှံများ၏ အနည်းဆုံးအာမခံဈေးနှုန်းသတ်မှတ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်လျက်ရှိပါကြောင်း။

မျိုးစေ့ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်ပေးရန်နှင့် ဈေးနှုန်းသက်သာသည့် မျိုးစေ့ရရှိရေးနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲအောက်ရှိ မျိုးသန့်ခြံပေါင်း ၄၃ ခြံမှ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့်အခြားသီးနှံ စုစုပေါင်း ၃၃၄၂ ဒသမ ၆ ဧက စိုက်ပျိုးလျက်ရှိပြီး စီးပွားဖြစ် မျိုးသန့်မျိုးပွားမျိုးစေ့အဖြစ် ပြန်လည်မျိုးစေ့ထုတ်မည့် တောင်သူများ၊ ပုဂ္ဂလိကကုမ္ပဏီများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ထို့အတူ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိခြံ ၁၄၅ ခြံမှ သီးနှံ ၁၀ မျိုးအတွက် ပြည်တွင်းမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပွားများရရှိလာသည့်မျိုးစေ့များကို မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ်အသင်းအဖွဲ့များမှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များအဖြစ် ဆက်လက်ပွားများပြီး တောင်သူများထံသို့ဖြန့်ဝေပေးလျက်ရှိရာ ထပ်မံလိုအပ်သည့်မျိုးများအတွက် ပြည်ပမှဆက်လက်တင်သွင်းရပါကြောင်း။

မြေဩဇာနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီတို့ ပူးပေါင်း၍ ကုမ္ပဏီများမှ သွင်းအားစုများကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ရောင်းချမှုများမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှထုတ်လုပ်သော ယူရီးယားဓါတ်မြေဩဇာများကို ဓာတ်မြေဩဇာခွဲတမ်းသတ်မှတ်ရေးကော်မတီမှလည်း ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ပိုင်ခြံ၊ စိုက်ကွင်းများ၊ ဒေသခံမျိုးစေ့ထုတ်လုပ်သူများအစုအဖွဲ့များက ထုတ်လုပ်ဖြန့်ဖြူးသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို သုံးစွဲနိုင်သကဲ့သို့ သီးနှံအထွက်နှုန်းမထိခိုက်စေဘဲ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချပြီး ဒေသတွင်းတွင်ထုတ်လုပ်သည့် မြေဩဇာများကို ဓာတ်မြေဩဇာနှင့်ပေါင်းစပ်သုံးစွဲခြင်းဖြင့် ပြည်ပတင်သွင်းမှုကို လျှော့ချနိုင်ပြီး တစ်ဖက်တစ်လမ်းကလည်း ထုတ်လုပ်မှုကုန်ကျစရိတ်လျော့ပါးသက်သာစေမည်ဖြစ်သည့်အတွက် တရားမဝင်ကုန်စည်များ ဝင်ရောက်မှုများကို တည်ဆဲဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်တားဆီးထိန်းကျောင်းခြင်းဖြင့် သယ်ယူစရိတ်လျော့နည်းစေရေး၊ ဈေးနှုန်းကွာဟမှုမရှိစေရေး၊ ဈေးနှုန်းသက်သာသည့် မျိုးစေ့နှင့်မြေဩဇာရရှိရေးကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **Rice Export Zone (REZ) စီမံကိန်းတွင် ပါဝင်သည့်မြို့နယ်များမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွားရရှိစေမှုနှင့် အတူ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များ အကျိုးတူစီမံဆောင်ရွက်နေမှုအခြေအနေကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန်(Rice Export Zone-REZ)စီမံကိန်းကို အစားအစာဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့မှုဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်အရည်အသွေးမြင့်ဆန်များထုတ်လုပ်ရန်၊ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်၊ ဇာစ်မြစ်ခြေရာခံနိုင်မှု(Traceability)၊ အရည်အသွေးအာမခံချက်နှင့်တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးလုပ်ထုံးလုပ်နည်းများသေချာစေရန်၊ တောင်သူများဝင်ငွေတိုးစေရန်နှင့် လူနေမှုဘဝမြှင့်တင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် အရည်အသွေးတူဆန်များအရေအတွက်အမြောက်အမြား စဉ်ဆက်မပြတ်ဈေးကွက်တင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်၍ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်အနေဖြင့် Exporter ကုမ္ပဏီက တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၅ သိန်းကို Exporter ကုမ္ပဏီမှတစ်ဆင့် တောင်သူများကို တစ်ဧကလျှင် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ငွေကျပ် ၄ ဒသမ ၅ သိန်းနှုန်း ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေအဖြစ် ငွေကျပ် သုံးသိန်းဖြင့်စုစုပေါင်း တစ်ဧကလျှင် ငွေကျပ် ၇ ဒသမ ၅ သိန်းနှုန်းချေးငွေအဖြစ် ထုတ်ချေးပြီး အရင်းအနှီးရအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

REZ စီမံကိန်းတွင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ် တစ်ဧကငွေကျပ် ၇ ဒသမ ၅ သိန်းကျပ်နှုန်းချေးငွေရရှိပြီး ချေးငွေကို ထွက်ရှိသည့်စပါးဖြင့် ပြန်လည်ပေးဆပ်နိုင်သည့် အခွင့်အလမ်းရရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာစသည့်သွင်းအားစုများကို ဈေးနှုန်းသက်သာစွာရရှိသုံးစွဲနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာအကူအညီများရရှိခြင်း၊ သီးနှံပေါ်ချိန်တွင် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထားသည့် သီးနှံများကိုကာလပေါက်ဈေးထက် ဈေးပိုမိုပေးပြီး ဝယ်ယူပေးခြင်းတို့ကြောင့် ဝင်ငွေတိုးတက်ရရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတိုးမြှင့်ရေး၊ နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး၊ ဈေးကွက်ထိုးဖောက်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၆-၂၀၃၀)ကို အစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များပူးပေါင်းရေးဆွဲပြီး အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦး၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ တောင်သူလယ်သမားအိမ်ထောင်ဦးစီးများကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသည့် မိသားစုဝင်များမှ လွယ်ကူချောမွေ့စွာအမည်ပြောင်းလဲပေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေးအစီအစဉ် ရှိ၊ မရှိသိရှိလိုခြင်းနှင့်ရှိပါက မည်ကဲ့သို့ ဖြေလျှော့ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေကို အမွေဆက်ခံခြင်းဖြင့် လုပ်ပိုင်ခွင့်ပြုလက်မှတ်အမည်

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၃ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုလွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။




ထို့နောက် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးဇင်မင်းထက်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၄ ခုနှစ်) နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကိုအတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန်လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးဇင်မင်းထက်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၄ခုနှစ်)နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကိုအတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500ppm)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas)အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ထပ်မံခွင့်ပြုနိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန် ကုန်စည်ဈေးနှုန်း၊ ဓာတ်အားခဈေးနှုန်းနှင့် အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများအပေါ် လစဉ်စိစစ်သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီ HSD(500 ppm) အပေါ်အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ဇွန်လအတွက် တစ်လ ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဒီဇယ်ဆီ HSD(500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကြောင့် လျော့နည်းသွားမည့်အခွန်ငွေများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခွန်နှုန်းထားများတိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်များကို ပိုမိုကောက်ခံရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD (500 ppm)အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို တစ်လထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လထပ်မံ၍ ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီးအစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

---

ပြောင်းလဲပေးရန် လျှောက်ထားခြင်းဖြစ်ပါက အမွေဆက်ခံခွင့်ရှိသူသည် ဦးစွာစီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာတရားရုံးမှအမွေဆက်ခံခွင့်လက်မှတ်ရရှိရေး လျှောက်ထားရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမွေဆက်ခံခွင့်ရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအမည်ပြောင်းလဲထုတ်ပေးရန်လျှောက်လွှာပုံစံ(၉-က)နှင့်အတူ ပုံစံ(၇) မူရင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်၊ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးမှ ထုတ်ပေးထားသော အမွေဆက်ခံခွင့်လက်မှတ်မိတ္တူပူးတွဲ၍ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသည် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးရှိ မှတ်ပုံတင်စာရင်းပုံစံ(၅)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) (ရုံးလက်ခံ)တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး ၁၅ ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် လယ်ယာမြေလုပ်ပိုင်ခွင့်အမည်ပြောင်းလဲလျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ရန်ထုတ်ဆင့်သည့် ကြော်ငြာစာပုံစံ(၂-ဂ)ကို ကပ်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ကန့်ကွက်နိုင်ရန်ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ကန့်ကွက်လွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်ဖြစ်ပါကြောင်း၊ ကန့်ကွက်ခြင်းရှိပါက ကန့်ကွက်လွှာနှင့်တင်ပြလာသည့်အထောက်အထားလက်ခံများကို စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပါကြောင်း။

ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကန့်ကွက်ချက်သည် ခိုင်လုံမှုမရှိပါက အမည်ပြောင်းလဲဆောင်ရွက်ရန်အကြောင်းကြားခြင်း၊ ကန့်ကွက်ချက်သည် ငြင်းပယ်ရန်ခိုင်လုံကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာပုံစံ(၈-ခ) ထုတ်ပေးနိုင်ရေးအကြောင်းကြားခြင်းကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၁၅ ရက်အတွင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အမည်ပြောင်းလဲဆောင်ရွက်ပေးရန် အကြောင်းကြားချက်ရရှိလျှင် ၁၅ ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးတွင် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ရန်ဦးစီးဌာနရငွေစာရင်းသို့ ဦးပိုင်လုပ်ကွက် တစ်ခုအတွက် မှတ်ပုံတင်ကြေးကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇)ပြောင်းလဲပြင်ဆင်ထုတ်ပေးရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းပုံစံ(၅-က)တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါကြောင်း။

ငြင်းပယ်ကြောင်း အကြောင်းကြားချက်ရရှိလျှင် ၁၅ ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုံစံ(၈-ခ)ဖြင့် ငြင်းပယ်ကြောင်းအကြောင်းကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကိစ္စရပ်များအတွက် အမည်ပြောင်းပေးရန် လျှောက်ထားချက်အပေါ် ငြင်းပယ်ခံရသူများ စာရင်းပုံစံ(၆-ခ)တွင် မှတ်ပုံတင်ထားရှိရမည်ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် ပုံစံ(၇)ရရှိထားသူ ကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသူ မိသားစုဝင်များ၏ အမည်ပြောင်းလဲနိုင်ရေးအတွက် အထက်ပါလုပ်ငန်းစဉ်များနှင့်အညီသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **ကျိုင်းတောင်းမြို့ရှိ နောင်တုန်ဟုန်းကန်ကြီးကို တူးဖော်ရှင်းလင်းအဆင့်မြှင့်တင်ခြင်းကို မည်သည့်အချိန်မှစ၍ မည်သို့ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်က နောင်တုန်ဟုန်းကန်(အောင်မင်္ဂလာ)ကန်သည် နှစ်ကာလသက်တမ်းကြာမြင့်ပြီဖြစ်သဖြင့် သဲနုန်းများပို့ချတိမ်ကောကာကိုင်းပင်များပေါက်ရောက်နေမှုကြောင့် ရေသိုလှောင်နိုင်မှုလျော့နည်းကျဆင်းလျက်ရှိပါကြောင်း၊ ကန်၏ရေသိုလှောင်နိုင်မှုကျဆင်းလာခြင်းကြောင့် ကန်၏ပတ်ဝန်းကျင်ဒေသနေပြည်သူများ သောက်သုံးရေရယူနေသော ရေတွင်းများတွင် ရေခန်းခြောက်ခြင်း၊ ကန်၏အနောက်ဘက်ရှိ စိုက်ပျိုးမြေ ဧက ၃၀ ခန့်မှာ မိုးစပါးစိုက်ပျိုးရေလုံလောက်မှုမရှိခြင်းများဖြစ်ပေါ်လျက်ရှိပါကြောင်း။

ဒေသတွင်းစိုက်ပျိုးရေ၊သောက်သုံးရေခက်ခဲမှုမရှိစေရေးနှင့် မြို့သာယာလှပရေးအတွက် နောင်တုန်ဟုန်းကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ရန် ကန်အတွင်းရှိ သဲနုန်းဒုံးပေခန့်တူးဖော်ခြင်း၊ ကန်ပေါင်မြှင့်ပြုပြင်ရန် လိုအပ်သောအပိုင်းများကို မြေဖို့ပြုပြင်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ကန်ရေပြင်မြင့်တက်လာချိန်တွင် ကန်ပေါင်ကျိုးပေါက်မှုမဖြစ်ပေါ်စေရန်အတွက် ပိုလျှံရေထုတ်နုတ်ပေးနိုင်ရန် ရေထုတ်ပေါက်တစ်ခုတည်ဆောက်ခြင်းစသည့်လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် နောင်တုန်ဟုန်းကန်အတွင်း လက်ရှိသိုလှောင်နိုင်သည့် ပမာဏ ၁၆ ဧကပေခန့် ရှိရာမှ သိုလှောင်ရေပမာဏ ၄၈ ဧကပေ၊ဂါလန်သိန်း ၁၃၀ ခန့်ထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နောင်တုန်ဟုန်းကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

---

**✱ ဖောင်ပိတ်သတင်းမှ**

မော်တော်ယာဉ်အရှိန်လွန်မှုနှင့် ယာဉ်မောင်းသူများ အာရုံစိုက်မှုလျော့နည်းနိုင်သည့် အားနည်းချက်များကြောင့် လက်ရှိပုံစံအတိုင်းခွင့်ပြုရန် အာမခံချက်မရှိသေးကြောင်း ပြင်သစ်အစိုးရက ထောက်ပြထားသည်။

နယ်သာလန်ကဦးဆောင်၍ ဧပြီလတွင် ယာယီခွင့်ပြုခဲ့သော်လည်း ပြင်သစ်သည် EU တစ်ဝန်းခွင့်ပြုရေးတွင် ပထမဆုံးတရားဝင်ကန့်ကွက်သည့်နိုင်ငံဖြစ်လာကြောင်း သိရသည်။

Ref : RT

Trs : YZA

---

## ထူးခြားသည့် နေ့အပူချိန်များ

( ၂၃ - ၇ - ၂၀၂၄ )

**မုံရွာ**
၃၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်

**မြင်းမူ**
၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်

**တံတားဦး**
၃၇ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်

**ခန္တီး**
၃၅ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်

**မိုင်းယန်း**
၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်

**မန္တလေး**
၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်

**ညောင်ဦး**
၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်

**ကျောက်ဆည်**
၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ တောင်သူလယ်သမားများ ဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများက ဆောင်ရွက်နေသည့် လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ လုပ်ငန်းစဉ်များ၊ ဥပဒေပြုရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွှတ်တော်အတွင်း ဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်များပြားပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါ ကော်မတီများတွင် တောင်သူလယ်သမားရေးရာ ကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီများလည်း ပါဝင်ပါကြောင်း၊ ထို့ကြောင့် ယခုတက်ရောက်လာသူများအနေဖြင့် မိမိတို့၏အခက်အခဲ၊ ဆောင်ရွက်လိုသည့် ကိစ္စရပ်များကို လွှတ်တော်က ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုပါကော်မတီများဖြင့် ဆက်သွယ်တင်ပြနိုင်ပါကြောင်း၊ မိမိတို့ လွှတ်တော်များသည် တောင်းဆိုသူ ပြည်သူများနှင့် ဆောင်ရွက်ပေးရမည့်အစိုးရကြား ပေါင်းကူးပေးရသည့်နေရာဖြစ်ပါကြောင်း၊ မိမိတို့၏အခက်အခဲများကို တင်ပြဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်က အမြဲတံခါးဖွင့် ကြိုဆိုလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့လွှတ်တော်ကို လာရောက်လေ့လာသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြီး စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေစာမူဆုရရှိသည့် စာအုပ်များကို လွှတ်တော်စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းမှုကို လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

အထူးသဖြင့် အဓိကသက်ဆိုင်သည့် မြန်မာနိုင်ငံအား မူကြမ်းချပြအသိပေးညှိနှိုင်းမှုမရှိဘဲ ဥက္ကဋ္ဌထုတ်ပြန်ချက်၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒ (ASEAN Consensus)ဖြင့် ထုတ်ပြန်ခဲ့ခြင်းမဟုတ်ပါ။ ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို ၂၀၂၁ ခုနှစ် ဧပြီ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများ၏ အကြံပြုတိုက်တွန်းချက်များနှင့် အထက်ပါထုတ်ပြန်ချက်ငါးရပ်တို့နှင့်ပတ်သက်၍ မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံပြီး အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် အာဆီယံထုတ်ပြန်ချက်ငါးရပ်နှင့် အပြန်အလှန်ဆက်နွှယ်မှုရှိသည့်အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်လျက် တစ်ဖက်တစ်လမ်းကလည်း အာဆီယံထုတ်ပြန်ချက်ငါးရပ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတို့တွင် ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပြီးစီးပြီးနောက် လွှတ်တော်တစ်ရပ်ပေါ်ပေါက်လာခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် ဇူလိုင် ၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ "အာဆီယံထုတ်ပြန်ချက်ငါးရပ်သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အရေးကြီးအဆိုတစ်ရပ်ကို အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတစ်ရပ်ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏ ပကတိအခြေအနေများကိုအခြေခံ၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလေးထားစောင့်ရှောက်ကာ မြန်မာနိုင်ငံက ဦးဆောင်သော၊ မြန်မာ့ကိုယ်ပိုင်နည်းလမ်း (Myanmar–owned and Myanmar–led approach) ဖြင့် အာဆီယံနှင့် ဆက်ဆံရေးကို ပုံမှန်ပြန်လည်တိုးတက်စေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အာဆီယံထုတ်ပြန်ချက်ငါးရပ်နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အရေးကြီးအဆိုတစ်ရပ် အတည်ပြုဆုံးဖြတ်ခဲ့သည့်အပေါ် မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်၏ဆုံးဖြတ်ချက်ဖြစ်သည့်အတွက် လေးစားလိုက်နာရန်နှင့် ယင်းဆုံးဖြတ်ချက်နှင့်အညီ သင့်လျော်သည့် ဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန် တာဝန်ရှိကြောင်း၊ အာဆီယံအဖွဲ့အတွင်း အဖြစ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်၍ အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်တို့နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲအလေးထားကာ အာဆီယံနှင့် အပြုသဘောဆောင်၍ အကျိုးရှိသောပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

အာဆီယံထုတ်ပြန်ချက်ငါးရပ်အပေါ် ဆွေးနွေးမှုများနှင့် အကောင်အထည်ဖော်မှုများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်း၌ ပြဋ္ဌာန်းထားသည့် အာဆီယံ၏အခြေခံမူများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရေး၊ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်း မပြုရေးစသည့်အချက်များကို လေးစားလိုက်နာသင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံ၏ ပကတိအခြေအနေများအပေါ်မူတည်၍ အာဆီယံနှင့် အဖြစ်နိုင်ဆုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်**

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဖြည့်စွက်ဖတ်ရှုပါရန်

၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက်ထုတ် ရတနာပုံသတင်းစာ ရှေ့ဖုံးနှင့် စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်** သတင်း၌ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး၏ အမည်အပြည့်အစုံမှာ **H. E. Mr. Nguyen Anh Duc** ဖြစ်ပါကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။ (သတင်းစဉ်)

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**"ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ(နေပြည်တော်) ဖွင့်လှစ်



နေပြည်တော် ဇူလိုင် ၂၃

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် လာရောက်ပြီး ဝန်ဆောင်မှုရယူမည့် သက်ကြီးပုဂ္ဂိုလ်များကို အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးဝန်ဆောင်မှု၊ အပန်းဖြေအနားယူမှုနှင့် မိမိ၏အသိပညာများ ပြန်လည်ဝေမျှပေးနိုင်မှု၊ ဝါသနာပါရာလုပ်ငန်းများ ဆောင်ရွက်နိုင်မှုစသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားရန်၊ ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများအနေဖြင့် စေတနာ၊ ဝါသနာနှင့် ကရုဏာတို့ဖြင့် သက်ကြီးပုဂ္ဂိုလ်များကို မိမိတို့၏ မိဘဘိုးဘွားများကဲ့သို့ နွေးထွေးစွာပြုစုစောင့်ရှောက်ပေးကြရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ နေပြည်တော် ကလေးပြုစုစောင့်ရှောက်ရေးဌာန၌ကျင်းပသည့် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (နေပြည်တော်)ဖွင့်ပွဲတွင် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတို့က ဂေဟာကိုဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲတက်ရောက်သည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ သက်ကြီးပုဂ္ဂိုလ်များ၏လှုပ်ရှား ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကြသည်။

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ စံနမူနာပြအဖြစ် ပထမဆုံးဖွင့်လှစ်ခဲ့ပြီး ယနေ့ နေပြည်တော်၌ဖွင့်လှစ်သည့် ဂေဟာသည် ဒုတိယမြောက်ဖွင့်လှစ်နိုင်ခဲ့သည့် ဂေဟာဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ကို ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံပြီး ဝန်ကြီးဌာနနှင့် UNFPA အကြား လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သော ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်မားရေး (Gender Equality and Women's Em- powerment – GEWE) လုပ်ငန်းအစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းလုပ်ငန်းများဆောင်ရွက်

ပြင်ဦးလွင် ဇူလိုင် ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုဖြင့် ကုသရေးဦးစီးဌာန ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက အခမဲ့ကွင်းဆင်း ဆေးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၈ နာရီမှ စတင်ပြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ပတ္တမြားခန်းမဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုများ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ နယ်လှည့်ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်မှုတွင် ပြင်ဦးလွင်ခရိုင်ကုသရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် သူနာပြုများသည် ပြင်ဦးလွင်မြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ပတ္တမြားခန်းမဆောင်တွင် အထိုင်ချ၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ သင်တန်းသား၊ သင်တန်းသူများကို အထွေထွေရောဂါကုသခြင်း၊ ကလေးလူနာများကုသခြင်း၊ ခွဲစိတ်လူနာများကို ကြည့်ရှုပေးခြင်း၊ အကြောအဆစ်နှင့် ပတ်သက်၍ ကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သားဖွားမီးယပ်လူနာများကို ကြည့်ရှုပေးခြင်း၊ အရိုးနှင့်ထိခိုက်ဒဏ်ရာရလူနာများကို ကြည့်ရှုပေးခြင်း၊ သွားနှင့်ခံတွင်းရောဂါများကို ကုသပေးခြင်း၊ မျက်စိလူနာများကို စမ်းသပ်ကုသပေးခြင်း၊ မျက်မှန်အခမဲ့စမ်းသပ်လှူဒါန်းခြင်း၊ Ultrasound အခမဲ့ရိုက်ပေးခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်း၊ ဓာတ်ခွဲအခမဲ့စစ်ဆေးပေးခြင်း၊ ECG အခမဲ့ဆွဲပေးခြင်း၊ ဆေးဝါးအခမဲ့ထုတ်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ဆောင်ရွက်ခဲ့ကြရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး ဆေးဝါးကျွမ်းကျင်အဖွဲ့တို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ဦးရေ၁၇၈၀ တို့ကို စမ်းသပ်ကုသပေးခဲ့ကာ ဆေးဝါးများ အခမဲ့လှူဒါန်းခဲ့ပြီး အရေးပေါ် ဆေးရုံတက်ရောက်ရမည့် လူနာများကို ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးသို့ ကုသရန် လွှဲပြောင်းပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



ခရိုင်(ပြန်/ဆက်)

■ **ခေတ္တပိတ်ထားမှ**

စေတီတစ်ဆူပြိုကျခဲ့ခြင်း၊ ရွှေခဲအင်းကျေးရွာအုပ်စု စိုက်ခင်း(၃)ကျေးရွာ ရွှေဝါမြိုင်ဟိတရေတက္ကသီလာ ကျောင်းတိုက်အတွင်းရှိ စေတီအမည်မရှိ စေတီတော် ဉာဏ်တော်အမြင့် ခြောက်ပေခန့်၊အကျယ် ငါးပေခန့်ရှိ စေတီကိုးဆူအနက် ရှစ်ဆူမှာ ပြိုကျပျက်စီးခြင်း၊ ရွှေခဲအင်းကျေးရွာအုပ်စု ရွှေခဲအင်းကျေးရွာရှိ ရွှေခဲအင်းဘုန်းတော်ကြီးကျောင်းကို ကာရံထားသည့် အမြင့်ခြောက်ပေခန့်ရှိ အုတ်နံရံ ခြံစည်းရိုး အရှည် ၁၃၈ ပေခန့် ပြိုကျခဲ့သည်။

ထို့ပြင် ဒိုးနွယ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာအနီးရှိ ရအောင်းချောင်းအတွင်းမှ ရေတက်ခဲ့၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွာသစ်အတွင်း ရေများဝင်ရောက်ခဲ့သဖြင့် ကျောင်းခေတ္တပိတ်ထားခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြို့နယ်(ပြန်/ဆက်)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

● **မိုးထစ်ချုန်းရွာမည်မှ**

ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၃၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်သည်။

(မိုး/ဇလ)

# ဘဝနတ်ထံပျံလွန်တော်မူသွားသော မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်



**မန္တလေး ဇူလိုင် ၂၃**

ဘဝနတ်ထံ ပျံလွန်တော်မူသွားသော မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ သက်တော် ၉၀ နှစ် သိက္ခာ ၇၀ ဝါရှိ မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပရေးကော်မတီ သြဝါဒါစရိယဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးများထံမှ အန္တိမအဂ္ဂိစျာပနအခမ်းအနားနှင့်စပ်လျဉ်း၍ သြဝါဒများ ခံယူကာ ပင့်သံဃာတော်အပါး ၂၅၀ အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် နဝကမ္မဝတ္ထုငွေကျပ်သိန်း ၂၅၀ ဆက်ကပ်လှူဒါန်းပြီး တာဝန်ရှိသူများကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ပြီးစီးမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၃**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာ မရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၌အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင် ၄၃ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီအား ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးမင်းထွန်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သို့ တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက နိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်းများကို အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားအိပ်ဆောင်များနှင့် သင်တန်းသားစားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သင်တန်းသားများ နေ့လယ်စာ စားသုံးနေမှုကို ကြည့်ရှုအားပေးစဉ်။

### စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၃**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင်ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၃၇ အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူက လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများမှအပ ကော်မရှင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသား
လူ့အခွင့်အရေးကော်မရှင်**

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄က်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် လေးနှစ်သားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၈ ပေ ၂ လက်မ ၊ ကိုယ်အလေးချိန် ၁၇၇၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက် ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယဉ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့ကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် ''Peace Human and Elephant Interaction Training'' ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ယနေ့တွင် မတ္တရာမြို့နယ် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အား လွှတ်ပေးခြင်းအခမ်းအနားကို အဆိုပါဓာတ်အားခွဲရုံ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

လက်ရှိတွင် မတ္တရာမြို့နယ် တောင်ပြုံးဓာတ်အားခွဲရုံနှင့် မတ္တရာဓာတ်အားခွဲရုံတို့မှတစ်ဆင့် ထရန်စဖော်မာ ၁၂၆ လုံးဖြင့် ဓာတ်အားဖြန့်ဖြူးနေပြီး ဒေသခံပြည်သူ ၁၂၀၀၉ ဦးတို့သည် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိပြီဖြစ်ကာ မီးလင်းရန်ကျန်ရှိသည့် ကျေးရွာများအတွက် လျှပ်စစ်ဓာတ်အားအမြန်ဆုံး ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ္တရာမြို့နယ် ဘိုကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ကျောင်းသူများကို အာဟာရဖြည့်စွက်စာကျွေးမွေးနေမှု၊ ကျောင်းဧရိယာအတွင်း ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုနှင့် အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပုသိမ်ကြီးမြို့နယ် ရွှေကျင်ဂိတ်တွင် လူမျက်နှာမှတ်သားသိရှိမှုစနစ် (Face Recognition System-FRS) တပ်ဆင်ပြီးစီး၍ လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန်၏နေရာတွင် မစ္စတာ သော်ဆရလမ် အား ခန့်အပ်ရန် ထိုင်းနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ သော်ဆရလမ် ကို ၁၉၇၅ ခုနှစ် မတ် ၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ ဂျာမန်ဘာသာစကားဖြင့် ဝိဇ္ဇာဘွဲ့၊ ရမ်ခမ်ဟွန်တက္ကသိုလ်မှ ဥပဒေပညာဖြင့် ဝိဇ္ဇာဘွဲ့၊ ဗြိတိန်နိုင်ငံ ဝေါဝစ်တက္ကသိုလ်မှ နိုင်ငံတကာနိုင်ငံရေးဘောဂဗေဒဖြင့် မဟာဝိဇ္ဇာဘွဲ့တို့ကိုရရှိခဲ့သည်။

မစ္စတာ သော်ဆရလမ်သည် ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဟိုချီမင်းမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံး၊ ဆစ်ဒနီမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးနှင့် ဘူဒါပက်မြို့ရှိ ထိုင်းသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ သော်ဆရလမ် သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

❖ **ဖမ်းဆီးရမိမှ**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၁၃ ရက် ညနေ ၄ နာရီခွဲတွင် ကလေးမြို့ အဝင်တွင် အောင်အောင်ထွန်း ခေါ် အောင်ကြီး မောင်းနှင်လာသည့် SURF အမျိုးအစားမော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြားခြောက်သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံ)ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇူလိုင် ၁၄ ရက်တွင် ကလေးမြို့ တာဟန်းရပ်ကွက်၌ အဆိုပါစိတ်ကြွဆေးပြားများကိုလက်ခံယူရန် ချိတ်ဆက်စောင့်ဆိုင်းနေသည့် ထောင်းရှင်းခိုင်ကို PRADO အမျိုးအစားယာဉ်တစ်စီးနှင့်လည်းကောင်း၊ မကျင်းဆန်းညောင် ခေါ် မဉာဏ် ခေါ် စန်းစန်း ခေါ် မညောင်ကို ကလေးမြို့ တပ်ဦးသီတာရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း ဆက်လက်ဖမ်းဆီးခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် နံနက်၃ နာရီတွင် စိတ်ကြွဆေးပြားများကို မန္တလေးမှကလေးသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ဇော်ဇော်လတ်နှင့် မန္တယ်နီလွင်တို့ နှစ်ဦးကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၂) ရေချမ်းအိုးရပ်ကွက်ရှိ တည်းခိုခန်းတွင်လည်းကောင်း၊ လှိုင်သလွန်း ခေါ် ပါးတွေခင်ကို ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၀)ရှိ နေအိမ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၆ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် (စ) ရပ်ကွက်ရှိနေအိမ်မှ ဇော်ဇော်လတ်နှင့် မန္တယ်နီလွင်တို့ သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၉ ဒသမ ၆ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၄ ဘီလီယံ) ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ငွေကျပ် ၂ ဒသမ ၉၄ ဘီလီယံတန်ဖိုးရှိ စုစုပေါင်းစိတ်ကြွဆေးပြား ၁၅ ဒသမ ၆ သိန်းကို ဖမ်းဆီးရမိခဲ့ကာ စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ထန်လမ့်ကျင့်ကို အမရပူရမြို့နယ် ဆောက်တော၀ရွာရှိ ဂိုဒေါင်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို မန္တလေးမှ ကလေးသို့ အဓိကသယ်ဆောင်ရောင်းဝယ်သူမှာ ကလေးမြို့နယ် ကန်ကြီးရွာနေ မစုမွန်လွင် ခေါ် စုလေး ခေါ် မစု(ဖမ်းဆီးရန်ကျန်)နှင့် လားရှိုးမြို့ ရပ်ကွက်(၄)နေ အောင်ကျော်ဦး (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မိုးဖြဲရေလှောင်တမံနှင့် ဝန်ထမ်းအိမ်ရာစခန်းဝင်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများကြောင့် ရေကြီးရေလျှံမှုထိန်းသိမ်းရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် ရေကြောင်းခရီးသွားလာရေးလုပ်ငန်းတို့အတွက် အလွန်အရေးပါသည့် မိုးဖြဲရေလှောင်တမံ ပျက်စီးဆုံးရှုံးမှုများ ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ တမံနှင့်ဆက်စပ်ရေအားအဆောက်အအုံများကိုလည်း ဘဏ္ဍာနှစ်အလိုက် ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မိုးဖြဲရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံများ တည်နေရာပြပုံ။













မိုးဖြဲရေလှောင်တမံနှင့် ဝန်ထမ်းအိမ်ရာစခန်းဝင်း ဖျက်ဆီးခံခဲ့ရမှု မှတ်တမ်းဓာတ်ပုံများ။

အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် တမံအောက်ဘက် မိုးဖြဲထိန်းသိမ်းရေးစခန်းရှိ ဧည့်ရိပ်သာ၊ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် စတိုဂိုဒေါင်များ အပါအဝင်အဆောက်အအုံ ၄၄ လုံး ဖျက်ဆီးခံခဲ့ရပြီး ဌာနပိုင်မော်တော်ယာဉ် (TE) တစ်စီးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကာ စတိုဂိုဒေါင်အတွင်းရှိ ထရန်စဖော်မာများနှင့် စက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။

ထို့ပြင် ရေပိုလွှဲထိန်းချုပ်ခန်းအဆောက်အအုံနှင့် ထိန်းချုပ်ရေးစနစ်များ၊ ရေယာဉ်သွားလမ်း ထိန်းချုပ်ခန်းအဆောက်အအုံနှင့် ထိန်းချုပ်ရေးစနစ်များ၊ ၁၀၈ ကေဗွီအေ မီးစက် တစ်လုံး၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ၊ ရေပေးဝေရေးအဆောက်အအုံနှင့် ရေစက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။ ထို့အတွက် ရေပိုလွှဲတံခါးများကို အလိုအလျောက် လျင်မြန်စွာဖွင့်ပိတ်၍ မရခြင်းကြောင့် တမံရေထိန်းညှိထုတ်လွှတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာခြင်းနှင့် ရေယာဉ်သွားလမ်းတံခါးများ အဖွင့်အပိတ်ပြုလုပ်၍ မရခြင်းကြောင့် အများပြည်သူများ ရေကြောင်းခရီးသွားလာမှုအပေါ် ထိခိုက်ခဲ့ရပြီး မိုးဖြဲရေလှောင်တမံနှင့် စခန်းတစ်ခုလုံးတွင် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုများကြောင့် နိုင်ငံတော်က ငွေကျပ် ၁၀ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

နယ်မြေလုံခြုံရေး အခြေအနေများကောင်းမွန်ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၂၇ ရက်မှသာ ဌာနဝန်ထမ်းများသည် မိုးဖြဲရေလှောင်တမံသို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့ပြီး ရေလှောင်တမံဧရိယာဝန်းကျင်တွင် မိုင်းအန္တရာယ်ရှင်းလင်းခြင်းကို နယ်မြေခံတပ်ဌာနချုပ်နှင့်ဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်၍ တမံပတ်ဝန်းကျင်နှင့် အဆောက်အအုံပတ်ဝန်းကျင် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို ဌာနပိုင်စက်၊ယာဉ်ယန္တရား သုံးစီးဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကာ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုများအပေါ် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။













မိုးဖြဲရေလှောင်တမံနှင့် ဝန်ထမ်းအိမ်ရာစခန်းဝင်း ပြင်ဆင်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ။

မိုးဖြဲရေလှောင်တမံသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့၏ အရှေ့တောင်ဘက် ၉ ဒသမ ၅ မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်တွင်တည်ရှိပြီး တမံအလျားပေ ၈၀၀၀ နှင့် အမြင့် ပေ ၆၀ ရှိသည့် မြေသားတမံအမျိုးအစားဖြစ်၍ ရေပိုလွှဲတံခါးပေါက် လေးခုနှင့် ရေယာဉ်သွားလမ်း (Navigation Lock Gate) တစ်ခု ပါရှိကာ မိုးဖြဲရေလှောင်တမံကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ၁၉၆၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

မိုးဖြဲရေလှောင်တမံသည် ဘီလူးချောင်းအမှတ် (၁၊ ၂၊ ၃) ရေအားလျှပ်စစ်စက်ရုံများ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောရေပမာဏနှင့် တမံအောက်ဘက်ရှိ ဆည်ရေသောက်ဧရိယာ ဧက ၂၀၀၀၀ အတွက် စုစုပေါင်းရေပမာဏ ဧကပေ ၆၈၇၀၀၀ ကို သိုလှောင်ထိန်းညှိ ထုတ်လွှတ်ပေးလျက်ရှိသည်။ ထို့ပြင် မိုးဖြဲရေလှောင်တမံသည် ရေယာဉ်သွားလမ်းထည့်သွင်း တည်ဆောက်ထားသည့်အတွက် ရေကြောင်းခရီးသွားလာမှုအပေါ် အထောက်အကူပြုလျက်ရှိပြီး တမံအထက်ဘက်ရှိ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေးအတွက်လည်းကောင်း၊ တမံအောက်ဘက်ဒေသများတွင် ရေကြီးရေလျှံမှုထိန်းသိမ်းလျှော့ချနိုင်ရေးတို့အတွက်လည်းကောင်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းပေးလျက်ရှိသည့် ဘက်စုံရေလှောင်တမံကြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

❒ မြန်မာ့မီးရထားမှ

မိုင်တိုင်၊ ၆၅၄/၂ နှင့် ၁ ကြားသို့ရောက်ရှိစဉ် ရထားစက်ခေါင်းနှင့်အတူ တွဲ နှစ်တွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သဖြင့် နန်းခွင်-ဟိုပင်လမ်းပိုင်းအား ယာယီပိတ်ထားခဲ့ရသည်။

ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အခင်းဖြစ်ပွားရာနေရာ၌ သံလမ်း သုံးဆက် ပေ ၁၂၀ ခန့်နှင့် ၎င်းနေရာအနီးရှိ မိုင်တိုင်အမှတ် ၆၅၃/၁၈-၂၀ ကြားနေရာ၌ သံလမ်းသုံးဆက် ပေ ၁၂၀ ခန့် စုစုပေါင်း ပေ ၂၄၀ ခန့်အတွင်း သံလမ်းထိန်းကလစ် ၄၀၈ ခုဖြုတ်ယူထားကြောင်း စစ်ဆေးတွေ့ရှိရပြီး သံလမ်းထိန်းကလစ်များဖြုတ်ယူခံရမှုကြောင့် ယခုကဲ့သို့ မတော်တဆမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကာ လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများ 'မ'တင်ခြင်းနှင့် ရထားလမ်းပြုပြင်ခြင်း လုပ်ငန်းများကို အမြန်ဆုံးပြုပြင် ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ညနေပိုင်းတွင် ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်နိုင်ကြောင်း သိရသည်။

အဆိုပါလုပ်ရပ်သည် ရထားစီး ခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ပျက်စီးဆုံးရှုံးမှု ကြီးမားစွာကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏ လုပ်ရပ်ကိုတွေ့ရှိပါက ရထားမတော်တဆမှုများ ကာကွယ်နိုင်ရန် သက်ဆိုင်ရာသို့အချိန်မီ အကြောင်းကြားသွားရန် လိုအပ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ဂ)အရ ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့်သက်ဆိုင်သည့် မည်သည့် ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ ၈၄ အရ ထိုသူကို အနည်းဆုံး ငါး နှစ် မှ နှစ် ၂၀ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း သိရသည်။

ယခု ရထားသံလမ်းထိန်းကလစ်များ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ အမှုမှန်ဖော်ထုတ်နိုင်ရေး ဟိုပင်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်ရရှိပါက ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် တိုက်ခတ်ခဲ့သော ရာဂိမုန်တိုင်းကြောင့် အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံဧရိယာအတွင်း ပျက်စီးဆုံးရှုံးခဲ့ရမှု မှတ်တမ်းဓာတ်ပုံ။




အလျား မီတာ ၆၀ x အနံ မီတာ ၃၀ x အမြင့် ၁၇ မီတာရှိ ရေလွှဲဆည်အမှတ်(၃) ဆောက်လုပ်ခြင်း သံကူကွန်ကရစ်လုပ်ငန်း (၉၀၄ ကျင်း) မှတ်တမ်းဓာတ်ပုံ။




စက်ရုံရေထုတ်မြောင်းမှ နုန်းအနည်များ ဖယ်ရှားခြင်း (၁၅၀၀၀ ကျင်း) မှတ်တမ်းဓာတ်ပုံ။

**❍ အထက်ပေါင်းလောင်းမှအဆက်**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်း မြစ်ပေါ်တွင် တည်ဆောက်ထားသည့် ကွန်ကရစ်တမံ (RCC Dam) အမျိုးအစား ဖြစ်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကာ တပ်ဆင်စက်အင်အားစုစုပေါင်း မဂ္ဂါဝပ်၁၄၀ ဖြင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ၄၅၄ ကီလိုဝပ်နာရီ သန်းကိုထုတ်လုပ်လျက်ရှိပြီး မဟာဓာတ်အားလိုင်းမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ရာဂိမုန်တိုင်းကြောင့် အထက်ပေါင်းလောင်း ရေလှောင်ကန်အတွင်း ရေအဆမတန်ဝင်ရောက်ခဲ့ခြင်း၊ တမံ၏ ရေပိုလွှဲမှတစ်ဆင့် ရေပမာဏများပြားစွာရေကျော်ကျပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်း၊ တောင်ကျရေနှင့်အတူ သစ်လုံး၊ သစ်တုံးကြီးများ သဲနုန်း၊ ရွှံ့ညွန်များ များပြားစွာမျောပါလာခဲ့ခြင်း၊ စက်ရုံအတွင်း ရေဝင်ရောက်မှုဖြစ်ပွားခဲ့ခြင်း၊ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် စက်ရုံအောက်ဘက် မြစ်ကြောင်းတစ်လျှောက် ဝဲယာကမ်းပါးများ ရေတိုက်စားခံခဲ့ရသဖြင့် စက်ရုံအဝင် ကွန်ကရစ်လမ်းနှင့် ဝန်ထမ်းအိမ်ရာလမ်းများ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ သဘာဝဘေးဖြစ်ပွားမှုကြောင့် မြို့ပြတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၂၀ ကျော်ခန့် ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုသည်လည်း အချိန်အတိုင်းအတာတစ်ခုအထိ လျော့နည်းကျဆင်းခဲ့သည်။

စက်ရုံအတွင်း ဝင်ရောက်နေသော သဲနုန်းများကို ဖယ်ရှားရှင်းလင်းခြင်း၊ ဝဲယာရှိ ကမ်းပါးများပြိုကျမှုကြောင့် မြစ်ကြောင်းအတွင်း ကြမ်းပြင်မြင့်တက်ခဲ့သဖြင့် သဲနုန်းများဖယ်ရှားရှင်းလင်းခြင်း၊ တောင်ပြို၊ မြေပြို၊ မြစ်ကမ်းပါးပြိုကျမှုမှ ကာကွယ်နိုင်ရန်နှင့် စက်ရုံအဝင်လမ်းဘေးတွင် ရေတိုက်စားမှုမှ ကာကွယ်ရန်တို့အတွက် ကျောက်ဖြည့်သံခြင်းများချ၍ မြေ၊ ရေကာနံရံတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စက်၊ ယာဉ်ယန္တရားများနှင့် လူအင်အားအပြည့်ဖြင့် နေ့ရောညပါ ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရာ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၆ ခုနှစ် မတ်လတွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့ပြင် အထက်ပေါင်းလောင်း ရေလှောင်တမံအတွင်းမှ သဲနုန်းများ ဖယ်ရှားရှင်းလင်းရန်၊ သဲနုန်းထပ်မံဝင်ရောက်မှုမှကာကွယ်ရန်နှင့် သဘာဝဘေးကြိုတင်ကာကွယ် တားဆီးရေး အစီအမံများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သတင်းရရှိသည်။

**(သတင်းစဉ်)**

**◆ ရှေ့တန်းပြန်မှ**

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး အမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အလားတူ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုပွဲများကို သက်ဆိုင်ရာ တပ်နယ်များ၌ အသီးသီးကျင်းပခဲ့ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

ဝတ္ထုတိုကဏ္ဍာ

# ဘဝကချေသည် ပီပြင်ခဲ့လောကစံ

ကျွန်းစဉ်မြေစောခက်



ဇူလိုင် ၂၂ ရက်မှအဆက်

(၅)

တစ်နေ့မှာတော့ ရေထဲဗလုံသွားတဲ့ ကျောက်ခဲတုံးကလေး ပြန်ပေါ်လာတာကို ခင်ထွေး ဖြုန်းခနဲတွေ့လိုက်ရတော့ ဝမ်းသာရမလား၊ ဝမ်းနည်းရမလား ခွဲခြားမသိနိုင်တော့ဘဲ ငိုလို့ရယ်လို့ မရတဲ့မျက်နှာက မျက်ရည်ပေါက်တွေ ကြွေဆင်းခဲ့ရပါတော့တယ်။ အမေခင်ထွေးရဲ့သားကြီး အိမ်မှထွက်သွားလို့ ၁၅ နှစ်တိတိအကြာမှာ မွေးသမိခင် ခင်ထွေးရင်ခွင်အောက် ပြန်လည်ရောက်ခဲ့ပါပေါ့လား။ အသက် ၃၂ နှစ်ရှိပြီဖြစ်တဲ့သားကြီးကို အမေခင်ထွေး ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်တယ်။

"အမေ ပျော်လိုက်တာသားရယ်။ သားမပြန်နဲ့တော့နော်။ ညီလေးလဲ ကိုးတန်းတောင် ရောက်နေပြီကွဲ့"

"ညီလေး"လို့ အစ်ကိုမင်းထွန်းခေါ်လိုက်သံ အဆုံးမှာ "အစ်ကိုကြီး"ဆိုတဲ့အသံဟာ ညီလေး ဝင်းထွန်းဆီက ကြည်ကြည်မြမြထွက်ပေါ်သွားပါတော့တယ်။

"ညီလေး ဆယ်တန်းအောင်၊ ဘွဲ့ရဖြစ်အောင်ထိ စာကြိုးစားရမှာနော်"

ညီလေးဝင်းထွန်း သူ့အစ်ကိုကိုတစ်ချက်ကြည့်ပြီး ခေါင်းညိတ်တယ်။

"အမေရယ် အမေ့မှာ ကြီးကြီးတို့အိမ်မှာပဲ အဖီလေးတွဲပြီး နေရရှာတယ်နော်"

"ဟုတ်တယ်သားရယ် အမေ့မှာ ပေ ၂၀ x ၆၀ မြေတစ်ကွက်တော့ ဝယ်ထားတာရှိတယ်လေ"

"ဟာ အမေတော်လိုက်တာ။ အဲလိုဆို သားမှာ ပါလာတဲ့ ပိုက်ဆံနဲ့ အိမ်လေးတစ်လုံးဆောက်မယ်နော်အမေ"

"ဝမ်းသာလိုက်တာသားရယ်။ အမေ့သားကြီး တော်လိုက်တာ"

ခင်ထွေးရဲ့ မျက်ရည်လွှမ်းတဲ့မျက်ဝန်းက ဝေခွဲရခက်နေတယ်။

သားအမိသုံးယောက် ပြန်ဆုံတွေ့ကြခိုက်မှာ ၅၂၈ မေတ္တာဘုံလေးကို တည်ဆောက်ခဲ့ကြပြီပေါ့။ ရင်ဘတ်ထဲကအသံတွေက သံစဉ်ချိုချိုလေးတွေနဲ့ ရသမြောက်နေပါတော့တယ်။ သားငယ်က ကျောင်းတက်။ အမေ့သားကြီးက ကြံ့ရာကျပန်း လုပ်လို့ မိသားစုဘဝကို လှပသလိုရှိနေခဲ့ရဲ့။ ဟော နှစ်တစ်ဝက်လောက်အကြာမှာ သားကြီး မင်းထွန်းဆီက သံစဉ်ပြောင်းပြီး မြည်လာခဲ့တော့တယ်။

"အမေရယ် ဒီမှာအလုပ်လုပ်ရတာမတန်ဘူး။ မြန်မာနိုင်ငံမြောက်ပိုင်းကို သားကိုပြန်ခွင့်ပြုပါအမေ။ သား ဟိုမှာ နှစ်နှစ်လောက် သွားလုပ်ပါရစေနော်"

အမေခင်ထွေး နားနှစ်ဖက်ကို လက်အစုံနဲ့ ပိတ်ထားလိုက်တယ်။ သားအမိတွေ တွေ့ဆုံတာမှ မကြာသေး အမေခင်ထွေး ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာဆိုတာမျိုး ဝင်တိုးခဲ့ပြန်ပါရော့လား။ တစ်ခါသေဖူးခဲ့ပြီမို့ သောကအပူ ငြိမ်းမယ်မှမကြံ့သေး အမေခင်ထွေး ရွှေရင်မီးတောက်ရပြန်ပေ့။ အမေ့ဆီက ဘာသံမှထွက်မလာပေမဲ့ ခင်ထွေးကမ္ဘာပျက်ပြန်ပြီလေ။

"နော် အမေ သားကို ခွင့်ပြုပါနော်"

အမေဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုပြောရမလဲ ဆုံးဖြတ်ချက်ချမရ။ သားက အမေ့ဆီကခွင့်ပြုချက်ကလေးအတွက် အမေ့မျက်နှာကို စိုက်ကြည့်နေတယ်။ အမေကတော့ အိမ်ကလေးရှေ့က လယ်ကွင်းပြင်ကြီးကို လှမ်းကြည့်နေမိတယ်။

(၆)

သားကြီးမင်းထွန်း ပျဉ်းမနားမြို့နယ် ရေဆင်းရွာကနေ မြန်မာနိုင်ငံမြောက်ပိုင်းကို ပြန်လည်ထွက်ခွာသွားတာ နှစ်နှစ်တောင် စွန်းခဲ့ပြန်ပေါ့။ နှစ်နှစ်ပြည့်ရင် အမေ့ဆီ ပြန်လာပါ့မယ်ဆိုတဲ့ နှုတ်ထွက်စကား ဘယ်နားပစ်ထားခဲ့ပြီလဲသားရယ်။ သားကိုလွမ်းတဲ့စိတ် အမေ့ရင်မှာ ပြင်းပြနေတယ်။

ဒီတစ်ခါတော့ မွေးသမိခင် မနေသာတော့ဘူး။ အင်္ကျီတစ်ထည်နှစ်ထည်ကို အိတ်ကလေးထဲမှာ ကောက်ထည့်ပြီး သားကြီးအလုပ်လုပ်နေတယ်ဆိုတဲ့ မြန်မာနိုင်ငံမြောက်ဖျားကို ခရီးနှင်ခဲ့လေပြီ။ သားပျောက်ရှာမိခင်ကြီး ဟိုရထားစီး၊ ဟိုကားစီးရင်း တစ်ပတ်အတွင်းမှာပဲ သားကြီးပေးထားခဲ့တဲ့ လိပ်စာအတိုင်း ရောက်လာခဲ့ပေပြီကော။ ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ဇော့ခါရပ်ကွက်ဆိုတဲ့ ကချင်မျိုးနွယ်စု ရဝမ်တိုင်းရင်းသားတွေ နေထိုင်ကြတဲ့နေရာတဲ့လေ။

အမေခင်ထွေး ဒီတစ်ခေါက် သားကြီးနဲ့ ပြန်ဆုံတွေ့တယ်ဆိုခါမှ ပိုပြီး စိတ်လှုပ်ရှားကာ အမည်မဖော်ပြတတ်တဲ့ ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရတာကတော့ အမှန်ပင်ဖြစ်ပါတော့တယ်။ ပထမအကြိမ် ပြန်လည်ဆုံတွေ့တုန်းကလိုပဲ အမေခင်ထွေး ရယ်ရမလို၊ ငိုရမလို အခက်ကြုံရပါပေ့ါလား။

အမေခင်ထွေးရဲ့ သားကြီးမင်းထွန်းဟာ အိမ်ထောင်ကျနေပြီတဲ့လေ။ ကလေးနှစ်ယောက်တောင်ရထားပြီဆိုပါလား။ အလို ဘုရား ဘုရား ဘုရား မင်းထွန်းရဲ့ အိမ်သူဆွေက ဇီရာ (Zira)တဲ့။ ကချင်မျိုးနွယ်စု ရဝမ်လူမျိုး ခရစ်ယာန်ဘာသာဝင်တဲ့လေ။

"အမေရယ် သားကိုခွင့်လွှတ်ပါ။ သားမိုက်ခဲ့မိပါတယ်။ သားကိုရိုက်ပါအမေ"

"အမေမရိုက်ပါဘူး သားရယ်။ အချိန်တန် အရွယ်ရောက်လို့ အိမ်ထောင်ပြုတာ ရိုက်စရာမှ မဟုတ်တာ"

"သား ရေဆင်းရွာမှာ အမေ့ဆီရောက်တုန်းက သားမှာအိမ်ထောင်ရှိတယ်ဆိုတာ ဘာလို့မပြောခဲ့တာလဲ။ အဲဒီတုန်းက သားပြောခဲ့ရမှာလေ"

"အမေ့ကို သား သိပ်ချစ်လို့ ပြောမထွက်ခဲ့တာပါအမေ။ သား မိန်းမက ခရစ်ယာန်ဆိုတော့ သားလဲ ခရစ်ယာန်ဘာသာဝင်လိုက်ရတယ် အမေ"

ဒီတစ်ခါတော့ အမေခင်ထွေးဆီက ပီပီသသ စကားသံတွေထွက်သွားတယ်။

"ဒါ အဆန်းမဟုတ်ပါဘူး သား။ အမေသိတာက မြန်မာနိုင်ငံမှာ ဘယ်ဘာသာကိုမဆို လွတ်လပ်စွာ ကိုးကွယ်နိုင်တယ်တဲ့"

ဘာပဲပြောပြော သားကြောင့်ဖြစ်တဲ့ ပုစ္ဆာတစ်ပုဒ် အဖြေထုတ်နိုင်ခဲ့ပြီမို့ အမေခင်ထွေး ပျော်နေပါတယ်လို့ပဲပေ့ါ။ သားကြီးမင်းထွန်းကတော့ ရဝမ်တိုင်းရင်းသူနဲ့ညားခဲ့ကြလေပြီမို့ ကချင်မြေတောတောင်တွေကထွက်တဲ့ ဆေးဖက်ဝင် သစ်မျက်သစ်ဥရှာဖွေပြီး မိသားစုဘဝကို မလှံ့တလုံ ဖုံးအုပ်တတ်နေပြီပေ့ါ။ ဇနီးသည် ဇီရာကတော့ ရပ်ကွက်ဈေးဆိုင်ကလေးဖွင့်ပြီး မိသားစုအရေးကို ယောက်ျားဖြစ်သူအညာသားမင်းထွန်းနဲ့အတူ ပူးပေါင်းပါဝင် လှုပ်ရှားနေသတဲ့လေ။

ကချင်ပြည်နယ် ရေခဲတောင်ဒေသရောက် အညာသူ အမေခင်ထွေးဟာ သား၊ ချွေးမ၊ မြေးလေးတွေနဲ့ အလွမ်းပြေ တစ်လတိတိအကြာမှာ ဌာနေပြန်ဖို့ တောင်ပံဖြန့်မယ် ကြံ့တယ်ဆိုရင်ပဲ။

"ဟိုး အမေခင်ထွေး... ဟိုး" တဲ့ဗျာ။

ကိုဗစ်ဆိုတဲ့ ခေတ်ပေါ်ရောဂါဟာ မြန်မာနိုင်ငံ မကဘူး တစ်ကမ္ဘာလုံးက လူသားတွေကို တုန်လှုပ်ချောက်ချားစေခဲ့ပြီတဲ့။ နိုင်ငံတော်က မသွားရမလာရ၊ ညမထွက်ရ အမိန့်ထုတ်ထားတာကြောင့် သားချစ်အမေ၊ မြေးလေးတို့ရဲ့အဘွား ဒေါ်ခင်ထွေး တစ်လှမ်းမှ သွားလို့ မရရှာပေဘူး။

(၇)

ကာလယန္တရား နှစ်နှစ်တည်းဟူသော အချိန်ကာလကို လွန်မြောက်ပြီးချိန်မှာ အမေခင်ထွေး နေပြည်တော် ဇေယျာသီရိမြို့နယ်ဆီ ပြန်လည်စုန်ဆင်းနိုင်ခဲ့လေပြီလေ။ ဒါပေမဲ့ အသွားတုန်းကလို တစ်ယောက်ထဲတော့ မဟုတ်ပါလေ။ မြေးဦးလေး ဘလက်ဆိန်းထွန်း (Blessing Htun)ကိုပါ သားကြီး ကိုယ်ပွားခေါ်လာခဲ့ သတဲ့လေ။ စုန်ရေမေတ္တာတွေဆိုတာမျိုးပေ့ါနော်။

ပျဉ်းမနားမြို့နယ် ရေဆင်းရွာကိုရောက်တော့ ညကြီးမင်းကြီးဆိုတော့ မြေးလေးကိုလက်ဆွဲလျက်ပဲ လမ်းသွယ်ထဲကို အမေခင်ထွေးတို့မြေးအဘွား လျှောက်လာခဲ့လိုက်ကြတယ်။

"ဝင်းထွန်းရေ... သားရေ"

ဘာသံမှလဲမကြားပါလား။ သားငယ် ဘာများဖြစ်နေပါလိမ့်။ နေထိုင်မကောင်းများဖြစ်နေရော့သလား။ အတွေးတွေနဲ့ အမေခင်ထွေး ဆက်ခေါ်လိုက်ပြန်တယ်။

"သားလေးရေ ဝင်းထွန်း အမေပြန်လာပြီ"

ဟော အိမ်လေးထဲက နီရဲရဲမီးသီးကလေး လင်းသွားပြီ။ အမေခင်ထွေးရဲ့ သားငယ် ဝင်းထွန်း အိမ်ပေါ်က ဆင်းလာခဲ့တယ်။

"ဟင်"

ခရီးဝေးက မောမောပန်းပန်းပြန်လာတဲ့ အမေခင်ထွေး ရင်ထဲထိတ်ခနဲဖြစ်သွားပါတော့တယ်။ အမေခင်ထွေး လျှပ်စီးလက်မိုးကြိုးပစ်ခံရပြန်ပြီလား။ သားငယ်ဝင်းထွန်းလက်ကို ဆွဲလျက်လိုက်ပါလာသူက အမျိုးသမီးငယ်တစ်ယောက်။ အမေခင်ထွေး ဘာမှမပြောရှာဘဲ မြေးလေးလက်ကို ဆွဲလျက်ပဲ အိမ်ပေါ်အရောက်မှာ အဝတ်အိတ်ကလေးကို အသာအယာပစ်ချလိုက်တယ်။

"အမေရယ် သား မိန်းမ ယူလိုက်ပြီ"

"သား ဆယ်တန်း အောင်တယ်မဟုတ်လား"

"ကျတယ် အမေ"

"သား ဆယ်တန်းကျတော့ ဆက်မဖြေချင်တာနဲ့ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လိုက်တယ်လေ။ အဲဒါ ပွင့်ဖြူမြို့နယ်အရောက်မှာ သားတို့အလုပ်လုပ်နေတဲ့လမ်းပိုင်းက မယ်ဇလီကုန်းရွာသူနဲ့ အိမ်ထောင်ပြုလိုက်တယ် အမေ"

"သားလေး ဆယ်တန်းစာမေးပွဲ ပြန်ဖြေနော်"

"အဆင်မပြေလို့ပါ အမေ"

ဒီတစ်ခါလဲ အမေ ခင်ထွေး ငိုရမလား၊ ရယ်ရမလား ခွဲခြားမသိနိုင်ခဲ့ပါ။ ဒါပေမဲ့ အမေခင်ထွေး ဆုံးဖြတ်ချက်တစ်ခုကိုတော့ ပိုင်ပိုင်ချလိုက်နိုင်ပါတော့တယ်။

"ငါ မနက်ဖြန် ဆန်စက်အလုပ်ပြန်ဝင်မယ်။ စပါးလုံး၊ ဆန်ကောင်း၊ ဆန်ကွဲရွေးပြီး အရည်အသွေးမီ ဆန်ကောင်းစစ်စစ်ရအောင် ပြာတီးရမဲ့တာဝန်ဟာ ငါ့တာဝန်ပဲ"

ဗမာ၊ ကချင် ကပြားမြေးလေး ဘလက်ဆိန်းထွန်း (Blessing Htun)ရဲ့ အနာဂတ်ပညာရေး ကျောက်ကောင်းတစ်စေ့ဖြစ်ဖို့ ကြိုးစားမယ်ဆိုတဲ့အဘွားဒေါ်ခင်ထွေးရဲ့ ခံယူချက်ပဲ မဟုတ်ပါလား။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၈ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၄၇၂ ကေ၊ ကနီမြို့နယ်တွင် ကေ ၂၃၈၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၂၅၂ ကေ၊ ပုလဲမြို့နယ်တွင် ၆၈ ကေ စုစုပေါင်း ၂၄၅၉၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲကေ ၃၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၂၄၅၉၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ကေ၊ ကနီမြို့နယ်တွင် ကေ ၂၉၃၉၀၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၅ ကေ၊ ပုလဲမြို့နယ်တွင် ၆၈ ကေ စုစုပေါင်း ၃၃၃၄၈ ကေ တို့ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကကတစ်ငါးပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ကကတစ်ငါးပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ကကတစ်ငါးပိသာချိန် ၃၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကကတစ်ငါး ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ငပုတောမြို့နယ်ကနေ ပြီးခဲ့တဲ့ ဇွန်လအတွင်း ကကတစ်ငါး ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကကတစ်ငါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်ခဲ့လို့ တင်ပို့ရောင်း



အားတက်ခဲ့တာပါ။ အခုလိုတင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အဆင်ပြေလာပါတယ်'' ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါး တစ်ပိသာလျှင် အရွယ်အစားအလိုက် ငွေကျပ် ၂၅၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ကကတစ်ငါးအပါအဝင် ရေထွက်ကုန်အများအပြား တင်ပို့ရောင်းချနေရခြင်းကြောင့် ကုန်သည်များ၊ ရေလုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်ရရှိကာ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပုဗ္ဗသီရိမြို့နယ် ရွာတော်(တ+မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာတော်ကျေးရွာအုပ်စု ရွာတော်(တ+မ)ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၉ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာတော်(တ+မ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

## ကရုဏာထား မေတ္တာပွား

– လူတိုင်းပေါ် ကရုဏာထား
မေတ္တာပွား နေထိုင်ပါ၊
မနာလို အမုန်းမဖက်
ပြုံးလျက်စဉ်သာ၊
ရိုးသားမှု အတုယူဉ်ကာ
ဖြူစင်စွာ စိတ်ကောင်းမွေး၊
အတ္တမာန်တွေ အစွယ်ဖြတ်
ပယ်သတ်အဝေး။

– ချစ်မေတ္တာ စိတ်အတွေးနဲ့
အရိပ်ပေး လူတို့ဘောင်၊
ပရအကျိုးကို ရည်မျှော်ကိုး
သယ်ပိုးခုနှောင်၊
သိဉာဏ်ဖြိုး အလင်းဆောင်
ခွင်းအမှောင် ဖြတ်ကျော်ရင်း၊
အန္တရာယ်တွေ ဘေးမသန်း
အေးချမ်းစေမင်း။

– ကရုဏာ မေတ္တာနှင်းလို့
သစ္စာမယွင်း စောင့်ထိန်းတည်၊
တန်ဖိုးရှိသူ လူသားအဖြစ်
ထုဆစ်ကြမည်၊
ကိုယ့်တန်ဖိုး ကိုယ်ဂုဏ်ရည်
သင်းထုံကြည် အမှန်မလွဲ၊
စာနာကွယ် လူသားချင်းကို
ရိုင်းပင်းစဉ်မြဲ။ ။

ရဲသွေးနီ(တက်ဝန်)

# လဲချားမြို့နယ် နောင်မိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လဲချား ဇူလိုင် ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်မိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက လဲချားမြို့နယ် နောင်မိန်းကျေးရွာ၌ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များမှာကြားခဲ့သည်။

အဆိုပါ နောင်မိန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၄၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သူသူ**

# အင်တာနက်သင်ခန်းစာ

**ဆူးသစ်**

နည်းပညာတွေတိုးတက်နေတဲ့ခေတ်ကြီးထဲမှာ မပါမဖြစ်ပြောစရာရှိတဲ့ အင်တာနက်နဲ့ပတ်သက်လို့ ပြောစရာလေးတွေရှိလာလို့ ဒီဆောင်းပါးဖြစ်လာခဲ့ရပြန်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အင်တာနက်သုံးနိုင်တဲ့အင်အား ပိုများလာသလို သုံးတဲ့လူငယ်အရေအတွက်လဲပိုများလာလို့ ထောက်ပြစရာ၊ အကြံပြုဆွေးနွေးစရာတွေလဲရှိနေလို့ပါ။ ပြီးတော့ ကျွန်တော်ကိုယ်တိုင်လဲ အဲဒီထဲမှာ နစ်မျောနေတဲ့လူဖြစ်နေလို့ ပြောပြချင်တာလဲပါပါတယ်။

တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ အင်တာနက် တကယ်ထဲထဲဝင်ဝင်ဖြစ်လာခဲ့တာ ကျွန်တော့်အထင် ဆယ်စုနှစ်မရှိတရှိပါပဲ။ ပထမပိုင်း စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေမှာသုံးပြီး နောက်ပိုင်းမှ လူငယ်တွေကြားမှာ Chat Roomဆိုတဲ့ စကားပြောခန်းတွေကြောင့် အင်တာနက်ဟာ ပိုတွင်ကျယ်လာခဲ့တယ်။ ဂိမ်းတွေလဲအပါအဝင်ပေါ့။

ဒီတော့ ဘာတွေဖြစ်လာလဲ။ ကျွန်တော်တို့နားလည်သလောက် ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်နိုင်ငံမဆို ရုပ်ဝတ္ထုတိုးတက်မှု၊ နည်းပညာတိုးတက်မှုစတာတွေရှာတဲ့အခါ တစ်ဖက်မှာ ဆိုးကျိုးတွေဟာ ဘေးထွက်အနေနဲ့ ဝင်လာတတ်ပါတယ်။ ဆေးသောက်လို့ တစ်ဖက်မှာ ကောင်းသွားတာရှိသလို တစ်ဖက်မှာလဲ ဘေးထွက်ဆိုးကျိုးရသွားသလိုမျိုးပါ။ အခု အင်တာနက်ကျယ်ပြန့်လာတာမှာလဲ ဘေးထွက်ဆိုးကျိုးတွေရသွားတာ အများကြီးပါပဲ။

ပထမဆုံး ကျွန်တော်တို့သိတဲ့ စကားပြောခန်းတွေက စဆွေးနွေးကြည့်ရအောင်။ Chat Room Website တွေကတော့ အများကြီးပါပဲ။ မြန်မာနိုင်ငံက တင်ထားတာတွေရော၊ နိုင်ငံခြားက တင်ထားတာတွေပါစုံလို့။ ဒီတော့ သုံးလို့ကောင်းမယ်၊ ပြောတဲ့လူများမယ်ဆို ဝင်လိုက်ကြတာပါပဲ။ ဒီမှာပဲ အွန်လိုင်းမှာ မမြင်ရတဲ့လူချင်း စပြီးစကားပြောခွင့်ရသွားတာပါပဲ။

လူလူချင်းစကားပြောတာ ပြဿနာမရှိပေမဲ့ ပြောချင်ရာပြောနိုင်တဲ့ အွန်လိုင်းမှာ၊ လူမမြင်ရတဲ့ အွန်လိုင်းမှာ ပြောချင်ရာစွတ်ပြောတော့ ရှုပ်ကုန်တာပါပဲ။ အဓိကပြဿနာက ယောကျာ်းလေးတွေက ရည်းစားစကားလွယ်လွယ်ပြောပြီး မိန်းကလေးတွေကလဲ အဖြေလွယ်လွယ်ပေးနေတာပါပဲ။ ဒါဟာ မကောင်းတဲ့လက္ခဏာပါ။ ဘာဖြစ်လို့လဲဆိုတော့ လွယ်လွယ်ရတာတွေရဲ့နောက်မှာ ပြဿနာပေါင်းစုံက စောင့်နေလို့ပါ။

များသောအားဖြင့် အိမ်ထောင်ရှိပြီးသား လူအိုတွေက လူပျိုလိုလုပ်ပြီး အဲဒီ Chat Room တွေထဲမှာ မိန်းကလေးတွေကို ရည်းစားစကားပြော၊ လွယ်လွယ်လက်ခံသူတွေကလက်ခံပြီး နောက်မှပြဿနာတွေတက်ကြတဲ့ဇာတ်လမ်းတွေက အများကြီးပါ။ လူပျိုက အပျိုကို အွန်လိုင်းမှာ ရည်းစားစကားပြောရင်တောင် မမြင်ရဘဲပြောတာဖြစ်လို့ စဉ်းစားပြီးလက်ခံသင့်တဲ့အချိန်၊ လူအိုကိုပါ လက်ခံမိလို့ကတော့ စဉ်းစားသာကြည့်ပါတော့။

လူမမြင်ရဘဲ စကားလုံးနဲ့တင် ကျေနပ်နှစ်သက်ပြီး တွေဝေမိန်းမောသွားအောင်ပြောနိုင်တဲ့လူမျိုးနဲ့ သာတွေ့လို့ကတော့ တစ်ဖက်မိန်းကလေးဟာ တစ်ရက်တည်းနဲ့တင် အဖြေပေးသွားစေရမယ်လို့ Chat Room လောကမှာ ပြောစမှတ်ပြုရမယ်ထင်ပါရဲ့။ တစ်ဖက်မိန်းကလေးတွေမှာလဲ မမြင်ရတဲ့လူရဲ့ ဆွဲဆောင်မှုက ပိုကောင်းသလားမသိပါဘူး။ တော်တော်နဲ့ ရှန်းထွက်မရတတ်ကြတာ မြင်တွေ့နေရတယ်။

အဓိကကတော့ မမြင်ရတဲ့လူကိုမြင်ချင်၊ တွေ့ချင်တာ၊ အသံကြားချင်တာ၊ ဒီစိတ်ထဲကပဲ သံယောဇဉ်ပိုဖြစ်လွယ်တာလို့ ကျွန်တော်ထင်မိတယ်။ အဲဒီစိတ်ကို ထိန်းနိုင်တဲ့ အတိုင်းအတာအနိမ့်အမြင့်ပေါ် မူတည်ပြီး ကိုယ့်ရဲ့ကောင်းကျိုးဆိုးကျိုးဖြစ်လာနိုင်တယ်ဆိုတာ Chat Room သုံးသူတိုင်း သတိပြုသင့်ပါတယ်။

တကယ်တော့လမ်းပေါ်မှာလိုက်ပြောရင် ပါးရိုက်ခံရမယ်၊ စင်ကာပူမှာဆို ရဲအဖမ်းခံချင် ခံရနိုင်တယ်။ မြန်မာပြည်မှာ ရပ်ကွက်ရုံးရောက်ချင်ရောက်မယ်။ ညီအစ်ကိုမောင်နှမ ထိုးကြိတ်တာခံချင်ခံရမယ်။ ဒါတွေဟာ အွန်လိုင်းမှာ ဘာမှမဖြစ်၊ ဘာမှမရှိတာ။ ဒီတော့ ယောကျာ်းလေးကလဲ ပြောချင်ရာပြောရင်း၊ ရည်းစားစကားပြော၊ တစ်ဖက်မိန်းကလေးကလဲ သဘောများကောင်းလို့ကတော့ Sex ကိစ္စတွေပါ ပြောလို့ရတယ်ဆိုပဲ။ ဆင်ခြင်စရာပါ။

မိန်းကလေးတွေကရော အပြင်မှာဆို ရှက်လို့ ထွက်ပြေးချင်ပြေး၊ ပါးရိုက်ချင်ရိုက်နေမှာ။ ခုတော့ မမြင်ရတော့ 'ဘယ်သူလဲ၊ ဘယ်ကလဲ'လို့ မေးရင်း စလိုက်တာ လူပါပါသွားပါလေရော။ တကယ်အတည်တကျယူမဲ့လူနဲ့ဆိုပြဿနာမရှိပေမဲ့ အပျော်ဆိုတဲ့ လူမျိုးနဲ့တွေ့လို့ကတော့ မျက်ရည်ကျဖို့ပဲရှိတာပါပဲ။ ဒီကြားထဲ ကျွန်တော်တို့ စင်ကာပူက လူတွေကြားမှာ ပြောစရာဖြစ်နေတာက 'စင်ကာပူကပါ'လို့ ပြောတာနဲ့ တချို့မိန်းကလေးတွေ အရမ်းပစ်ဝင်ကြတာပါပဲ။ ဆင်ခြင်စရာကောင်းတာက ဘယ်နေရာကပါ ပြောပြော အဲဒီနေရာကလဲ ဟုတ်ချင်မှဟုတ်မှာပါ။ ဘာလို့ယုံကြတာလဲ။ ဒီတော့မမြင်နိုင်တဲ့ အွန်လိုင်းရဲ့ဆွဲအားဟာ သိပ်ကိုကြီးမားတယ်ဆိုတာ လက်ခံရမှာပါပဲ။

Chat Room ကြောင့် ဒိုခဲ့ရတဲ့လူတွေရဲ့ဖြစ်စဉ်ကို ပြောရမယ်ဆိုရင် ဆုံးတော့မှာမဟုတ်ပါဘူး။ ကျွန်တော်အဓိကပြောချင်တာက ဆင်ခြင်ကြဖို့ပါ။ ချင့်ချိန်ကြဖို့ပါ။ အွန်လိုင်းသုံးသူတိုင်း မကောင်းဘူးလို့ မဆိုလိုပါဘူး။ ယောကျာ်းလေး၊ မိန်းကလေး ကြိုက်သလိုသုံး၊ သုံးချင်သလောက်သုံး၊ သူ့စည်းကိုယ့်စည်းထားပြီး နည်းပညာကို တန်ဖိုးထားတတ်ရင် အင်တာနက်ဟာ တကယ်အကျိုးရှိပါတယ်။

ကျွန်တော်ဝန်ထမ်းဘဝက ဝန်ကြီးဌာန Web-site အတွက် Myanmar Info-Tech မှာ ကွန်ပျူတာကုမ္ပဏီတစ်ခုနဲ့ပေါင်းလုပ်ရတယ်။ ဒီမှာပဲ အဲဒီက လူငယ်တွေရဲ့ Chat Room ကို ဘယ်လိုသုံးလဲဆိုတာ လေ့လာမိပါတယ်။

သူတို့သိချင်တဲ့နည်းပညာအခက်အခဲကို အွန်လိုင်းမှာရှိတဲ့ သူငယ်ချင်းကိုလှမ်းမေးရင်း အလုပ်ကိုပြီးအောင်လုပ်သွားတာပါ။ သူတို့သူငယ်ချင်းတွေဟာ နိုင်ငံခြားနဲ့ပြည်တွင်းမှာပါ။ 'ငါ ဘာဖြစ်နေတယ်၊ ဘာလုပ်ရမလဲ'၊ 'ဘယ် Site မှာဘာရှိတယ်၊ Down-load လုပ်လိုက်'ဆိုပြီး ကျွန်တော့်ရှေ့မှာတင် မြင်နေကြားနေရတော့ ကောင်းလိုက်တဲ့နည်းပညာအသီးအပွင့်ပါလားလို့တွေးရင်း ကျေနပ်မိသေးတယ်။ ဒီတော့ အွန်လိုင်းသုံးသူတိုင်း မကောင်းဘူးဆိုတာ မဟုတ်ပါဘူး။ သူ့ပညာရပ်၊ သူ့လက်နက်ကိုသင့်တော်သလိုသုံးရင် အင်တာနက်ဟာ တကယ်ထက်မြက်တဲ့ လက်နက်ကောင်းဆိုတာပြောချင်တာပါ။ ရာခိုင်နှုန်းချင်းယှဉ်ရင် အပျက်ပိုများတာ သေချာပါတယ်။ အကောင်းကတော့နည်းနေဆဲပါပဲ။ အဓိကကတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပျက်စီးယိုယွင်းလာတာပါပဲ။

Chat Room မပြောနဲ့ တချို့ယောကျာ်းလေးတွေဆို E-mail က ပါလာတဲ့လိပ်စာမှာ မိန်းကလေးနာမည်ပါတာနဲ့ သိသိမသိသိ လှမ်းပြီး Invite လုပ်တော့တာပါပဲ။ တကယ်တော့ အဲဒီလိပ်စာက သူ့ကိုပေးတာမဟုတ်ပါဘူး။ တစ်ယောက်ဆီ Mail ဝင်လာရင် နောက်လူတွေကိုပါ ဖတ်လို့ရအောင် ပြန်ဖြန့်ပေးတာ။ Forward လုပ်လိုက်တဲ့အခါ အရင် Mail က တခြားလူတွေရဲ့ လိပ်စာတွေပါလာတာပါ။ သူနဲ့ဘယ်သူမှမသိပါဘူး။ ဒါကို အခွင့်ကောင်းယူပြီး မိန်းကလေးလိပ်စာမှန်သမျှ လိုက် Invite လုပ်တဲ့ စိတ်ဓာတ်နိမ့်ကျတဲ့သူတွေအများကြီးပါ။

နည်းပညာတွေမြင့်လာတဲ့ခေတ်မှာ စိတ်ဓာတ်နိမ့်ကျတဲ့သူတွေများလာတာ အမြတ်ထွက်တာလား၊ ဘေးထွက်ဆိုးကျိုးလားဆိုတာ ပြောမပြတတ်အောင်ပါပဲ။ တကယ်တော့ Mail ပို့သူ Forward လုပ်ရင် ကိုယ့်ကျင့်ဝတ်က ကြိုက်ရင်ဆက်ဖြန့်၊ မဖြန့်ချင်ရင်သိမ်းထား။ ဒါပါပဲ။ ပါလာတဲ့လိပ်စာတွေကို အလွဲသုံးစားလုပ်ဖို့ မဟုတ်ပါဘူး။

အင်တာနက်သုံးတာ ဘာကျင့်ဝတ်မှသိစရာမလိုဘူးဆိုရင်တောင် မိမိလုပ်တဲ့အပြုအမူကို ပြန်ဆန်းစစ်သင့်ပါတယ်။ E-mail Address ဆိုတာ ပုဂ္ဂလိကသုံးရင် ကျေနပ်လို့ပေးမှ Mail ပို့သင့်တာမျိုးပါ။ Chat Room မှာတွေ့လို့ လိပ်စာရရင် ဖိတ်လိုက် Invite ပါ။ တစ်ခါမှမသိတဲ့သူကို သူမပေးဘဲ မိန်းကလေးနာမည် လုလုတွေ့တိုင်း Invite လုပ်ရင် ကိုယ့်အဆင့်နိမ့်ကျတယ်လို့ နားလည်ဖို့လိုပါတယ်။

Chat Room မှာတောင် တစ်ဖက်သားမပြောချင်ရင် ဆက်မပြောရဘူးဆိုတဲ့ကျင့်ဝတ်မျိုးရှိတာ အွန်လိုင်းသုံးသူတွေ မသိကြပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ အဲဒါမျိုးတွေကို ထပ်ခါထပ်ခါပြောပြဖို့ လိုတယ်လို့ ကျွန်တော်ထင်ပါတယ်။ အခုဟာက အွန်လိုင်းသုံးသူတွေဟာ သုံးသာသုံးနေကြတယ်။ သုံးဖို့ပဲအချိန်ရတယ်။ လိုက်နာရမဲ့ကျင့်ဝတ်တွေ ရှာဖတ်ဖို့ အချိန်မရကြရှာပါဘူး။ စိတ်လဲ မဝင်စားပါဘူး။

ဒီကြားထဲ တချို့ဆို အပြင်မှာရှိတဲ့ "ရွှေပေလွှာ"လို စာမျိုးတွေ၊ အွန်လိုင်းမှာဖြန့်နေတာတွေတောင်ရှိပါသေးတယ်။ ဘယ်နှစောင်ဖြန့်ရင် ဘာဖြစ်မယ်၊ မဖြန့်ရင်ဘာဖြစ်မယ်။ အွန်လိုင်းမှာလာပြီး အလုပ်ပေးနေတာပါ။ ကျွန်တော်တို့ကတော့ ဘာမျှမလုပ်ပါဘူး။ ဖတ်သင့်တာဖတ်ပါတယ်။ မှတ်သင့်တာ မှတ်ပါတယ်။ တကယ်တော့ အဲဒီစာကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာပဲရှိပါတယ်။ အင်တာနက်မှာ လူတွေကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်လို့ ကျင့်ဝတ်ကို လိုက်နာရကောင်းမှန်းမသိလို့ စိတ်ပျက်တာပါ။ ကိုယ့်ကြောင့် သူတစ်ပါးစိတ်အနှောင့်အယှက် မဖြစ်စေဖို့ ကျွန်တော်ကတော့ "ရွှေပေလွှာ"လို Mail မျိုးလာရင် ဘယ်တော့မှထပ်မဖြန့်ပါဘူး။

ဒီထက်ဆိုးတာက ရယ်စရာ၊ ပျော်စရာလိုလုပ်ပြီး ပို့တတ်တဲ့ ရုပ်ရှင်အတိုလေးတွေပါ။ "အဲဒီအိမ်လေးမှာ ဖိနပ်တစ်ရန်ပျောက်နေလို့ ရှာပေးပါ"ဆိုပြီး ပဟေဠိလိုလုပ်ပြီးရှာနေတုန်း ဖြန်းဆိုသရဲပုံကြီးပေါ်လာတာမျိုးတွေပါ။ တကယ်ဆို စချင်ရုံသက်သက်ပါဆိုပြီး ပြောလို့မရပါဘူး။ တစ်ဖက်လူက နှလုံးရောဂါနဲ့ကြည့်သူဆို ပို့သူရဲ့တာဝန်ပါ။ ဒါလဲ စောင့်ထိန်းရမှာပါပဲ။

ကျွန်တော်တို့အပါအဝင် အွန်လိုင်းမှာ အင်တာနက်သုံးသူတွေ တော်တော်များများဟာ ကျင့်ဝတ်တွေကိုစောင့်ထိန်းကြဖို့ အများကြီးရှိပါတယ်။ ကျင့်ဝတ်မဟုတ်တောင် သိရမဲ့အရေးကြီးတဲ့အချက်တစ်ချက်ကတော့ အင်တာနက်သုံးချိန်မလွန်ဖို့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျန်းမာရေးကြောင့်ပါ။

ဂိမ်းပဲကစားကစား၊ Chat Room ပဲဝင်ဝင် အချိန်တန်ရင် နားရပါမယ်။ နည်းနည်းတော့ကြာသွားပါပြီ။ သတင်းတစ်ပုဒ်ဖတ်ရပါတယ်။ တရုတ်မှာထင်ပါရဲ့။ အင်တာနက်သုံးသူလူငယ်တွေကို လေ့ကျင့်ခန်းတွေ လုပ်ဖို့စီစဉ်တာပါ။ တစ်ချိန်လုံးထိုင်နေတော့ ခန္ဓာကိုယ်က လက်မခံနိုင်လို့ ရံဖန်ရံခါလေ့ကျင့်ခန်းလုပ်ဖို့ပါ။ ကျွန်တော်တို့ အင်တာနက်မှာ စာဖတ်ရင်း၊ ဘောလုံးပွဲကြည့်ရင်းနဲ့တောင် နှစ်နာရီ၊ သုံးနာရီ ဖြုတ်ခနဲကုန်သွားတတ်တာဆိုတော့ လေ့ကျင့်ခန်းကတော့ အင်တာနက်ရေရှည်သုံးသူတွေအတွက် လိုအပ်တာပါပဲ။

တကယ်တော့ အင်တာနက်သုံးသူတွေဟာ သုံးရင်းနဲ့ ကိုယ်ဘာရသလဲဆိုတာမသိတဲ့လူတွေပါ။ ကိုယ်ကြိုက်တာကိုယ်လုပ်နေမှတော့ ငါဒီနေ့ဘာရလဲဆိုတာသိပါအုံးမလား။ အမှန်ကတော့ အင်တာနက်မှာ ကျွန်တော်တို့မသိသေးတဲ့အရာတွေကို ရှာဖွေမှတ်သားလေ့လာရင်း အချိန်ကုန်ရမှာပါ။ ပျော်ဖြေမှုသက်သက်ဆိုတော့ ဘာမှကိုယ့်အတွက် မကျန်နိုင်ပါဘူး။ ဒါတွေဟာ ဆင်ခြင်စရာတွေပါ။

ကျွန်တော်ရဲ့ ရုံးမေးလ်ဘောက်စ်ထဲဝင်လာတဲ့ ကောင်းတာလေးတွေဆိုဘာသာပြန်ပြီး မဂ္ဂဇင်းမှာ ဆောင်းပါးရေးလို့ (Knowledge Share) ဗဟုသုတမျှဝေမိပါတယ်။ ဒီလို Mail တွေအတွက် ကျေးဇူးတင်ပါရဲ့။

ကျွန်တော်တို့ရဲ့ အဓိကအားနည်းချက်က အင်တာနက်သုံးပြီး ကောင်းတာတွေ ရအောင်မယူတတ်သေးတာပေါ့။ မိမိသုံးလိုက်တဲ့ငွေကြေး၊ အချိန်တွေရဲ့နောက်မှာ ကျွန်တော်တို့ဘာတွေပြန်ရလိုက်လဲဆိုတာ ဆင်ခြင်ရမဲ့အရာပါ။

ဘာပဲဖြစ်ဖြစ် အင်တာနက်သုံးရင်း ကိုယ့်အတွက် စစ်မှန်တဲ့အကျိုးရှိမှုမျိုးရမယ်ဆို သုံးရတဲ့အချိန်၊ ငွေတွေက တန်ပါတယ်။ ဂိမ်းတွေ၊ Chat Room တွေကို လိုတာထက်ပိုသုံးရင် ခန္ဓာကိုယ်လဲ ထိခိုက်နိုင်တာမို့ ဘယ်ဟာအမှန်၊ အမှားလဲဆိုတာဝေဖန်နိုင်ဖို့ အင်တာနက်နဲ့ပတ်သက်ပြီး ထောက်ပြလိုက်ရပါတယ်။

**(ဆူးသစ်၏ ၂၀၁၁ ခုနှစ်ထုတ် အဝေးရောက်ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့စာအုပ်မှ ဖော်ပြပါသည်။)**

❖ ကျွန်တော်တို့ အင်တာနက်မှာ စာဖတ်ရင်း၊ ဘောလုံးပွဲကြည့်ရင်းနဲ့တောင် နှစ်နာရီ၊ သုံးနာရီ ဖြုတ်ခနဲကုန်သွားတတ်တာဆိုတော့ လေ့ကျင့်ခန်းကတော့ အင်တာနက်ရေရှည်သုံးသူတွေအတွက် လိုအပ်တာပါပဲ။ တကယ်တော့အင်တာနက်သုံးသူတွေဟာ သုံးရင်းနဲ့ကိုယ်ဘာရသလဲဆိုတာမသိတဲ့လူတွေပါ။ ကိုယ်ကြိုက်တာကိုယ်လုပ်နေမှတော့ ငါဒီနေ့ဘာရလဲဆိုတာသိပါအုံးမလား။ အမှန်ကတော့ အင်တာနက်မှာ ကျွန်တော်တို့မသိသေးတဲ့အရာတွေကို ရှာဖွေမှတ်သားလေ့လာရင်း အချိန်ကုန်ရမှာပါ။ ပျော်ဖြေမှုသက်သက်ဆိုတော့ ဘာမှကိုယ့်အတွက် မကျန်နိုင်ပါဘူး။ ဒါတွေဟာ ဆင်ခြင်စရာတွေပါ။ ❖

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၃၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဒီပဲယင်း ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၃၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၁၆၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၃၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နေကြာ ဧက ၅၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာတော့ ၂၃၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီ လျှော့ချနိုင်ဖို့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူသို့ ဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပျဉ်းမနားမြို့နယ် ဆန်းသစ်လွင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပျဉ်းမနား ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆန်းသစ်လွင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေနှင့် တာဝန်ခံအင်ဂျင်နီယာများက ဆန်းသစ်လွင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ကွန်ကရစ်ဘီးလမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါဆန်းသစ်လွင်ကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည် တစ်မိုင်၊ အကျယ်သုံးပေ၊ အမြင့်ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီရန်ပုံငွေကျပ် သန်း ၂၀၀ ဖြင့် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

# ရေနံချောင်းမြို့နယ် ဆားတိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရေနံချောင်း ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆားတိုင်ကျေးရွာအုပ်စု ဆားတိုင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဆားတိုင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆားတိုင်ကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ 6.96KW ဆိုလာစနစ် တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၄၆၄ သန်းဖြင့် Zenith Creative Construction Co.Ltd က ယခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဆားတိုင်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နော်လူး**



# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိသာချိန် ၅၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးရှဉ့်ပိသာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်က ငါးရှဉ့်များကိုအဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဇွန်လအတွင်း ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရှဉ့်ပိသာချိန် အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကထွက်ရှိတဲ့ ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဒေသတွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချနေပါတယ်။ အခုလိုငါးရှဉ့်တွေ ဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူသူတွေနဲ့ ရေလုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိသာလျှင် ငွေကျပ် ၂၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများကို ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# နတ်တလင်းမြို့နယ် စခန်းသာတဲတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စခန်းသာတဲတန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စခန်းသာတဲတန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၆ ဦးကို ငွေကျပ် ၄၄ ဒသမ ၇၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၂၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၄ ဦးကို ရန်ပုံငွေကျပ် ၆၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

ခရီးသွားဆောင်းပါး

# ဧရာဝတီတိုင်းဒေသကြီးမှ လည်ပတ်အပြီး အပြန်ခရီး

သက်နိုင်(ပြင်ဦးလွင်)

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုင်းကြီးကျွန်းပြင်ခရိုင်က ထိပ်စွန်း၊ မော်တင်စွန်း၊ ဂေါ်ရန်ဂျီကျွန်း စတဲ့နေရာဒေသတွေကို လေ့လာလည်ပတ်အပြီး အခုအပြန်ခရီးအဖြစ် ရန်ကုန်မြို့ရှိရာကို ဦးတည်မောင်းနှင်နေပါပြီ။ ခရီးတစ်ထောက်နားရင်းရောက်ရှိနေတဲ့နေရာက ကျောင်းကုန်းမြို့ဖြစ်ပါတယ်။ အခု အပြန်ခရီးစဉ်မှာ ရန်ကုန်မြို့ကို စောစောရောက်လိမ့်မယ်လို့ခန့်မှန်းထားပေမဲ့ ကားစက်ချို့ယွင်းမှုတစ်ခုကြောင့် မထင်မှတ်ဘဲ နောက်ကျတော့မှာပါ။ ကျောင်းကုန်းမြို့ကနေ ပြန်လည်ထွက်ခွာလာတဲ့အချိန်က ညနေ ၄ နာရီကျော်နေပါပြီ။

ပုသိမ်နဲ့ရန်ကုန် မိုင်တစ်ရာကျော်ခရီးကို နားနားနေနေ မောင်းမယ်လို့ စဉ်းစားထားခဲ့ပေမဲ့ အခုအချိန်မှာ ရန်ကုန်မြို့ကို အဝင်နောက်ကျမှာ စိုးရိမ်တာကြောင့် ဖြစ်နိုင်သမျှမြန်မြန်ဆန်ဆန် မောင်းလာခဲ့ရတယ်။ ပန်းတနော်မြို့ကိုရောက်ရင် သင်ဖြူးဖျာတွေဝယ်ကြမယ်ဆိုပြီး မောင်နှမတွေ တိုင်ပင်ပြောဆိုထားပေမဲ့ အခြေအနေအရ မဝယ်ဖြစ်တော့ပါဘူး။ သင်ဖြူးဖျာဆိုင်တွေကို ငေးမောရင်းနဲ့သာ ဆက်လက်မောင်းလာခဲ့ရတယ်။ ပန်းတနော်မြို့ကနေ ညောင်တုန်း၊ ဆားမလောက်၊ မဲဇလီလမ်းဆုံတွေကို အဆင့်ဆင့် ကျော်ဖြတ်လာပြီးတဲ့အခါ စတင်မှောင်ရီပျိုးနေပါပြီ။ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီး နယ်နိမိတ်အစပ် ပန်းတိုင်စခန်းကို ရောက်တော့ အမှောင်ထုက ပိုမိုကြီးစိုးလာပြီဖြစ်လို့ ကားမီးတွေ ဖွင့်ပြီးမောင်းနေရတယ်။ ဒါ့ပြင် စစ်ဆေးရေးဂိတ်စခန်းမှာ အချိန်အနည်းငယ်ကြာသွားခဲ့ရတယ်။

ပြီးခဲ့တဲ့တစ်ခေါက် မောင်နှမတွေ စုပေါင်းသွားရောက်ခဲ့ကြတဲ့ ငွေဆောင်၊ ချောင်းသာ ခရီးစဉ်တုန်းက ဒီအချိန်၊ ဒီနေရာကို ရောက်တဲ့အချိန်မှာပဲ မိုးတွေအဆက်မပြတ်သည်းသည်းထန်ထန် ရွာသွန်းတာကြောင့် ကားကို သတိထားဂရုစိုက်မောင်းခဲ့ရတာကို ပြန်လည်မှတ်မိနေပါသေးတယ်။ စစ်ဆေးရေးဂိတ်စခန်းကိုဖြတ်ကျော်လာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းကို ဝင်ရောက်လာတာနဲ့ မကြာခင်မှာပဲ ကားတွေက အရင်ကထက် ပိုမိုများပြားလာတယ်။ ရန်ကုန်မြို့နဲ့ နီးကပ်လာတာနဲ့အမျှ ဒီထက်မက များပြားလာအုံးမှာပါ။ ပန်းတိုင်စခန်းနဲ့ ရန်ကုန်မြို့အဝင်ထိ ကိုးမိုင်ခန့်သာ ဝေးကွာနေတာကြောင့် ကားကိုဖြည်းဖြည်းမှန်မှန် မောင်းလာရင်း လှိုင်သာယာမြို့ကို ရောက်လာခဲ့ကြတယ်။ အချိန်က ည ၇ နာရီရှိနေပါပြီ။ လှိုင်သာယာကို ရောက်ရှိလာပြီဖြစ်တာကြောင့် မိမိအနေနဲ့ ဟိုတယ်ကိုသွားရောက်ကြဖို့အတွက် လမ်းကြောင်းတွေကို ကြိုတင်ရွေးချယ်နေရတယ်။ ကြိုတင်ချိတ်ဆက်အကြောင်းကြားထားတဲ့ ဟိုတယ်က ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ အနော်ရထာလမ်းကြား၊ ဝါးတန်းလမ်းမှာရှိတဲ့ ဝါးတန်းဟိုတယ်ပါ။ မိမိတို့မောင်နှမတွေ ရန်ကုန်မြို့ကိုရောက်ရင် ဒီဟိုတယ်မှာပဲ တည်းခိုလေ့ရှိတယ်။ ဒါ့ကြောင့် လမ်းကြောင်းကို ရွေးချယ်လိုက်တဲ့အခါ အမှတ် (၂) ဘုရင့်နောင်တံတားပေါ်ကနေဖြတ်သန်းပြီး ကမ်းနားလမ်းအတိုင်း ဟိုတယ်ရှိရာကိုသွားရောက်ဖို့ စဉ်းစားထားလိုက်တယ်။ ရန်ကုန်မြို့ကိုရောက်လာတဲ့အခါတိုင်းမှာ ပြည်လမ်းကနေမောင်းနေခဲ့ပြီး အခုတစ်ခေါက်တော့ ကမ်းနားလမ်းကနေ မောင်းရတော့မှာပါ။ ကားက လှိုင်မြစ်အနီးကို ရောက်တဲ့အခါ ကြိုတင်စဉ်းစားထားတဲ့အတိုင်း အမှတ် (၂) ဘုရင့်နောင်တံတားကနေ ဆက်လက်မောင်းနှင်လာခဲ့တယ်။

ရန်ကုန်မြို့ရဲ့ကမ်းနားလမ်းက ယာဉ်သွားယာဉ်လာတွေ အများအပြားနဲ့ စည်စည်ကားကား ရှုပ်ရှုပ်ထွေးထွေးပါ။ လမ်းတစ်လျှောက် မီးရောင်စုံတွေနဲ့အတူ မြစ်အတွင်းမှာ သွားလာနေကြတဲ့၊ ရပ်နားထားကြတဲ့ လှေသင်္ဘောကြီးကြီးငယ်ငယ်တွေမှာလဲ ရောင်စုံမီးတွေကို တွေ့မြင်နေရတယ်။ လမ်းပေါ်က မီးရောင်တွေ၊ တိုက်တာအဆောက်အအုံမြင့်မြင့်ပေါ်က မီးရောင်တွေ၊ လှေသင်္ဘောအသီးသီးပေါ်က မီးရောင်တွေက မြစ်ရေပြင်အတွင်းမှာ ကျရောက်ထင်ဟပ်နေတာနဲ့အတူ မြစ်ရေပြင်ရဲ့ လှုပ်ရှားမှုတွေကြောင့်လဲ ပိုမိုလှပနေကြတယ်။ ရန်ကုန်မြို့ကို မကြာခဏရောက်ရှိနေပေမဲ့ ဒီလိုညမိုးချုပ်နေတဲ့အချိန်မှာ ကမ်းနားလမ်းကို မရောက်ဖြစ်တာကြာနေပါပြီ။ ကမ်းနားလမ်းက အရင်ကထက် ဖွံ့ဖြိုးတိုးတက်လှပလို့နေတယ်။ ရန်ကုန်မြို့အတွင်းကို ဝင်ရောက်ချိန် နောက်ကျသွားခဲ့ရပေမဲ့ အခုလို ကမ်းနားလမ်းရဲ့ ညရှုခင်းသာယာလှပမှုတွေကို တွေ့မြင်ခံစားနေကြရလို့ နောက်ကျသွားတာကပဲ ခပ်ကောင်းကောင်းလို့ဆိုရတော့မှာပါ။



ရန်ကုန်– ဒလ မြစ်ကူးတံတားသစ်၏ ညရှုခင်းကို တွေ့ရစဉ်။

ကမ်းနားလမ်းရဲ့ ညရှုခင်းတွေကို ကြည့်ရှုကြရင်း မကြာခင်မှာရန်ကုန်–ဒလ မြစ်ကူးတံတားသစ်ကြီးကို မီးရောင်စုံတွေနဲ့ မြင်တွေ့ကြရပြန်တယ်။ မကြာမီကမှ ဖွင့်လှစ်ထားတဲ့ တံတားသစ်ကြီးတစ်ခုလဲဖြစ်တဲ့ ရောင်စုံမီးတွေလဲရှိနေသေးတာကြောင့် တံတားသစ်ကြီးရဲ့ညအလှကို ကားပေါ်ကနေ မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူကြရတယ်။

ဒါ့ပြင် မိမိတို့က တံတားကြီးရှိရာကို ရောက်ဖို့ လမ်းတစ်လမ်းအလို ဝါးတန်းလမ်းရောက်တာနဲ့ ချိုးကွေ့ခဲ့ရတာကြောင့် တံတားကြီးရဲ့ ညအလှကို တစ်ခဏတာ တွေ့မြင်ကြည့်ရှုလိုက်ကြရတယ်။ ဝါးတန်းလမ်းထဲကို ချိုးကွေ့ဝင်ရောက်ပြီးတဲ့အခါမှာလဲ ညစာထမင်းစားသောက်ကြဖို့အတွက် ဆိုင်တွေစုံစုံလင်လင် ရှိနေကြသေးသလားဆိုတာကို ထပ်မံကြည့်ရှုကြရပြန်တယ်။ အချိန်က ည ၇ နာရီကျော် ၈ နာရီနီးပါးသာ ရှိနေသေးတာဖြစ်လို့ စားသောက်ဆိုင်တွေ အားလုံးက စုံစုံညီညီရှိနေပြီး အနော်ရထာလမ်းတစ်လျှောက်မှာလဲ စည်စည်ကားကားဖြစ်နေတာကို တွေ့မြင်ကြရတယ်။ ဟိုတယ်ကို ရောက်တော့ အခန်းတွေယူပြီး၊ ရေချိုး အဝတ်အစားလဲပြီးမှ လာရောက်စားသောက်ကြမယ်ဆိုရင်လဲ ဖြစ်နိုင်ပါသေးတယ်။ ဒါကြောင့် ရေချိုး၊ အဝတ်အစားလဲခဲ့ကြပြီးမှ အနော်ရထာလမ်း ညဈေးတန်းရှိရာကို မောင်နှမတွေ ထွက်လာခဲ့ကြတယ်။

ညဈေးတန်းမှာ ရောင်းချနေတဲ့ စားသောက်စရာတွေက စုံလင်ပါတယ်။ မိမိတို့က ညစာထမင်းအဖြစ် စားသောက်ကြမှာဖြစ်လို့ ဟင်းတွေစုံလင်တဲ့ဆိုင်တွေကို ရှာဖွေကြရတယ်။ ဒီလိုရှာဖွေနေကြရင်းနဲ့ပဲ မိမိတို့ရဲ့ခရီးစဉ်အစတုန်းက ညအိပ်ရပ်နားကြရင်း ညစာထမင်းစားခဲ့ကြတဲ့ဆိုင်က အကောင်းဆုံးဟင်းတွေ အစုံဆုံးဖြစ်တယ်ဆိုတာကို တွေ့မြင်သိရှိလိုက်ရတာကြောင့် နောက်ထပ်ဆက်လက်ရှာဖွေခြင်း မပြုကြတော့ဘဲ ရောက်တဲ့နေရာကနေ လှည့်ပြန်ခဲ့ပြီး စားနေကျဆိုင်လေးမှာပဲ မှာယူစားသောက်လိုက်ကြတယ်။ အသားငါးဟင်းမျိုးစုံတွေရှိနေတဲ့အထဲက ကြိုက်တဲ့ဟင်းတစ်မျိုးမျိုးနဲ့စား အရံဟင်းပွဲတွေနဲ့ အတူ အဝစားမှ လူတစ်ဦးကို ငါးထောင်ကျပ်သာရှိနေတယ်။ တစ်ခါတစ်ရံ ဒီလိုညဈေးတန်းလိုနေရာမျိုးမှာ စားသောက်ရတာက မထင်မှတ်ဘဲ အရသာရှိရှိနဲ့ ဈေးနှုန်းကလဲ အလွန်သက်သာနေပါတယ်။

ညစာထမင်းစားသောက်ပြီးတာနဲ့ အချိန်အနည်းငယ်ရသေးလို့ ညဈေးတန်းတစ်လျှောက် လှေ့လာကြည့်ရှုပြီးမှ ဟိုတယ်ရှိရာကို ပြန်လာခဲ့ကြတယ်။ နောက်တစ်နေ့မနက်မှာ ပြင်ဦးလွင်ကို ပြန်ကြတော့မှာပါ။ ရန်ကုန်နဲ့ပြင်ဦးလွင်ခရီးကို အေးအေးဆေးဆေး သက်သက်သာသာ မောင်းနှင်လို့ရနေတာကြောင့် မောင်နှမတွေအားလုံးကို မနက်စောစောထကြဖို့ တိုက်တွန်းပြောဆိုမထားတော့ဘဲ အိပ်ရာကနေ နိုးတဲ့အချိန်မှသာ သွားရောက်ကြဖို့ပြောထားခဲ့တယ်။ ဒါပေမဲ့ ကိုယ့်အိမ်၊ ကိုယ့်အိပ်ရာမှာ အိပ်ကြရတာမဟုတ်ဘဲ ခရီးထွက်ခွာရင်း ဟိုတယ်မှာ အိပ်ကြရတာဖြစ်လို့ လူတိုင်းက မနက်စောစောကတည်းကနိုးနေကြပါပြီ။ အဲဒီအချိန်မှာပဲ ခြေထောက်တစ်ဖက်နာနေတဲ့ ညီမတစ်ယောက်ကို ဒလမြို့မှာရှိတဲ့ ဆေးခန်းတစ်ခုမှာ ပြသဆေးကုခံဖို့အတွက် အကြောင်းပေါ်လာခဲ့တယ်။ ဒါကြောင့် နိုးနေပြီဖြစ်တဲ့ အိပ်ရာကနေထကြရင်း ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ပြီးတာနဲ့ အနော်ရထာလမ်းထောင့်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိရာကို မနက်စာ စားသောက်ကြဖို့အတွက် ထွက်လာခဲ့ကြတယ်။ မနက်စာ စားသောက်ပြီးကြတာနဲ့ ဒလမြို့ကို သွားရောက်ကြတော့မှာပါ။

လမ်းထောင့်မှာဖွင့်လှစ်ထားတဲ့ဆိုင်က လက်ဖက်ရည်ဆိုင်ဆိုပေမဲ့ စားသောက်စရာတွေစုံလင်ပါတယ်။ မုန့်ဟင်းခါးလဲကောင်းတာကြောင့် ရန်ကုန်မြို့ကို ရောက်တုန်းရောက်ခိုက် ရန်ကုန်မုန့်ဟင်းခါးကို ဝအောင်စားတယ်။ မနက်စာ စားသောက်ပြီးကြတာနဲ့ ပြည်လမ်း(ဘုန်းကြီးလမ်း)ပေါ်ကနေ တဆင့် ရန်ကုန်–ဒလ တံတားကိုဖြတ်ကျော်ပြီး ဒလမြို့ရှိရာကို မောင်းနှင်လာခဲ့တယ်။ အချိန်က မနက် ၆ နာရီကျော်သာရှိနေပါသေးတယ်။ ရန်ကုန်–ဒလ တံတားသစ်ကြီးဖွင့်လှစ်ထားတာ မကြာသေးပေမဲ့ မိမိတို့မောင်နှမတွေက ဒီတံတားကြီးပေါ်ကနေ မကြာခဏဖြတ်သန်းသွားလာပြီးနေကြပါပြီ။ ငွေဆောင်၊ ချောင်းသာကမ်းခြေတွေကို သွားရောက်ခဲ့တဲ့ခရီးစဉ်မှာ ဒီတံတားကြီးပေါ်ကနေ သွားလာခဲ့ကြတယ်။ အခုလဲ နောက်ထပ်တစ်ခါ ဖြတ်သန်းကြရပါအုံးမယ်။ တံတားကြီးစတင်ဖွင့်လှစ်ခါစက မနက်စောစောအချိန်တွေနဲ့ ညနေပိုင်းတွေမှာ လမ်းလျှောက်ကြ၊ ရှုခင်းကြည့်ကြနဲ့ စည်စည်ကားကားဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ တံတားပေါ်လမ်းလျှောက်ခွင့်ကို စနေ၊ တနင်္ဂနွေရက်တွေမှာသာ ခွင့်ပြုပေးထားတာကြောင့် မိမိတို့တံတား ကြီးပေါ်မှာ ဖြတ်သန်းကားမောင်းနေတဲ့အချိန်မှာ ရှင်းလင်းနေပါတယ်။

ဒလမြို့တွင်းကိုရောက်ရှိပြီး ဆေးကုသဖို့ခံယူမဲ့ ဆေးခန်းကို လိပ်စာအတိုင်း ရှာဖွေတဲ့အခါ မကြာခင်မှာ တွေ့မြင်ရောက်ရှိကြရတယ်။ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ကျော်ကြားတဲ့ဆေးခန်းတစ်ခုဖြစ်နေလို့လဲ မိမိတို့ရောက်ရှိသွားတဲ့အချိန်၊ ဆေးခန်းမဖွင့်ခင်ကတည်းက လာရောက်စောင့်ဆိုင်းနေကြသူတွေကော၊ မိမိတို့ကော အဆင်မပြေတာလေးတွေရှိတဲ့အတွက် ဆေးခန်းထဲကနေ ကိုယ်စီကိုယ်စီ ပြန်ထွက်လာခဲ့ကြရတယ်။ ဆေးခန်းရဲ့ အခြေအနေက သာမန်ရပ်ကွက်ငယ်တစ်ခုရဲ့ လမ်းကြားအတွင်းမှာ တည်ရှိနေတဲ့ လူနေအိမ်လေးပါ။ တကယ်တော့ ဆေးရုံ၊ ဆေးခန်းတစ်ခုနဲ့မတူပါဘူး။ ဒါ့ပြင်ဆေးခန်းမှာ ဆရာဝန်ဘယ်သူဆိုတာကိုလဲ မတွေ့မမြင်ရပါဘူး။ ဒါ့ပြင်ဆေးကုသဖို့ တိကျတဲ့ရက်လဲမရှိ၊ ဘာအာမခံချက်ကိုမှလဲ မပေးတဲ့အပြင် အဆိုးဆုံးအချက်အနေနဲ့ လူနာအကြောင်း၊ ရောဂါအခြေအနေ၊ ဘာဖြစ်နေတာလဲကအစ ဘာမှမေးမြန်းခြင်းမရှိတာကြောင့် နောက်လှည့်ပြန်လာခဲ့ကြတယ်။

ဒလမြို့ကနေ ပြန်ထွက်လာခဲ့ကြပြီး ရန်ကုန်–ဒလမြစ်ကူးတံတားကြီးကနေတဆင့် ပြည်လမ်းအတိုင်း မောင်းနှင်လာခဲ့တယ်။ ခရေပင်လမ်းခွဲရောက်တဲ့အခါ အမှတ် (၃) လမ်းမကြီးရှိရာကို မောင်းလာခဲ့ပြီး ရန်ကုန်– မန္တလေး အမြန်လမ်းကနေ ပြင်ဦးလွင်မြို့ကို ဆက်လက်သွားရောက်ကြတော့မှာပါ။ ကျောင်းပိတ်၊ ရုံးပိတ်ရက်ရှည်တွေရဲ့ နောက်ဆုံးလက်ကျန်ပိတ်ရက်ဖြစ်နေသေးတာကြောင့် လမ်းတွေအားလုံးပေါ်မှာ ယာဉ်သွား၊ ယာဉ်လာတွေ စည်စည်ကားကား၊ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေကြသေးတယ်။ မိမိတို့လို လည်ကြပတ်ကြ၊ သွားကြလာကြ၊ အချိန်တန်ရင် အိမ်ပြန်ကြ စတဲ့ခရီးသွားဧည့်သည်တွေက အများစုပါ။

မိမိမောင်းနှင်လာတဲ့ ကားလေးက မနက် ၉ နာရီကျော်မှာ ပဲခူးမြို့နဲ့ဘုရားကြီးလမ်းခွဲမှာရှိတဲ့ ကားရပ်နားစခန်းကို ရောက်လာခဲ့တယ်။ ဒီစခန်းမှာ ဝယ်စရာတွေဝယ်၊ စားစရာရှိတာတွေစားပြီး ရှေ့ခရီးကို ဆက်ကြဖို့ပါ။ ဝယ်ပြီးစားပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်လာခဲ့ကြတာ မိတ္ထီလာကိုရောက်မှ ခရီးတစ်ထောက် ထပ်မံနားကြရတယ်။ မိတ္ထီလာကနေတဆင့် ပြင်ဦးလွင်မြို့ကို ရောက်ရှိတဲ့အချိန်မှာ ည ၇ နာရီထိုးနေပါပြီ။ ဒီခရီးစဉ်ကို သွားရောက်လည်ပတ်ဖို့ စီစဉ်တဲ့အခါက ငါးရက်ကြာမယ်လို့ခန့်မှန်းထားပေမဲ့ တကယ်တမ်းထွက်လာကြတဲ့အခါ ငါးရက်ထက်ကျော်လွန်သွားပြီး ခြောက်ညအိပ်ခုနစ်ရက် ဖြစ်သွားခဲ့ရတယ်။ ခရီးကဝေးလွန်းတာကြောင့် ဒီလိုရက်တွေ ရှည်ကြာသွားခဲ့ရတာပါ။ နောက်တစ်ပတ် နောက်တစ်နေရာကို သွားရောက်လေ့လာ လည်ပတ်လိုက်ပါအုံးမယ်။

## တူကီယဲနိုင်ငံ ဖက်တီယီခရိုင်တွင် တောမီး လူနေအိမ်များသို့ ကူးစက် လောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်ထား



အင်ကာရာ ဇူလိုင် ၂၃

တူကီယဲနိုင်ငံအနောက်ဘက်ပိုင်း ဖက်တီယီခရိုင်တွင် လောင်ကျွမ်းနေသော တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာ အမြန်ဆုံး ရွှေ့ပြောင်းရန် တူကီယဲမီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပူပြင်းခြောက်သွေ့ကာ လေတိုက်နှုန်းလည်း မြင့်မားနေသည့်အတွက်ကြောင့် တောမီးကူးစက်မှုနှုန်း မြန်ဆန်နေကြောင်း၊ တောမီးသည်ဂေါ့စီအိုဗာဆက်ကျေးလက်ဒေသတွင် အဓိက လောင်ကျွမ်းနေခြင်းဖြစ်ကြောင်း ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသည့် ဒေသခံအများစုမှာလည်း ဂေါ့စီအိုဗာဆက်ကျေးလက်ဒေသမှ ဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကို ရယူထားကြောင်း တူကီယဲမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ဖက်တီယီခရိုင်မှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနေပါတယ်။ လူနေအိမ်ခြေ ၁၀ လုံးထက်မနည်း တောမီးကူးစက်လောင်ကျွမ်းနေပါတယ်။ ဒေသခံတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ထုတ်ပြန်ထားပါတယ်"ဟု တူကီယဲမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၃၀ ထိ စေလွှတ်ထားပြီး ရဟတ်ယာဉ်ငါးစီး၊ လေယာဉ်သုံးစီးနှင့် မီးသတ်ယာဉ် ၁၅ စီးထိ အသုံးပြုထားသည်ဟု တူကီယဲမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ဗြိတိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီးနောက် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ကာ ရုတ်တရက်မိုးရွာသွန်းခဲ့

လန်ဒန် ဇူလိုင် ၂၃

ဗြိတိန်နိုင်ငံတွင် မေလမှစတင်၍ အပူလှိုင်းဖြတ်သန်းကာ စံချိန်တင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်ခဲ့ပြီး ဇူလိုင် ၂၂ ရက်တွင် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ကာ ရုတ်တရက် မိုးရွာသွန်းခဲ့ကြောင်း ဗြိတိန်မိုးလေဝသဌာနက ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် မိုးခေါင်နိုင်ကြောင်း သုတေသီများက ကြိုတင်သတိပေးချက် ထုတ်ပြန်ထားသော်လည်း ရာသီဥတုပြောင်းလဲမှုမြန်ဆန်ကာ မိုးရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း၊ အအေးဓာတ်မြင့်မားသော ဗြိတိန်နိုင်ငံတစ်ဝန်းမေလမှ ဇူလိုင်လဒုတိယပတ်ထိ အပူချိန်မှာ ၃၀ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်သွားခဲ့ပြီး ဗြိတိန်နိုင်ငံသက်တမ်းတစ်လျှောက် အပူချိန်ကာလရှည်မြင့်တက်ခဲ့ခြင်းလည်း ဖြစ်ကြောင်း၊ အင်္ဂလန်နိုင်ငံအတွင်း မိုးရွာသွန်းခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း အိုင်ယာလန်နိုင်ငံ၊ ဝေလနိုင်ငံနှင့် စကော့တလန်နိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ဗြိတိန်မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

"နွေရာသီကာလတစ်လျှောက်လုံး အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်တွေ စံချိန်တင်မြင့်တက်ခဲ့ပါတယ်။ လေဖိအားမြင့်တက်ခဲ့ပြီးတော့ အင်္ဂလန်နိုင်ငံအတွင်းမှာ မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ အပူချိန်မြင့်တက်မှုတွေကြောင့် မိုးခေါင်နိုင်သည့် အခြေအနေမျိုးဖြစ်ခဲ့ပေမဲ့လဲ ရာသီဥတုရုတ်တရက် ပြောင်းလဲပြီးတော့ မိုးရွာ သွန်းလာခဲ့ခြင်းဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုက အလွန်ကို မြန်ဆန်နေပါတယ်။ ဇူလိုင် ၂၀ ရက်ကတည်းက ရာသီဥတုပြောင်းလဲလာနိုင်တဲ့ လက္ခဏာတွေဖြစ်ပေါ်ခဲ့တယ်။ တိုင်းတာရရှိထားတဲ့ အချက်အလက်တွေအတိုင်းပဲ ရုတ်တရက်မိုးရွာသွန်းခဲ့ပြီးတော့ မြစ်ရေလျှံတက်ရင် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု ဗြိတိန်မိုးလေဝသဌာနမှ တာဝန်ရှိသူ စတိဝယ်လင်တန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

## ချီလီနိုင်ငံတွင် အားကောင်းသောမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် သေဆုံးသူ ၁၃ ဦးထိရှိပြီး လေးဦးပျောက်ဆုံးနေ

ဆန်တီယာဂို ဇူလိုင် ၂၃

ချီလီနိုင်ငံတွင် ဇူလိုင် ၂၂ ရက်က အားကောင်းသည့်မုန်တိုင်းဝင်ရောက် တိုက်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် သေဆုံးသူ ၁၃ ဦးရှိပြီး လေးဦးမှာပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် ချီလီနိုင်ငံ၏ဒေသ ၁၀ ခုကို ထိခိုက်စေခဲ့ပြီး လူပေါင်း ၆၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရာချထားရကာ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးဝန်ဆောင်မှုဌာန၏ အမျိုးသား ညွှန်ကြားရေးမှူး အလီစီယာဆီဘရီယန်က ပြောကြားခဲ့သည်။ မုန်တိုင်းကြောင့် အိမ်ခြေ



၂၄၄၅၆ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ၎င်းတို့အနက် အိမ်ခြေအလုံး ၁၀၀ မှာ လုံးဝပျက်စီးသွားကြောင်းလည်း သိရသည်။

လက်ရှိတွင် မိုးရွာသွန်းမှုများ ရပ်တန့်နေပြီဖြစ်သော်လည်း သစ်ပင်များ ကျိုးကျမှုကြောင့် လမ်းတချို့ ပိတ်ဆို့နေဆဲဖြစ်ကာ မြစ်ချောင်းများတွင်လည်း ရေမျက်နှာပြင် မြင့်မားနေဆဲဖြစ်သဖြင့် ဒေသခံများကို သတိထားနေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

Ref : Sputnik News

Trs : KZ

## တောင်အာဖရိကနိုင်ငံက ကျားသစ်ခြောက်ကောင်ကို ဇမ်ဘီယာသဘာဝထိန်းသိမ်းရေးနယ်မြေသို့ ရွှေ့ပြောင်း

ပရီတိုးရီးယား ဇူလိုင် ၂၃

သဘာဝဂေဟစနစ် ပြန်လည်ရှင်သန်လာစေရန်နှင့် မျိုးသုဉ်းသွားခဲ့သည့် သားရဲမျိုးစိတ်များကို ပြန်လည်ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ တောင်အာဖရိကနိုင်ငံသည် ကျားသစ်ခြောက်ကောင်ကိုဇမ်ဘီယာနိုင်ငံရှိ လွမ်ဂွာသဘာဝထိန်းသိမ်းရေး နယ်မြေသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း မျိုးသုဉ်းရန် အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးအဖွဲ့ (EWT) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ လွမ်ဂွာသဘာဝထိန်းသိမ်းရေးနယ်မြေတွင် ကျားသစ်များမှာ ဆယ်စုနှစ်သုံးခုနီးပါး ပျောက်ကွယ်နေခဲ့ကြောင်း၊ ယခု ရွှေ့ပြောင်းပေးမည့် ဇမ်ဘီယာနိုင်ငံ၏ အမျိုးသားဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန်ဌာနက ဒေသတွင်းနှင့် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် သားရဲမျိုးစိတ်များကို ပြန်လည်ထိန်းသိမ်းရေး အစီအစဉ်၏ ပထမအဆင့်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်သည် ကျားသစ်မျိုးစိတ်ကို ပြန်လည်တိုးပွားစေရန် သာမက ဒေသ၏ ဂေဟစနစ်ဟန်ချက်ကို ပြန်လည်ထိန်းညှိနိုင်ရန်လည်းဖြစ်သည်။

ရွှေ့ပြောင်းခဲ့သည့် ကျားသစ်ခြောက်ကောင်တွင် အထီးသုံးကောင်နှင့် အမသုံးကောင်ပါဝင်ပြီး တောင်အာဖရိကနိုင်ငံက ဇမ်ဘီယာနိုင်ငံသို့ မပို့ဆောင်မီ တိရစ္ဆာန်ဆေးစစ်မှုများ ပြုလုပ်ကာ မျိုးပွားနိုင်စွမ်းနှင့် ကျန်းမာရေးအခြေအနေတို့ကို သေချာသုံးသပ်ရွေးချယ်ခဲ့ပြီး သီးခြားထိန်းသိမ်း စောင့်ရှောက်ထားခဲ့ကြောင်း သိရသည်။

ဇမ်ဘီယာနိုင်ငံသို့ ရောက်ရှိပြီးနောက် ကျားသစ်များကို ဟက်တာ ၂၀၀၀ ကျယ်ဝန်းသည့် ဘေးမဲ့နယ်မြေအတွင်း ယာယီလွှတ်ပေးမည်ဖြစ်ပြီး ပတ်ဝန်းကျင်အသစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ နယ်မြေသတ်မှတ်နေထိုင်နိုင်စေရန်နှင့် သဘာဝအတိုင်း အမဲလိုက်နိုင်စေရန် အချိန်ယူစောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## အမေရိကန် အနောက်ဗာဂျီးနီးယားပြည်နယ်အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေ

ဝါရှင်တန် ဇူလိုင် ၂၃

အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားပြည်နယ် အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း အနောက်ဗာဂျီးနီးယားပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုသည် အနောက်ဗာဂျီးနီးယားပြည်နယ် သက်တမ်းတစ်လျှောက် အဆိုးရွားဆုံး ရေကြီးရေလျှံမှုအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုဖြစ်သည့်အတွက် ကယ်ဆယ်ရေး ဝန်ထမ်းအမြောက်အမြား စေလွှတ်ထားကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ကောင်တီပေါင်း ၅၅ ကောင်တီထိရှိနေပြီး လမ်းမကြီးတချို့ ရေလွှမ်းနေကာ မော်တော်ယာဉ်တချို့လည်း ရေစီးနှင့်မျောပါသွားခဲ့ကြောင်း၊ ရေလွှမ်းနေသည့် လမ်းမကြီးများကိုလည်း ယာယီပိတ်ထားပြီး ရေလွှမ်းနေသည့် လမ်းများကို အသုံးမပြုရန်လည်း တားမြစ်ထားကြောင်း သိရသည်။

"အနောက်ဗာဂျီးနီးယားပြည်နယ် အလယ်ပိုင်းမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးတော့ လေပြင်းပါ တိုက်ခတ်နေပါတယ်။ မိုးရေချိန်မြင့်မားတဲ့အတွက် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုဟာ အနောက်ဗာဂျီးနီးယားပြည်နယ် သက်တမ်းတစ်လျှောက် အဆိုးရွားဆုံး ရေကြီးရေလျှံမှုအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ရေကြီးရေလျှံမှုအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ကောင်တီ ၅၅ ကောင်တီထိရှိနေပါတယ်။ ဒေသခံတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ အန္တရာယ်ရှိတဲ့အတွက် အရေးပေါ်အခြေအနေ သတ်မှတ်ထားပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်း အမြောက်အမြားကိုလဲ စေလွှတ်ထားပါတယ်"ဟု အနောက်ဗာဂျီးနီးယားပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၁၁၉၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၉၉၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ လက်ဖက်ကို ဟုမ္မလင်းမြို့နယ်က အများဆုံးစိုက်ကြတာပါ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ လက်ဖက် ၁၁၉၆၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၁၁၉၉၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ဖက်စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ခုတ ခုတ်ကြွင်း အနည်းဆုံးဖြစ်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် လက်ဖက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက၂၉၀၊ ခန္တီးခရိုင်တွင် ၂၈၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၉၄၂၈ ဧက၊ နာဂဒေသတွင် ၉၄၄ ဧက၊ ကသာခရိုင်တွင် ၄၈၇ ဧက၊ ကောလင်းခရိုင်တွင် ၅၆၄ ဧက စုစုပေါင်း ၁၁၉၉၈ ဧကဖြစ်ကြောင်း သိရသည်။

လက်ဖက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် လက်ဖက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် ချောင်းနားကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဇူလိုင် ၂၃**


ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချောင်းနားကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ချောင်းနားကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေကျပ် ၂၉ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ချောင်းနားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၁၈ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၉ ဒသမ ၅ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် နှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ရန်ပုံငွေကျပ် ၂၉ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး VRFP စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်ထံမှ သိရသည်။

သုတ

**စာပေမြင့်မှ လူမျိုးတင့်မည်**










## အမည်မှန်

မြစ်သားမြို့၊ အထက(မြို့မ)ကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးဂေရှိန်း(၄/မတန(နိုင်)၀၂၅၁၉၉)၏သား မောင်ရှိန်းခါဂေ (ခ) မောင်ဇော်လင်းဖြိုး၏ အမည်မှန်မှာ **မောင်ဇော်လင်းဖြိုး** ဖြစ်ပါကြောင်း။

**မောင်ဇော်လင်းဖြိုး**

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်နေ မောင်စိုးအောင်(၁၃/လရန(နိုင်)၁၈၈၂၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-990658)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-268103133**

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်နေ မခင်သီတာမြင့်(၁၃/လရန(နိုင်)၂၂၂၅၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-359787)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-671526667**

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်နေ မောင်လင်းအောင်(၁၃/လရန(နိုင်)၂၂၁၉၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-680139)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-403748805**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်နေ (ဘ) ဦးအောင်ဆန်းကို(၅/ရဥန(နိုင်)၁၀၀၅၆၈)၏သား မောင်ထက်ရဲဖုန်းမြတ်အောင်အား **မောင်ထက်ယံဘုန်းမြတ်အောင်**ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထက်ယံဘုန်းမြတ်အောင်**

### ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ်ကျေးရွာအုပ်စု၊ သရက်ချဉ်ကျေးရွာနေ မောင်မျိုးဌေး (ဘ) ဦးပု(၈/စလန(နိုင်)၁၁၃၁၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-440228301**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆/ခ)ဦးပိုင်အမှတ်(၁၁၄)ရှိ ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဒေါ်အေးအေးခိုင်(၉/မခန(နိုင်)၀၂၄၈၂၃) ကိုင်ဆောင်သူမှ အလျား(၂၁'-၆")၊ အနံ(၃၂'-၀")ရှိ Ironframe (၂)ထပ်နှင့် အလျား (၁၂၀'-၉"၊ အမြင့် ၅'-၆" ရှိ အုတ်ဝန်းခြံ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့် ဝန်းခြံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း

မတ္တရာမြို့နယ်၊ မြွေကတိုးဆိပ်ရွာနေ အိန္ဒြာဗိုလ်သွယ်(၉/မတရ(နိုင်)၁၈၈၈၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-696499)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-987080214**




“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

- နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲကျော်အလိုတွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

စာမျက်နှာ - ၂၁

# မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားပြန်လည်ရရှိ

မန္တလေး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်နှင့် မြို့နယ်ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော မတ္တရာမြို့နယ် ဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်းများသည် အကြောင်းအမျိုးမျိုးကြောင့် ပြတ်တောက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော်လည်း လျှပ်စစ်ဓာတ်အားရရှိရေးကို အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ဓာတ်အားပြန်လည်ရရှိပြီဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ☆






မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက မတ္တရာမြို့နယ် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားကို စက်ခလုတ်နှိပ်၍ ဓာတ်အားလွှတ်ပေးစဉ်။



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်

စာမျက်နှာ ၂၃ ကော်လံ ၁ ◆

## မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း နန်းခွင်-ဟိုပင်ဘူတာအကြား မြန်မာ့မီးရထားပိုင် ရထားသံလမ်းထိန်းကလစ်များ ခိုးယူဖျက်ဆီးမှုကြောင့် ရထားလမ်းလုံခြုံရေးကင်းလှည့်ရထား လမ်းချော်ကျမှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၂၃

ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၃၇ မိနစ်တွင် မြစ်ကြီးနား–မိုးညှင်းလမ်းပိုင်း ဟိုပင်မြို့နယ် နန်းခွင်ဘူတာမှ ထွက်ခွာလာသော ရထားလမ်းလုံခြုံရေးကင်းလှည့်ရထားသည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နန်းခွင်နှင့်ဟိုပင်ဘူတာကြား

စာမျက်နှာ ၂၂ ကော်လံ ၁ ❑




လမ်းချော်ကျမှုဖြစ်ပွားသည့် လုံခြုံရေးကင်းလှည့်ရထားကို ပြန်လည်မတင်နေစဉ်။

## ကလေးမြို့နှင့် မန္တလေးမြို့တို့တွင် ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၅ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၃

ကလေးမြို့နှင့်မန္တလေးမြို့တို့တွင်ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၅ သိန်းကျော် ဖမ်းဆီးရမိပြီး တရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက်

စာမျက်နှာ ၂၁ ကော်လံ ၄ ❖



## ဖောင်ပိတ်သတင်း

### တက်စလာ၏ အလိုအလျောက်မောင်းစနစ် EU ၌ အသုံးပြုခွင့်ရရှိရေး ပြင်သစ် ကန့်ကွက်

အမ်စတာဒမ် ဇူလိုင် ၂၄

တက်စလာ(Tesla)ကုမ္ပဏီ၏ Full Self-Driving (FSD) အလိုအလျောက် ယာဉ်မောင်းအကူစနစ်ကို ဥရောပသမဂ္ဂ(EU) လမ်းမများပေါ်တွင် အသုံးပြုခွင့်ပေးရန် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် ကန့်ကွက်သွားမည်ဟု ပြင်သစ်ပို့ဆောင်ရေးဝန်ကြီး ဖိလစ်ပီတာဘာရော့က ထုတ်ဖော်ပြောကြားလိုက်သည်။

စာမျက်နှာ ၁၇ ကော်လံ ၄ ✱